

# “အနာဂါတ်မှာဘယ် လိုရှင်သန်ရမလဲ”

## ကရင်နီပြည်နယ်မှ ရက်စက်ကြမ်း ကြုတ်သော ရာဇဝတ်မှုများ

ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG)၊ ကရင်နီအမျိုးသမီး အစည်းအရုံး (KNWO) ကယန်းအမျိုးသမီးအစည်းအရုံး (KyWO) နှင့် ကယားပြည်နယ် ငြိမ်းချမ်းရေးလေ့လာ စောင့်ကြည့်ရေးအဖွဲ့ (KSPMN) တို့မှ ပူးပေါင်းရေးသားသည့် အစီရင်ခံစာ။

ဤအစီရင်ခံစာတွင် အကြမ်းဖက်မှုရုပ်ပုံများ အပါအဝင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများ ပါဝင်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ

# မာတိကာ


**အနှစ်ချုပ်** **5**

**နံပါတ်များဖြင့် အစီရင်ခံခြင်း** **7**

**နိုင်ငံတကာအသိုက်အဝန်းသို့ တိုက်တွန်းချက်များ** **10**

**နည်းလမ်းများနှင့် စိန်ခေါ်မှုများ** **11**

စိန်ခေါ်မှုများ 13

**နောက်ခံ အခြေအနေ** **15**

အာဏာသိမ်းရန်ကြိုးပမ်းမှု 17

**ကရင်နီပြည်နယ်အခြေအနေ ခြုံငုံသုံးသပ်ချက်** **20**

**ကရင်နီပြည်နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုများ** **24**

ပဋိပက္ခနှင့် သက်ဆိုင်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ 24

မတရားဖမ်းဆီးထိန်းသိမ်းမှုများ 26

ညှင်းပန်းနှိပ်စက်မှုများနှင့် ရက်စက်စွာဆက်ဆံခြင်းများ 30

စစ်တပ်၏ထိန်းချုပ်မှုအောက်တွင် သတ်ဖြတ်ခံရခြင်း 31

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု 32

အဓမ္မလုပ်အားပေးစေခိုင်းခြင်းနှင့် လူသားဒိုင်းများအသုံးပြုခြင်း 34

စာသင်ကျောင်းများတွင် ဗမာစစ်တပ်များနေရာချထားခြင်း 39

လက်နက်ကြီးများနှင့် သေနတ်များပြစ်ခတ်ခြင်း 40

လေကြောင်းတိုက်ခိုက်မှုများ 42

ဘာသာရေးအဆောက်အဦးများနှင့် ဆေးခန်းများအားတိုက်ခိုက်ခြင်း 45

မြေမြှုပ်မိုင်း အသုံးပြုခြင်း 47

လူနေအိမ်များအား ဖျက်စီးခြင်း 51

လုပ်ယက်ခြင်း 55

အစမ္မရွှေ့ပြောင်းစေခြင်း 55

လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ဟန့်တားခြင်း 58

အစားအစာရှားပါးမှုနှင့် အသက်မွေးဝမ်းကြောင်းလက်လှမ်းမီမှု 60

ရွှေ့ပြောင်းစစ်ရှောင် ကလေးငယ်များနှင့် အမျိုးသမီးများ၏ လိုအပ်ချက် 61

ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှု 63

ပညာရေးလက်လှမ်းမီမှု 65

**အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်နှင့် လေ့လာသုံးသပ်ချက် 67**

နိုင်ငံတကာ ရာဇဝတ်တရားရုံး၏ တရားစီရင်ခွင့် 67

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနားထောက်ထားမှု ဥပဒေ 68

စစ်ရာဇဝတ်မှုများ 69

လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သော ရာဇဝတ်မှု 70

**ဥပဒေ သုံးသပ်ချက် 73**

အရပ်သားများအား တိုက်ခိုက်သည့် စစ်ရာဇဝတ်မှု 73

ကာကွယ်ထားသော အဆောက်အအဦးများအား တိုက်ခိုက်မှု 74

လုယက်ခြင်း စစ်ရာဇဝတ်မှု 76

စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများမြောက်သည့်သတ်ဖြတ်မှုများ 76

လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုတစ်ခုအဖြစ် လွတ်လပ်မှုအား မတရားချုပ်နှောင်ခြင်း 77

စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုမြောက်သော ညှင်းပန်းနှိပ်စက်မှု 78

စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သော ဇာရဝတ်မှုများမြောက်သည့် အစမ္မစေခိုင်းမှုနှင့် လူသာဒိုင်းအသုံးပြုမှုများ 78

မြေမြှုပ်မိုင်းအသုံးပြုခြင်း စစ်ရာဇဝတ်မှု 80

စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုမြောက်သော အတင်းအကျပ် ရွှေ့ပြောင်း စေမှု 81

**အနှစ်ချုပ်နှင့် အကြံပြုချက်များ 83**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ 84

နိုင်ငံတကာအသိုက်အဝန်းများသို့ 85

အားဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများသို့ 86

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) သို့ 87

**Acknowledgement 88**

# အနှစ်ချုပ်

ကျွန်တော်တို့ရွာက စစ်တလင်းဖြစ်သွားပြီ။ ထွက်ပြေးတိမ်းရှောင်နေရတယ်။ ကျွန်တော်တို့ IDP ဖြစ်နေပြီ၊ အခက်အခဲတွေလည်း အများကြီးဘဲ။ ကောင်းကောင်းမွန်မွန်မနေရဘူး။ ကောင်းကောင်းလည်း မစားရဘူး၊ ဆေးကုသလို့လည်းမရဘူး။ စစ်သားတွေ ရွာထဲဝင်လာပြီး ပစ္စည်းတွေယူသွားကြတယ်။ အိမ်တွေလည်း မီးရှို့သွားကြတယ်။ အိမ်ကိုလည်းလွမ်းတယ်၊ ရွာကိုလည်းလွမ်းတယ်။ အိမ်ပြန်ပြီးတော့ နေချင်တာပေါ့။ အဲ့လိုပြန်ပြီးမနေချင်တဲ့လူ ရှိပါ့မလား။

(ဒီမော်ဆိုမြို့နယ်မှ စစ်ရှောင်ပြည်သူ တစ်ဦး)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ စစ်တပ်၏ အာဏာသိမ်းရန်ကြိုးစားမှုအပြီး တစ်နိုင်ငံလုံးတွင် ပြုလုပ်ခဲ့သော ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများတွင် ကရင်နီပြည်နယ်မှ ပြည်သူများလည်း ပါဝင်ခဲ့ကြသည်။ ငြိမ်းချမ်းစွာဆန္ဒ ထုတ်ဖော်သူများအား စစ်တပ်မှအကြမ်းဖက်ဖြိုခွင်းပြီး သတ်ဖြတ်ခဲ့ပြီးနောက်တွင် ကရင်နီပြည်မှ လူငယ်များမှ အတားအဆီး များပြုလုပ်ခြင်း၊ လမ်းများအား ပိတ်ဆို့တားဆီးခြင်းနှင့် မိမိကိုယ်ကိုကာကွယ်ရန်အတွက် လက်နက်ကိုင် ဆောင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ အချို့လူငယ်များသည် Karenni Nationalities Defense Forces (KNDF) သို့ ဝင်ရောက်ခဲ့ကြပြီး အချို့မှာ ဒေသတွင်းရှိ People Defense Forces (PDFs) များသို့ ဝင်ရောက်ပူးပေါင်းခဲ့ကြသည်။

၂၀၂၁ ခုနှစ် မေ လ မှ စတင်ကာ စစ်တပ်အနေဖြင့် ကရင်နီပြည်နယ်အတွင်း နယ်မြေထိန်းချုပ်မှုရယူနိုင်ရန်အတွက် စစ်အင်အားတိုးချဲ့မှုများကို အမြန်လုပ်ဆောင်ခဲ့သည်။ ကရင်နီပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ထိစပ်နယ်မြေများတွင် အင်အားတိုးချဲ့ချထားမှုများ ပုံမှန်ပြုလုပ်လာခဲ့သည်။ ထိုတစ်ချိန်တည်းတွင် ဗမာစစ်တပ်မှ အင်မတန်ပြင်းထန်သော သောင်းကျန်းသူနှိမ်နင်းရေးဗျူဟာတစ်ခုဖြစ်သည့် “ဖြတ်-၄-ဖြတ်”ကို ဆောင်ရွက်ခဲ့သည်။ ဤလုပ်ဆောင်မှုများသည် အရပ်သားများအား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို ထောက်ပံပေးနေသူများဟု ပြစ်မှတ်ထားကာ အခြေခံလိုအပ်ချက် (၄) ခုဖြစ်သည့် အစားအစာ၊ ငွေကြေး၊ သတင်းအချက်အလက်များနှင့် လူသစ်စုဆောင်းမှုများကို ဖြတ်တောက်ရန်ရည်ရွယ်သည်။

ဤစုပေါင်းတုန့်ပြန်သည့်အနေဖြင့် နည်းဗျူဟာအရ ကရင်နီပြည်နယ်အတွင်းရှိရွာများအား သိမ်းပိုက်ပြီး ပြည်သူပိုင်အခြေခံအဆောက်အဦးများအား ဖျက်ဆီးခြင်း၊ ယာယီစခန်းချခြင်းနှင့်ရွာ

ဝန်းကျင်တွင် မြေမြှုပ်မိုင်းထောင်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထိုရွာများမှ ပြန်လည်ဆုတ်ခွာသည့် အချိန်တွင်လည်း ရွာအားမီးရှို့ဖျက်ဆီးခြင်းများကို ပြုလုပ်ခဲ့ကြသည်။

*ဗမာစစ်တပ်မှ အင်မတန်ပြင်းထန်သော သောင်းကျန်းသူနှိမ်နင်းရေးဗျူဟာ တစ်ခုဖြစ်သည့် "ဖြတ်-၄-ဖြတ်" ကို ဆောင်ရွက်ခဲ့သည်။ ဤလုပ်ဆောင်မှုများသည် အရပ်သားများအား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို ထောက်ပံ့ပေးနေသူများ ဟုပစ်မှတ်ထားကာ အခြေခံလိုအပ်ချက် (၄) ခုဖြစ်သည့်အစားအစာ၊ ငွေကြေး၊ သတင်းအချက်အလက်များနှင့် လူသစ်စုဆောင်းမှုကို ဖြတ်တောက်ရန် ရည်ရွယ်သည်။*

ဤအစီအရင်ခံစာ ပထမပိုင်းတွင် နိုင်ငံတကာလူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဆိုင်ရာဥပဒေ ချိုးဖောက်မှုများစွာကို မှတ်တမ်းတင်ထားသည်။ ဤမှတ်တမ်းတင်မှုများတွင် ကရင်နီပြည်နယ်ရှိ အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်မှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ အရပ်သားများ၏ ပိုင်ဆိုင်မှုများကို ဖျက်ဆီးမှုများ၊ ပြည်သူများအား ဖိအားပေးရွှေ့ပြောင်းစေခိုင်းမှုများ၊ မတရားဖမ်းဆီးထိန်းသိမ်းမှုများ၊ ညှင်းပန်းနှိပ်စက်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကရင်နီပြည်သူများအား ဖိအားပေးလုပ်အား စေခိုင်းမှုများနှင့် လူသားဒိုင်းအဖြစ် အသုံးပြုမှုများပါဝင်သည်။

ထို့အပြင် ကရင်နီပြည်မှ စစ်ရှောင်ပြည်သူ ၁၈၀,၀၀၀ ကျော်မှ တွေ့ဆုံရင်ဆိုင်နေရသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကိုလည်း ဖော်ပြထားသည်။ ကရင်နီပြည်နယ် စုစုပေါင်းလူဦးရေ၏ ၄၀ရာခိုင်နှုန်းကျော်ကျော်မှာ ဖိအားပေးမှုကြောင့်ရွှေ့ပြောင်းနေထိုင်နေကြရပြီး အများစုမှာ ကလေးငယ်များနှင့် အမျိုးသမီးများဖြစ်ကြသည်။ လွိုင်ကော်၊ ဖရူဆို၊ ဒီမော်ဆို၊ ရှားတောနှင့် ဖယ်ခုံမြို့နယ် (၅)ခုတွင် အားလုံးနီးပါး စွန့်ခွာခဲ့သည့် အခြေအနေမျိုးဖြစ်ခဲ့သည်။ ယခင်ကြုံတွေ့ခဲ့သည့် အကြမ်းဖက်မှုများကြောင့်ရရှိသည့် စိတ်ဒဏ်ရာများအပြင် အသစ်ထပ်မံ ရောက်ရှိလာမည့် အကြမ်းဖက်မှုများကိုစစ်ရှောင်ပြည်သူများမှ စိုးရိမ်ကြောက်လန့်နေကြသည်။ ဤစစ်ရှောင်ပြည်သူများသည်အကြိမ်ပေါင်းများစွာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြပြီး ဖြစ်သည်။ စစ်ရှောင်များမှာ စစ်တပ်မှကရင်နီပြည်နယ်ရှိ မြို့ရွာများနှင့် စစ်ရှောင်စခန်းများကို အင်အားဖြင့် တိုက်ခိုက်မှုများကို ဆက်တိုက်ကြုံတွေ့နေရသည်။ စစ်ရှောင်အများစု၏ နေအိမ်များဖျက်စီးခံခဲ့ရပြီး ပြန်စရာအိမ် မရှိသည့် အခြေနေမျိုးနှင့် ရင်ဆိုင်နေရသည်။ အနာဂါတ်၏ မသေချာမှုများနှင့် ရင်ဆိုင်နေရသဖြင့် မျှော်လင့်ချက်ထားရှိရန်လည်း ပိုမိုခက်ခဲသည့်အနေအထား သို့ သွတ်သွင်းခံနေရသည်။

ဤအစီရင်ခံစာ၏ ဒုတိယအပိုင်းတွင် ဒေသတွင်းအခြေအနေများကို ဥပဒေအကြောင်းအရ သုံးသပ်မှုများကို ဖော်ပြထားသည်။ အတိုချုပ်အနေဖြင့် စစ်တပ်မှ အရပ်သားများအား တိုက်ခိုက်ခြင်း၊ ကာကွယ်ထားသော အဆောက် အဦးများအား တိုက်ခိုက်ခြင်း၊ အကြမ်းဖက်ဓားပြတိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ဆက်ဆံခြင်းနှင့် ကရင်နီပြည်သူများအား ဖိအားပေးရွှေ့ပြောင်းစေခြင်းစသည့် စစ်ရာဇဝတ်မှုများကိုကျူး လွန်ထားသည်။ ထို့အပြင် စစ်တပ်အနေဖြင့် အကျဉ်းချခြင်း သို့မဟုတ် လွတ်လပ်မှုအားမတရားသော နည်းလမ်းဖြင့်ကန့်သတ်ထိန်းချုပ်ခြင်း၊ သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ကျွန်အဖြစ်စေခိုင်းခြင်း၊ အခြားလူမဆန်သည့် လုပ်ရပ်များအား ပြုလုပ်စေခြင်းနှင့် အဓမ္မရွှေ့ပြောင်းစေခြင်းစသည့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကိုနိုင်လည်းအရပ်သားများပေါ် မြန်မာတစ်နိုင်ငံလုံးတွင်အင်အားစိုက်ထုတ်ကျူးလွန်ထားသည်ဟု ယူဆနိုင်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းမှ ဥပဒေလမ်းကြောင်းအရအပြင် ကျင့်ဝတ်ဆိုင်ရာတာဝန်ဝတ္တရားများ ရှိသော်ငြားလည်း မြန်မာစစ်တပ်အား တာဝန်ခံစေမှုမရှိသေးသည့်အတွက် မြန်မာစစ်တပ်အနေဖြင့် ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကိုကျူးလွန်ပြီး အပြင်ကင်းလွတ်ခွင့်ရရှိနေသည်ကို တွေ့ရသည်။ မြန်မာစစ်တပ်အတွင်းမှ ကျူးလွန်သူတစ်ယောက်ချင်းစီအား ၎င်းတို့၏ လုပ်ရပ်များကို တာဝန်ခံသည့် အခြေအနေမျိုး ဖြစ်လာရန်အတွက် အရေးကြီးသည့် အဆင့်များစွာကို လုပ်ဆောင်ရန် လိုအပ်နေသည်။ ကျူးလွန်ခံခဲ့ရသည့် ပြည်သူထောင်ပေါင်းများစွာမှ တရားမျှတမှုနှင့် ပြန်လည်ပြုပြင်ရေး လမ်းကြောင်းပေါ်သို့ ရောက်လာရန် နိုင်ငံတကာရာဇဝတ်မှုရုံး (ICC) သို့ လွှဲပြောင်းထားခြင်းလည်း အရေးကြီးသည့်အချက်တွင် ပါဝင်သည်။ တရားမျှတမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲကရင်နီ ပြည်နယ်တွင် ရေရှည်တည်တန့်သည့် ငြိမ်းချမ်းရေးမရနိုင်ပါ။

စစ်အစိုးရမှ သတ်ဖြတ်မည်ကို နေ့စဉ်စိုးရိမ်နေရသည့် ထောင်ပေါင်းများစွာသော အရပ်သားများကို ကာကွယ်နိုင်ရန် “သံတမန်ရေးရာ ကြေငြာချက်”ထက်ပိုသည့် လုပ်ဆောင်မှုများကို ပြုလုပ်ပါရန် နိုင်ငံတကာအသိုင်းအဝိုင်းကို တိုက်တွန်းလိုသည်။ မြန်မာစစ်တပ်အား နိုင်ငံတကာမှ ညှိနှိုင်းဆွေးနွေးပြီး လက်နက်များပိတ်ဆို့ခြင်းနှင့် အရပ်သားများအား တိုက်ခိုက်ဖျက်ဆီးနေသည့် လေကြောင်းတိုက်ခိုက်မှုများကို ဟန့်တားနိုင်ရန် လေကြောင်းလောင်စာဝယ်ယူမှုများ ကိုပိတ်ဆို့ရန် လည်းပါဝင်သည်။

# နံပါတ်များဖြင့် အစီရင်ခံခြင်း

*၂၀၂၁ ခုနှစ် မေ လမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း အောက်ပါ အချက်အလက်များကို မှတ်တမ်းတင်နိုင်ခဲ့သည်။*

**၂၀၂၁ ခုနှစ် မေလ မှ စ၍ ကရင်နီပြည်နယ်ရှိ လူဦးရေ စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် ၁၈၀,၀၀၀ ကျော် အဓမ္မရွှေ့ပြောင်းခြင်းခံခဲ့ရသည်။**

**လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် အနည်းဆုံး ကရင်နီအရပ်သား ၈၅ ခန့်သေဆုံး ခဲ့သည်။ တိုက်ပွဲများကြားတွင် သေဆုံးသူ ၂၄၀ ကျော် ဒဏ်ရာရှိခဲ့သည်။**

**၂၀၂၁ မေလ** — **၂၀၂၂ စက်တင်ဘာလ**

ဖရူဆို၊ ဒီမော်ဆိုနှင့် လွိုင်ကော်မြို့နယ်များတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကလေးငယ် ၃ဦး အပါအဝင် ၆ ဦး နှင့်အထက် သေဆုံးခဲ့ပြီး ၉ ဦး ဒဏ်ရာရှိခဲ့သည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှု ၂၂ ကြိမ်ထက်မနည်းဖြစ်ပွားခဲ့ပြီး အရပ်သား ၄ ဦး သေဆုံးခဲ့ကာ ကလေးငယ်များအပါအဝင် ၇၀ ဦးခန့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ကလေးငယ်များနှင့် အမျိုးသမီးအပါအဝင် ၆၅ ဦးနှင့်အထက်ကို စစ်တပ်မှ ဖမ်းဆီးကာ အဓမ္မ လုပ်အားပေး စေခိုင်းခြင်းနှင့် လူသားဒိုင်းအဖြစ်စေခိုင်းခြင်းမျိုးကို လုပ်ဆောင်ခဲ့သည်။ လူသားဒိုင်း အဖြစ် စေခိုင်းနေစဉ် ၄ ဦးခန့် သေဆုံးခဲ့သည်။

အမျိုးသမီး ၃၃ ဦးအပါအဝင် အရပ်သား **၂၆၀** ကျော် အဓမ္မထိန်းသိမ်း ဖမ်းဆီးခံခဲ့ရသည်။

ဖမ်းဆီးချုပ်နှောင်ထားစဉ်အတွင်း မတရားသတ်ဖြတ်မှုများကြောင့် အရပ်သား **၁၁၅** ဦးခန့်သေဆုံးခဲ့သည်။ ဖရူဆို၊ ဒီမော်ဆိုနှင့် လွိုင်ကော်မြို့နယ်များတွင် **အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ၃ ကြိမ်** စစ်တပ်မှ ကျူးလွန်ခဲ့သည်။

**၁၁၉၀**

ကရင်နီပြည်နယ်ရှိ မြို့ ရပ်ကွက်နှင့် ရွာပေါင်း ၈၇ တွင် အိမ်ပေါင်း ၁၁၉၀ အိမ်ကို စစ်တပ်မှ ကြီးမားစွာဖျက်ဆီး (သို့) လုံးဝ ဖျက်ဆီးခြင်းခံခဲ့ရသည်။

**၃၃**

ဘာသာရေးအဆောက်အဦး ၃၃ ခုနှင့် ဆေးခန်း ၄ ခု ခန့်အား စစ်တပ်မှ ကြီးမားစွာ (သို့) လုံးဝ ဖျက်ဆီးခဲ့သည်။

**အောက်ပါ မြို့နယ်များနှင့် ကျေးရွာများကို စစ်တပ်မှ ကြီးမားစွာဖျက်စီးခဲ့သည်။**

*နိုင်ငံတကာအသိုက်အဝန်းသို့ တိုက်တွန်းချက်များ*




ကရင်နီပြည်နယ်၏ မြို့တော်
လွိုင်ကော်မြို့နယ်မှ လူဦးရေ
**၈၅ ရာခိုင်နှုန်းကျော်**
သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင်
ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

၁။ UNHCR 1325 ကြေငြာချက်တွင်ပါရှိသည့်အချက်များနှင့်အညီ မြန်မာနိုင်ငံတွင်ပဋိပက္ခများနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ကျား-မ ရေးရာအမြင်ထည့်သွင်းစဉ်းစား ပြီးကူညီတုန့်ပြန်ရန်။ ကလေးငယ်များနှင့် အမျိုးသမီးများ၏အခွင့်အရေးများ၊ လိင်အခြေပြု အကြမ်းဖက်မှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အမျိုးသမီးများ၏ တန်းတူညီမျှပါဝင်ခွင့်နှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်များတွင် ပါဝင်ခွင့်၊ ကလေးငယ်များနှင့် အမျိုးသမီးများ၏ ပြန်လည်ထူထောင်ရေးများကို အထူးအလေးပေး ထည့်သွင်းစဉ်းစားရန်။

၂။ ကရင်နီဒေသတွင်း လူ့အခွင့်အရေးအခြေအနေများနှင့် လူသားချင်းစာနာမှု အကျပ်အတည်းနှင့် ပက်သက်သည့် တိကျပြီးနောက်ဆုံး အခြေအနေများကို သိရှိနားလည်ရန် ဒေသတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်။

၃။ စစ်အစိုးရနှင့် နားလည်မှုစာချွန်လွှာရေးထိုးရန်လိုအပ်သည့် နိုင်ငံတကာအဖွဲ့အစည်း၊ စနစ်များမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ ပေးပို့ခြင်းကိုရှောင်ကြဉ်ရန်။ ကရင်နီပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများဆီသို့ ပိုမိုထိရောက်စွာရောက်ရှိရန်နှင့် ရုံးကုန်ကျစရိတ်များ သက်သာစေရန်၊ နယ်စပ်ဖြတ်ကျော်ပြီး လူသားချင်းစာနာမှုအထောက်အပံ့များကို ဒေသခံရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများကို တိုက်ရိုက်ထောက်ပံ့ပေးရန်။

၄။ ကရင်နီဒေသအတွင်းရှိ စစ်ရှောင်ပြည်သူများ၏ အောက်ဖော်ပြပါ လိုအပ်ချက်များကို ကူညီနိုင်ရန်အတွက် ဒေသခံရပ်ရွာအခြေပြုအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများကိုတိုက်ရိုက်ထောက်ပံ့ပေးရန်။

- အာဟာရပြည့်ဝသည့် အစားအစာ၊ သန့်ရှင်းသောရေ၊ ခိုလှုံစရာ အမိုးအကာများနှင့် မိလ္လာစနစ် များအတွက်ပစ္စည်းများ။

- ကျန်းမာရေးအထောက်အပံ့များ၊ အမျိုးသမီးများအတွက် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာ ရေးဝန်ဆောင်မှုများ၊ ကလေးငယ်များအားတိုက်ကျွေးရန် အာဟာရများ၊ ဆေးဝါးများနှင့် ဆေးအထောက်အပံများ၊ တစ်ကိုယ်ရေသုံး သန့်ရှင်း

ရေးပစ္စည်းများနှင့် အမျိုးသမီးသုံးပစ္စည်းများ (dignity kits) အပါအဝင်ဆေးဝါးများ နှင့် ဆေးအထောက်အပံ့များ။

• ညှင်းပန်းနှိပ်စက်ခံရသူများ၊ လိင်အကြမ်းဖက်ခံရသူများနှင့် နှင့် လိင်အခြေပြု အကြမ်းဖက်ခံရသူများ အပါအဝင် စစ်ဘေးရှောင်ပြည်သူများအတွက် စိတ်ပိုင်းဆိုင် ရာအထောက်ပံ့များနှင့် စိတ်ဒဏ်ရာ ကုစားပေးမှုများ။

• ဘဝကို အပြောင်းအလဲဖြစ်စေသည့် မသန်စွမ်းမှုများနှင့် ထိခိုက်ဒဏ်ရာရသူများ အတွက် ပြန်လည် ထူထောင်ရေးနှင့် စိတ်ကုထုံးများ။

• ရွှေ့ပြောင်းစခန်းများရှိ အများပြည်သူနေရာများနှင့် ခေတ္တခိုလှုံသည့် နေရာများတွင် အမျိုးသမီးများ၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာအတွက် ထည့်သွင်းစဉ်းစားမှုများ။

• ကလေးငယ်များနှင့် လူငယ်များအတွက် ပညာရေး အထောက်အပံ့များ။

၅။ လူ့အခွင့်အရေး ပညာပေးမှုများနှင့် လူ့အခွင့်အရေး မှတ်တမ်းတင်မှုများအတွက် ဒေသတွင်း အရပ်ဘက်အဖွဲ့ အစည်းများကို ထောက်ပံ့မှုမြှင့်တင်ရန်နှင့် တစ်ချိန်တည်းတွင် လိင်အကြမ်း ဖက်ခံရသူများနှင့် လိင်အခြေပြုအကြမ်းဖက်ခံရသူများအား စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများ ရေရှည် ပြုလုပ်ပေးရန်နှင့် ကြုံတွေ့ခဲ့သည့် အကြမ်းဖက်ခံခဲ့ရမှုများကို ထုတ်ဖော်ပြောဆိုရန်အားပေး တိုက်တွန်းခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း။

၆။ မြန်မာစစ်တပ်နှင့် ခေါင်းဆောင်များ၊ အထူးသဖြင့် Myanmar Oil and Gas Enterprise ကို ဦးတည်ပြီး စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ရန်။

၇။ နိုင်ငံတကာမှ မြန်မာစစ်တပ်၏ လက်နက်ဝယ်ယူမှုများကို ကန့်သတ်ပိတ်ပင်ရန်။

၈။ အရပ်သားများနှင့် စစ်ရှောင်ပြည်သူများအား လေကြောင်းတိုက်ခိုက်မှုကို ကန့်သတ်နိုင်ရန် အတွက် စစ်အစိုးရ၏ လေကြောင်းလောင်စာဝယ်ယူမှုကို ပိတ်ဆို့ရန်။

၉။ နိုင်ငံတကာ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအတွက် အားထုတ်မှုများကို ထောက်ပံ့ရန်-

• ရောမပြဋ္ဌာန်းဥပဒေ (Rome Statute) အပိုဒ်၁၂ (၃) အရ မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ တင်သွင်းထားသည့် မြန်မာနိုင်ငံအတွင်း ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်မှစတင်ကာ ချိုးဖောက်ထားသည့် နိုင်ငံတကာရာဇဝတ်မှုများအား အရေးယူရန်အဆိုကိုအပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး(ICC)မှလက်ခံပေးရန်။

• မြန်မာနိုင်ငံအခြေအနေများနှင့် ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးသို့ ဆုံးဖြတ်ချက်တစ်ခု ပေးပို့ရန်။

• ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးသို့ပေးပို့သည့် ဆုံးဖြတ်ချက်မအောင်မြင်ခဲ့ပါက ကုလသမဂ္ဂအထွေထွေညီလာခံ(သို့မဟုတ်) ကုလသမဂ္ဂလူ့အခွင့်အရေး ညီလာခံမှတဆင့် အရေးပေါ် နိုင်ငံတကာခုံရုံးတစ်ခု ဖန်တီးမှုကို လူသိရှင်ကြားကြေငြာပေးရန်။

• ရာထူးအဆင့်အတန်း အလိုက်မဟုတ်ဘဲ ကရင်နီပြည်နယ်အပါအဝင် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော လူမျိုးသုန်းသတ်ဖြတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေအရ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန် သူများအတွက် မြန်မာနိုင်ငံမှ ကျူးလွန်သူတစ်ယောက်ချင်းစီကို နိုင်ငံတကာ တရားစီရင်ရေးစနစ်အသုံးပြုပြီး စုံစမ်းစစ်ဆေးရန်။

# နည်းလမ်းများနှင့် စိန်ခေါ်မှုများ

ကရင်နီအရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်ကရင်နီလူ့အခွင့်အရေးအဖွဲ့(KnHRG)၊ကယန်း အမျိုးသမီး အစည်းအရုံး (KyWO)၊ ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO)နှင့် ကယားပြည်နယ် ငြိမ်းချမ်းရေးလှေ့လာစောင့်ကြည့်ရေးအဖွဲ့ (KSPMN) တို့ပါဝင်ပြီး မိမိတို့၏ရပ်ဝန်းအတွက် အလုပ်လုပ်ဆောင်နေကြသည်။ ဤအစီရင်ခံစာသည် မြန်မာစစ်တပ်၏ အကြမ်းဖက်မှုများကိုခံစားခဲ့ရသော ကရင်နီပြည်နယ်ရှိ ပြည်သူအားလုံးကိုရည်ရွယ်သည်။

ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံ ကရင်နီပြည်နယ်အတွင်း ၂၀၂၁ ခုနှစ် မေလမှ စတင်ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလ အထိ မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များမှ ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို မှတ်တမ်းတင်ထားပြီး တွေ့ရှိချက်များနှင့် သုံးသပ်ချက်များပါဝင်သည်။ ကျွန်ုပ်တို့ အဖွဲ့အစည်း ၄ ဖွဲ့မှ ကွင်းဆင်း ဆောင်ရွက်သူများက ဤအစီရင်ခံစာပါ သုတေသနကို ဆောင်ရွက်ခဲ့သည်။ ဤကျွမ်းကျင် ကွင်းဆင်းဆောင်ရွက် သူများသည် နယ်မြေအကြောင်း ဗဟုသုတနှင့်အတွေ့အကြုံရှိသောကရင်နီဒေသခံများဖြစ်ကြသည်။ဒေသဘာသာစကားနှင့်ယဉ်ကျေးမှုတူညီသူများဖြစ်ကြပြီး နယ်မြေကျွမ်းကျင်သူများလည်းဖြစ်ကြသည်။စစ်တပ်၏ အကြမ်းဖက်မှုများမှ ကရင်နီအသိုက်အဝန်းအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်ကို ကောင်းမွန်စွာနားလည်ထားသူများလည်း ဖြစ်ကြသည်။

ကနဦး သုတေသနကို တိုက်ပွဲဖြစ်ပွားရာဒေသများအပါအဝင် ကရင်နီပြည်နယ်နှင့် အခြားထိစပ်နေသော ဒေသများတွင် တွေ့ဆုံမေးမြန်းမှုများနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများဖြင့် စတင်ခဲ့သည်။ ဤကဲ့သို့ တွေ့ဆုံမေးမြန်းမှုများသည် အန္တရာယ်ရှိသော်လည်း ပါဝင်ဖြေကြားသူအရပ်သားများ၏ သဘောတူညီမှုကိုရယူပြီး လုံခြုံစိတ်ချသောနေရာများတွင် ကွင်းဆင်း ဝန်ထမ်းများမှ တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။ ကရင်နီပြည်နယ်တွင် ကြုံတွေ့နေရသည့် ထိတ်လန့်စရာ အခြေအနေများကိုလည်း နားလည်နိုင်ရန်ရည်ရွယ်သော ဖြစ်ရပ်လေ့လာမှုများတွင် သူတို့၏အတွေ့အကြုံများကို ထည့်သွင်းဖော်ပြထားသည်။

ကွင်းဆင်းဆောင်ရွက်သူများမှ အခွင့်အရေးချိုးဖောက်ခံရသူများနှင့် မျက်မြင်သက်သေများ၏ ဖော်ပြချက်များကို ဓါတ်ပုံနှင့်တကွ မှတ်တမ်းရယူပြီး စစ်အစိုးရတပ်များ၏ ဖျက်ဆီးခြင်းခံရသော အပျက်အစီးများကို ဗီဒီယိုဖြင့် မှတ်တမ်းယူခဲ့သည်။ တွေ့ဆုံမေးမြန်းနေစဉ်တွင် ကျူးလွန်ခံရသူများမှ စိတ်ဒဏ်ရာရရှိမှုများကို ထပ်မံတူးဆွသကဲ့သို့ မဖြစ်စေရန် အထူးသတိပြု ဆောင်ရွက်

ခဲ့ကြသည်။ လိုအပ်သလို အနားယူခြင်းများပြုလုပ်ခဲ့ပြီး ကွင်းဆင်းဆောင်ရွက် သူများမှ ကိုယ်ချင်းစာနာမှုပြသကာ အားပေးဖေးမမှုများ အလျဉ်းသင့်သလို ဆောင်ရွက်ခဲ့ကြသည်။

ရက်စွဲသီးသန့်ဖော်ပြထားခြင်းမရှိသည့် သတင်းအချက်အလက်များအားလုံးကို မေလ ၂၀၂၁ ခုနှစ်မှ စက်တင်ဘာလ ၂၀၂၂ ခုနှစ်အတွင်း မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဤအစီရင်ခံစာကို အင်္ဂလိပ်ဘာသာပြန်ပြီး တည်းဖြတ်ထုတ်ပြန်ခြင်းမပြုမီ ပါဝင်သောအချက်အလက်များကိုမိမိတို့ ကရင်နီအဖွဲ့အစည်း ၄ ဖွဲ့မှ မြန်မာဘာသာဖြင့် သီးခြားစီ မှတ်တမ်းတင်ခြင်း၊ စီစဉ်ခြင်းနှင့် စီစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဤအစီရင်ခံစာတွင် ပါဝင်သူများကို အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေမျိုးရှိနိုင်သဖြင့် အချို့သော သတင်းအချက်အလက်များကို ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်းဖြစ်သည်။ ကျူးလွန်ခံရသူများ၊ သူတို့၏မိသားစု ဝင်များနှင့်အသိုက်အဝန်းကို စစ်တပ်မှ ထပ်မံထိုးစစ်ဆင်ခြင်းမျိုးရှိနိုင်သဖြင့် ဤအစီရင်ခံစာတွင် ကျူးလွန်ခံရသူများ၏ အမည်များကို အမည်လွှဲများဖြင့်ဖော်ပြထားပြီး ကျေးရွာအမည်များကိုလည်း ပြင်ဆင်ဖော်ပြထားပါသည်။

ဤအစီရင်ခံစာတွင်ပါဝင်သော လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများသည် မြန်မာနိုင်ငံတွင် ရှည်ကြာစွာ ဖြစ်ပွားခဲ့သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများမှ အပြစ်ကင်းလွတ်ခွင့်ရနေသည့် အခြေအနေများကို အဆုံးသတ်ရန် ဥပဒေနည်းလမ်းများဖြစ် သုံးသပ်ဆက်စပ်ထားခြင်းဖြစ်သည်။

## စိန်ခေါ်မှုများ

မြန်မာစစ်တပ်မှတပ်သားများသည်တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အုပ်စုဖွဲ့အဓမ္မပြုကျင့်မှုများ ကျူးလွန်ပြီး အပြစ်ကင်းလွတ်ခွင့်ရရှိနေကြသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအနေဖြင့် တိုက်ပွဲဖြစ်ပွားစဉ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကြောင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နိုင်မှု အခြေအနေများနှင့် အန္တရာယ်များ ကြုံတွေ့နေရသည်။ သို့သော် ဤကဲ့သို့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တစ်ခုချင်းစီအား မှတ်တမ်းတင်၊ အစီရင်ခံတင်ပြရန် များစွာသော အခက်အခဲများရှိနေခဲ့သည်။ ပထမအချက်မှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား ထုတ်ဖော်ပြောဆိုမှုနည်းပါးခြင်းဖြစ်သည်။[1] လိင်အကြမ်းဖက်မှုများ ကလူမှုရေးအသိုက်အဝန်းတွင် အမည်းစက်စွန်းထင်းမည်ဟူသော အယူအဆများကြောင့် ကျူးလွန်ခံရ

1. See for example, media briefing by the Independent Investigative Mechanism for Myanmar, "Myanmar: Increasing evidence of crimes against humanity since coup" (12 September 2022).

သူများအနေဖြင့် မိမိ၏အတွေ့အကြုံများကို ပြန်လည်ဖွင့်ဟပြောဆိုရန် တွန့်ဆုတ်နေတတ်ကြသည်။ ကျူးလွန်ခံရသူများအနေဖြင့် ပြန်လည်ပြင်ဆင်ပေးမှု၊ တရားမျှတမှုမရှိဘဲ စစ်တပ်၏ အခမ့်ပြုမှုကိုခံခဲ့ရသလို ကျူးလွန်ခံရသူကို အပြစ်တင်သည့်ဓလေ့များ ရှိနေသည့်အတွက် နှစ်ထပ်ကွမ်း ကျူးလွန်ခံရသလိုဖြစ်ရုံကလွဲ၍ အကျိုးမရှိဟုယူဆပြီး ထုတ်ဖော်ပြောဆိုလေ့မရှိပါ။ စိတ်ဒဏ်ရာ ရရှိသွားသော ကျူးလွန်ခံရသူများ အနေဖြင့် မျှော်လင့်ချက်မဲ့သကဲ့သို့ ခံစားရလေ့ရှိပြီး ထုတ်ဖော်ပြောဆိုပါက နေ့စဉ်သာမန်ဘဝကို ပြန်မရနိုင်တော့ဟု ယူဆသဖြင့် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ထုတ်ပြောဆိုရန် ငြင်းဆိုကြသည်။ ထို့အပြင် ထုတ်ဖော်ပြောဆိုရန် စကားလုံးရှာမရခြင်းနှင့် လိုအပ်နေသည့် စိတ်ပိုင်းဆိုင်ရာ အကူအညီများကိုလည်း လက်လှမ်းမီမှု မရှိခြင်းများ ကြုံတွေ့ရသည်။ ဒုတိယတစ်ချက်အနေဖြင့် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ကျွန်ုပ်တို့အား ဝေမျှသော်လည်း အစီရင်ခံစာများတွင် (အဓိကအရေးကြီးသည့် အမည်များကို အမည်ဝှက်ဖြင့်ပင်) ထည့်သွင်းဖော်ပြခွင့်ပေးရန် ငြင်းဆိုကြသည်။ ဤအခက်အခဲ စိန်ခေါ်မှုများကြောင့် ဤအစီရင်ခံစာ တွင်ပါဝင်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဖြစ်ပွားသည့်အမှုတစ်ခုချင်းစီ ဖော်ပြခြင်းမပြုဘဲ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ၏ ဖော်ပြချက်များကို စုစည်းဖော်ပြထားသည်။

နောက်ထပ်စိန်ခေါ်မှုတစ်ခုသည် မတရားဖမ်းဆီးထိန်းသိမ်းခံရသူများ၏ အရေအတွက်အားမှတ်တမ်းတင်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ မှတ်တမ်းများအရ ဤအစီရင်ခံစာရေးသားသည့် ၂၀၂၁ ခုနှစ် မေလမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလ အထိ စစ်အစိုးရမှ ၂၆၀ ဦးအား မတရားဖမ်းဆီးထိန်းသိမ်းခဲ့သည်။ သို့သော် ဤအရေအတွက်သည် အနည်းဆုံး ခန့်မှန်းချက်အဖြစ်သာ မှတ်ယူသင့်ပြီး လက်တွေ့တွင် ဤခန့်မှန်းချက်ထက် များစွာပိုနိုင်သည်။ လုံခြုံရေးအခြေအနေအရ ဖမ်းဆီးခံရသည့် အချိန်တွင် တိကျသည့် အရေအတွက်အား မှတ်တမ်းတင်ရန် အခက်အခဲများရှိနေသည်။ အချို့အခြေအနေများတွင် အရပ်သားများ အဆက်အသွယ်ပျက်သည်ကိုသာ သိရှိပြီး ရက်အနည်းငယ်ကြာမှသာ မတရားဖမ်းဆီးခြင်းခံရသည်ကို သိရခြင်းမျိုးလည်းရှိသည်။ စောင့်ကြည့်ရန်ကန့်သတ်ချက်များရှိသောကြောင့် ဖမ်းဆီးခံရသူများအနက် မည်မျှကို စစ်တပ်မှ ပြန်လည်လွှတ်ပေးခဲ့သည်ကိုလည်း အတိအကျသိရှိရန် ခက်ခဲသည်။

# နောက်ခံ အခြေအနေ

မြန်မာနိုင်ငံတွင် ပုံစံမျိုးစုံဖြင့် ပြည်တွင်းစစ်ဖြစ်ပွားနေသည့်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီဖြစ်သည်။ ၁၉၄၈ ခုနှစ် ဗြိတိသျှထံမှ လွတ်လပ်ရေးရယူပြီးသည့်နောက်ပိုင်းတွင် မြန်မာစစ်တပ်မှ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများအပေါ်ထိုးစစ်ဆင်မှုများပြုလုပ်ခဲ့သည်။နယ်မြေထိန်းချုပ်မှုများနှင့် သယံဇာတများအတွက် တိုက်ပွဲများစွာ ဖြစ်ပွားခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးအတွက် ဆယ်စုနှစ်များကြာသော ကြိုးပမ်းမှုတွင် အရပ်သားများစွာ၏ အသက်ကို စတေးခဲ့ရသည်။

မြန်မာစစ်တပ်မှ အာဏာနှင့်အကျိုးအမြတ်ရရန်အတွက် အရပ်သားများအပေါ် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်သည့် သမိုင်းသာရက များစွာရှိသည်။ ဗမာလူမျိုးများ၏ ဘာသာစကား၊ ဖြစ်တည်မှုနှင့် ဗမာလူမျိုးများ ကိုးကွယ်ယုံကြည်သည့် ဘာသာတရားများကို ဖိအားပေး သွတ်သွင်းသကဲ့သို့ မတူထူးခြားသည့် တိုင်းရင်းသားတို့၏ ဖြစ်တည်မှုလက္ခဏာများကို ဖျက်စီးရန်အတွက် “ဗမာလူမျိုးကြီး” ဝါဒများအား လူမှုရေး၊ စီးပွားရေး အမြတ်ထုတ်မှုများနှင့် စစ်တပ်၏နေရာ ထိန်းချုပ်မှုများဖြင့် ခေတ်အဆက်ဆက်မှ စစ်အစိုးရများမှ ကြိုးပမ်းခဲ့ကြသည်။



**ဓါတ်ပုံ - ၂၀၁၈ ခုနှစ်ဇူလိုင် ၁၉ ရက်၊ ရန်ကုန်မြို့တွင် ကျင့်ပသော အာဇာနည်နေ့အား မြန်မာ့တပ်မတော်မှ ချီတက်အလေးပြုစဉ်။ ဒေါ်အောင်ဆန်းစုကြည်၏ ဖခင်အပါအဝင် ဗြိတိသျှထံမှ လွတ်လပ်ရေးရရန် ကူညီခဲ့သူများအား လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရ သောနေ့ အား အာဇာနည်နေ့အဖြစ်ကျင်းပကြသည်။ (ဓါတ်ပုံ- YE AUNG THU / AFP via Getty Images)**

၂၀၁၁ ခုနှစ်တွင် စစ်ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်သည့် သမ္မတသိန်းစိန်၏ ဦးဆောင်မှုဖြင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ စတင်ခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းမှ အားပေးထောက်ခံခဲ့ကြသည်။ ထိုအချိန်က မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပြောဆိုချက်များမှာ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီသို့ အလွန်လျင်မြန်စွာသွားနေသည် ဟူ၍ဖြစ်သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ၂၅ နှစ်အတွင်း ပထမဆုံးအကြိမ် လွတ်လပ်သောရွေးကောက်ပွဲအား ကျင်းပပေးခဲ့ပြီးငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အတွက် စစ်တပ်မှ နေရာဖယ်ပေးနိုင်သည်ဟု ယူဆနိုင်သည့် အခြေအနေမျိုး ဖြစ်ခဲ့သည်။ ထိုအချိန်တွင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ ၈ ဖွဲ့မှလည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အားလက်မှတ်ထိုးခဲ့ကြသည်။

သို့သော် စစ်တပ်မှ ဦးဆောင်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ စစ်တပ်၊ အထူးသဖြင့် ကာကွယ်ရေးဦးစီးချုပ်အား လုပ်ပိုင်ခွင့်အာဏာများစွာ ပေးအပ်ထားသည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးယန္တရားများကလည်း ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုကျူးလွန်သူများအား အပြစ်ကင်းလွတ်ခွင့်ပေးထားသည်။ စစ်တပ်မှ ရေးဆွဲသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၅၉ တပ်မတော် အက်ဥပဒေနှင့် ဥပဒေအမှတ် ၂၅/၂၀၁၆ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေများမှ လက်ရှိစစ်တပ်နှင့် အစိုးရအရာရှိများ၊ အရာရှိဟောင်းများ၏ တာဝန်ထမ်းဆောင်စဉ်အတွင်း ကျူးလွန်ခဲ့သည့် ပြစ်မှုအားလုံးမှ အပြစ်ကင်းလွတ်ခွင့်ကို ပေးအပ်ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အရပ်သားများ စောင့်ကြည့်ခွင့်မရသော ပွင့်လင်းမြင်သာမှု လုံးဝမရှိသည့် စစ်ခုံရုံးယန္တရားတစ်ခုလုံးကို လုပ်ဆောင်ခွင့်ပေးထားသည်။ နိုင်ငံတော်အဆင့်တရားရုံးများကလည်း စစ်တပ်အပေါ် သြဇာလွှမ်းမိုးမှုမရှိဘဲ စစ်တပ်မှခန့်အပ်သည့် တရားသူကြီးများဖြင့် လည်ပတ်နေသည်။ ဤကဲ့သို့ အမြစ်စွဲနေသော အပြစ်ကင်းလွတ်ခွင့်ဓလေ့များကို လေ့လာခြင်းအားဖြင့် ကျူးလွန်ခံရသူများမှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် စက်ဆုတ်စရာကောင်းသော ကျူးလွန်မှုများအတွက် အရပ်သားဥပဒေမူဘောင်များမှတဆင့် တရားမျှတမှုနှင့် တာဝန်ယူမှုများကို ရယူနိုင်ခြင်း မရှိဆိုသည်ကို ထင်ရှားစွာမြင်နိုင်သည်။

အမှားများစွာဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်နေစဉ်တွင်လည်း မြန်မာနိုင်ငံ၏အရှေ့တောင်ပိုင်း အပါအဝင် နယ်စပ်ဒေသများတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခဲ့သည်။ အပြစ်ကင်းလွတ်ခွင့်ရနေခြင်းအား အခွင့်ကောင်းယူကာ ကရင်နှင့်ကချင်ပြည်နယ်များအပါအဝင်တိုင်းရင်းသားနယ်မြေများတွင် စက်ဆုတ်ဖွယ်ကျူးလွန်မှုများကို ဆက်လက်ကျူးလွန်ခဲ့ကြသည်။ ဤအခြေအနေများအကြား ၂၀၁၆-၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများအပေါ် “နယ်မြေရှင်းလင်းရေး” ခေါင်းစဉ်ဖြင့် ဆက်လက်ကျူးလွန်ကာ လူမျိုးသုန်းသတ်ဖြတ်မှု အဆင့်ထိရောက်ခဲ့သည်။

## အာဏာသိမ်းရန်ကြိုးပမ်းမှု

၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ အထွေထွေရွေးကောက်ပွဲကို အပြတ်အသတ် အနိုင်ရခဲ့သည်။ ယခင်က စစ်တပ်၏လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ကာကွယ်ပြောဆိုမှု များရှိခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏ လူကြိုက်များမှုအား စိန်ခေါ်မှုတစ်ခုအနေဖြင့် မြင်ခြင်းမှာ အံ့သြစရာမဟုတ်ပါ။

၂၀၂၁ ခုနှစ် ဖော်ဖော်ဝါရီ ၁ ရက်နေ့တွင် တပ်မတော်မှ နိုင်ငံတော်အာဏာကိုရယူရန် အတွက် အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။ ထို့နောက်တွင် မတရားအာဏာသိမ်းမှုအပေါ် လက်နက်မဲ့ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြသူများအပေါ် အကြမ်းဖက်ဖြိုခွင်းမှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲရလဒ်အား အသိအမှတ်မပြုသည့်အပြင် အဓိပ္ပါယ်ပြည့်ဝသည့် အမျိုးသားရင်ကြားစေ့ရေးနှင့် ဆွေးနွေးမှုများဖြစ်ပေါ်လာနိုင်သည့် လမ်းကြောင်းကို စစ်တပ်အနေဖြင့် စိတ်ဝင်စားမှုမရှိသလို ပြုလုပ်လိမ့်မည်လည် မဟုတ်ပါ။ ငြိမ်းချမ်းရေးအတွက် လမ်းကြောင်းလုံးဝမရှိတော့သည့်အတွက် အလွန်ဆိုးဝါးသော စီးပွားရေးအကြပ်အတည်းများကြောင့် အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းရခြင်းများနှင့် လူမှုရေးကဏ္ဍများ၊ အုပ်ချုပ်ရေးကဏ္ဍများတွင် အရပ်သားပါဝင်စောင့်ကြည့်မှု လုံးဝမရှိသည့် အခြေအနေမျိုးဖြစ်နေသည်။

အာဏာသိမ်းမှုဖြစ်ပြီးလျှင်ပြီးချင်း ရန်ကုန်နှင့် မန္တလေးကဲ့သို့သော မြို့ကြီးများသာမကနိုင်ငံအနှံ့ရှိ မြို့ရွာများ တွင်လည်း ထောင်ပေါင်းများစွာသော ပြည်သူများ ဆန္ဒပြခဲ့ကြသည်။ အသက်အရွယ်စုံ၊ တိုင်းရင်းသားစုံ၊ နယ်ပယ်အသီးသီးမှ အာဏာသိမ်းမှုအား ဆန့်ကျင်ဆန္ဒပြခဲ့ကြပြီး စစ်တပ်၏လုပ်ရပ်အပေါ် မကြိုက်မနှစ်သက်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ထောင်ပေါင်းများစွာသော အစိုးရဝန်ထမ်းများမှ စစ်အစိုးရအတွက် အလုပ်မလုပ်နိုင်ဟု ဆန္ဒပြသည့်အနေဖြင့် အလုပ်မှ နှုတ်ထွက်ခဲ့ကြသည်။ ဆရာဝန်များ၊ ကျောင်းဆရာ/ဆရာမများ၊ အင်ဂျင်နီယာများစွာ ပါဝင်လာခဲ့ပြီး ပိုမိုကျယ်ပြန့်သည့် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ဖြစ်လာခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အာဏာသိမ်းမှုအတွင်း ဖယ်ထုတ်ခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြုရေးယန္တရားအဖြစ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ပြည်ပတစ်နေရာတွင် ဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဧပြီလတွင် CRPH မှ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကိုဖွဲ့စည်းခဲ့သည်။ NUG တွင် ၂၀၂၀ ရွေးကောက်ပွဲမှ NLD ကိုယ်စားလှယ်များ၊ လူ့အခွင့်ရေး တက်ကြွလှုပ်ရှားသူများ၊ NLD

အစိုးရလက်ထက် ဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သူများ ပါဝင်ကြသည်။ စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းမှု ခံထားရသော်လည်း ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အတိုင်ပင်ခံရာထူးဖြင့် ဦးဆောင်မှု နေရာတွင်ထားရှိသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံနှင့် ပြည်သူများအား တရားဝင်ကိုယ်စားပြုရန်နှင့် စစ်အုပ်ချုပ်ရေးအား အတိုက်အခံလုပ်ရန် ရည်ရွယ်သည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင်မူ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ကို ဖွဲ့စည်းခဲ့သည်။ စစ်အစိုးရဆန့်ကျင်ရေး မိတ်ဖက်အဖွဲ့များဖြစ်သည့်CRPH၊ တိုင်းရင်းသား တော်လှန်ရေး အင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အထွေထွေသပိတ်အဖွဲ့အစည်းများ၊ CDM အဖွဲ့များနှင့် အရပ်ဘက်အဖွဲ့ အစည်းများလည်းပါဝင်သည်။

အာဏာသိမ်းမှု နောက်ဆက်တွဲရလဒ်၏ ပြည်သူအပေါ်အကျိုးသက်ရောက်မှုများမှာ အင်မတန်မှ ကြီးမာလှသည်။ ထောင်ပေါင်းများစွာသောပြည်သူများ မတရားဖမ်းဆီးထိန်း သိမ်းခံထားရပြီး စစ်တပ်မှ ခန့်အပ်သည့် တရားသူကြီးများဖြင့် စစ်တပ်မှအပိုင်စီးထားသည့် တရားစီရင်ရေး စနစ်တွင် တရားစွဲဆိုခံထားရသည်။ ထောင်ပေါင်းများစွာသော ပြည်သူများအား စစ်တပ်မှ သတ်ဖြတ်ထားသည်ဟု ခန့်မှန်းရသည်။ စစ်တပ်၏ လက်စားချေသည့်ပုံစံဖြင့် တိုက်ခိုက်မှုများကြောင့် မရေမတွက်နိုင်သော အိမ်ပေါင်းများစွာနှင့် အသက်မွေးဝမ်းကြောင်းများ၊ စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးခဲ့ရသည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီးနောက်ပိုင်း စစ်တပ်၏ စီးပွားရေးစီမံမှုအလွဲများကပြည်သူများအား ဆိုးဝါးစွာ ထိခိုက်စေခဲ့သည်။ စစ်အစိုးရမှပြုလုပ်သည့် သွင်းကုန်၊ထုတ်ကုန်ကန့်သတ်မှုများကြောင့် ကျပ်ငွေတန်ဖိုး ကျဆင်းသည့်အပြင် ငွေကြေးဖောင်းပွမှု ဆက်လက်မြင့်တက်ခဲ့သည်။ ကုန်ပစ္စည်းရှားပါးမှုနှင့် စီးပွားရေး ဖွံ့ဖြိုးမှုမရှိသည့်အလျောက် စစ်အစိုးရလက်ထက်တွင် ဈေးကွက်အတွင်း ကုန်ဈေးနှုန်းများ အမြင့်ဆုံးအခြေအနေသို့ရောက်ရှိခဲ့သည်။ စီးပွားရေးတိုးတက်မှု မရှိခြင်းမှ အလုပ်များဆုံးရှုံးမည်ကို စိုးရိမ်နေရပြီး အရပ်သားများအနေဖြင့် အင်မတန်နည်းသော လုပ်အားခဖြင့် နေ့စားအလုပ်များ ဝင်ရောက်လုပ် ကိုင်နေကြရသည်။ နေ့စားလုပ်အားခမှာ မိသားစုကို မထောက်ပံ့နိုင်သည့်အပြင် တစ်ကိုယ်ရည်အတွက်ပင် မလောက်ငှနိုင်အောင် နည်းပါးသည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီးနောက်ပိုင်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် လိင်အခြေပြု အကြမ်းဖက်မှုများကြောင့် ကြုံတွေ့ခဲ့ရသော မလုံခြုံမှုများနှင့်အမြစ်တွယ်နေသည့် စိတ်ဒဏ်ရာများ ပိုမိုဆိုးဝါးလာခဲ့သည်။ နိုင်ငံတစ်ဝှမ်း အကြမ်းဖက်မှုများတိုးပွားလာသကဲ့သို့ မိန်းကလေးငယ်များနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် မြန်မာစစ်တပ်မှ အကြိမ်ပေါင်းများစွာကျူးလွန်နေသော အမှုများဖြစ်သည်။ ယခင်အစိုးရ လက်ထက်မှအတည်ပြု

ထားသည့် အားနည်းသောဥပဒေများသည် အမျိုးသမီးများအား အကာအကွယ် မပေးနိုင်ဘဲ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပိုများလာစေခဲ့သည်။[2] အာဏာသိမ်းရန်ကြိုးစားမှုနောက်ပိုင်း စစ်တပ်၏ အကြမ်းဖက်မှုများမှ ဥပဒေမဲ့အခြေအနေမျိုးဖြစ်စေပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ လျှင်မြန်စွာတိုးပွားလာခဲ့သည်။[3]

စစ်အစိုးရမှ တိုင်းရင်းသားဒေသများသို့ ထိုးစစ်ဆင်မှုများ ဆက်တိုက်ပြုလုပ်နေသည့်အပြင် လေကြောင်း တိုက်ခိုက်မှုများအား မနားတမ်းပြုလုပ်နေသဖြင့် သိန်းပေါင်းများစွာသောပြည် သူများ ဘေးလွတ်ရာသို့ ရှောင်ပြေးနေရသည်။ ဤထိုးစစ်များ၏ရလဒ်အနေဖြင့် အိမ်နီးနားချင်း ထိုင်း၊ တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလာဒေ့ နယ်စပ်များတွင် ဒုက္ခသည်အရေအတွက်တဖြည်းဖြည်းတိုးလာခဲ့သည်။ အာဏာသိမ်းရန် ကြိုးစားသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ နေ့မှစ၍ ပြည်သူ ၁ သန်းကျော်ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။[4] လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသည့် အခြေအနေတိုင်းတွင် အမျိုးသမီးများနှင့် ကလေးငယ်များ အများဆုံးထိခိုက်ခံစားရသည်။ စစ်ရှောင်စခန်းများသို့ရောက်ရှိလာသူအများစုမှာလည်း အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။[5] ထောင်ပေါင်းများစွာမှ အကာအကွယ် ရှာဖွေနေသည့်အချိန်တွင် စစ်အစိုးရမှ အခက်အခဲများစွာရှိနေသည့်လူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုပိတ်ပင်ခဲ့သည်။[6]

2. Preventing Gender-based Violence in Myanmar (idea.int)
3. Southeast Asia Globe, "As the crisis in Myanmar continues, no justice for victims of sexual violence" (5 October 2022).
4. UNOCHA, 'Myanmar: Humanitarian Update No. 25' (30 December 2022).
5. "Displaced Women, Children Face 'Humanitarian Crisis' Following Myanmar Coup," Radio Free Asia, 13 May 2021
6. https://www.rfa.org/english/news/myanmar/idps-05132021200911.html

ကရင်နီ(ကယား) ပြည်နယ်သည် ခန့်မှန်းလူဦးရေ ၃၀၀၀၀၀ ကျော်ရှိ သော မြန်မာနိုင်ငံမှ ပြည်နယ်သေးတစ်ခု ဖြစ်သည်။ အခြား ကရင်နီလူမျိုး ၁၂၀၀၀၀ ကျော်မှာ ပထဝီအနေအထား အရ ကရင်နီ ပြည်နယ်၏ အပြင်ဘက် အနောက်မြောက်ဘက်ရှိ ဖယ်ခုံမြို့နယ်တွင် နေထိုင်ကြသည်။[7] မြန်မာနိုင်ငံ၏ အခြား တိုင်းရင်းသား ဒေသများကဲ့သို့ ကရင်နီ ပြည်နယ်တွင်လည်း စစ်တပ်မှ လူ့အခွင့် အရေးချိုးဖောက်မှုများစွာ ကျူးလွန် ထားသည်။ မြေများသိမ်းယူခြင်း၊ မတရား ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ အဓမ္မ လုပ်အားပေးစေခိုင်းခြင်း နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပါဝင်သည်။ (တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့တစ်ခုဖြစ်သည့်) ကရင်နီ တပ်မတော် Karenni Army နှင့် စစ်အစိုးရ တပ်များအကြား ဆယ်စုနှစ်များကြာအောင် တိုက်ပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့ သည်။




၂၀၁၂ ခုနှစ်တွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)၏ လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည့် Karenni Army နှင့် စစ်တပ်တို့အကြား ချုပ်ဆိုသည့်

---

7. ဖယ်ခုံမြို့သည် ကရင်နီလူမျိုးစုတစ်ခုဖြစ်သည့် ကယန်းလူမျိုးများ၏ဒေသဖြစ်သည်။ ကရင်နီလူမျိုးများ၏ သမိုင်းဝင်မွေးရပ်မြေ ဖြစ်သော်လည်း လက်ရှိ ပထဝီသတ်မှတ်ချက်များအရ ရှမ်းပြည်နယ်တောင်ပိုင်း နယ်စပ်တွင် ပါဝင်နေသည်။

နှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီး သည့်အချိန်သည် ကရင်နီပြည်သူများအတွက် ယခုလက်ရှိ အခြေအနေထက် ပို၍လုံခြုံသည်ဟု ဆိုနိုင်သည်။

ကရင်နီပြည်သူများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မတရားအခွန်ကောက်မှုများ၊ စစ်တပ်၏ မြေသိမ်းယူမှုများကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကြုံတွေ့နေရဆဲ ဖြစ်သည်။[8] အစိုးရအဆက်ဆက်မှ ကရင်နီပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများအတွက် ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ စီမံချထားမှု အားနည်းခဲ့သည့်အတွက် ကျန်းမာရေးနှင့်ပညာရေးအခွင့်အရေးများအား လက်လှမ်းမီရန် ခက်ခဲခဲ့သည်။ သို့သော်ပြည်နယ်တစ်ဝှမ်း လွတ်လပ်စွာသွားလာခွင့်ရှိခဲ့ပြီး မတရားဖမ်းဆီးမှုများနှင့် စစ်တပ်၏စစ်ဆေးရေးဂိတ်များတွင် ပစ်သတ်ခံရမည်ကို စိုးရိမ်ရန် မလိုခဲ့ပါ။ ပြည်သူများအပေါ် လူ့အခွင့်အရေးချိုး ဖောက်မှုများမှာ ယခုဖြစ်ပွားနေသည့် အခြေအနေများနှင့် မတူပါ။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီးနောက်တွင် ကရင်နီပြည်သူများလည်း နိုင်ငံအနှံ့ဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့ကြသည်။ စစ်တပ်မှ ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်ဖြိုခွင်းသတ်ဖြတ်ပြီးသည့်နောက်တွင် ကရင်နီလူငယ်များမှ လမ်းများပိတ်ဆို့ခြင်း၊ အတားအဆီးများ ပြုလုပ်ခြင်းနှင့် ပြန်လည်တော်လှန်ရန် လက်နက်ကိုင်ဆောင်ခြင်းတို့ကို စတင်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ် မေလ ၂၀ တွင် စစ်တပ်မှ ဒီမော်ဆိုမြို့နယ်သို့ရောက်ရှိလာပြီး လူငယ်များကိုဖမ်းဆီးကာ အရပ်သား/လက်နက်ကိုင်သူ စသည်ဖြင့် ခွဲခြားခြင်းမရှိဘဲ ပစ်ခတ်ခဲ့သည်။ ယင်းဖြစ်စဉ်များကြောင့် ကရင်နီတပ်မတော် (KA)၊ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်မတော် (KNDF) ပူးပေါင်းတပ်များနှင့် စစ်တပ်အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ဘာသာရေးခေါင်းဆောင်များနှင့် လက်နက်ကိုင်အဖွဲ့များအကြား အပစ်ရပ်ညှိနှိုင်းရေးပြုလုပ်ခဲ့သည့် ၂၀၂၁ ခုနှစ် ဇွန်လကုန်အထိ နေ့စဉ်တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် တိုက်ပွဲများ ပြန်လည်စတင်ခဲ့သည်။

၂၀၂၁ ခုနှစ် မေလမှ စတင်ကာ စစ်တပ်အနေဖြင့် ကရင်နီပြည်နယ်အတွင်း နယ်မြေထိန်းချုပ်မှု ရယူနိုင်ရန်အတွက် စစ်အင်အားတိုးချဲ့မှုများကို အမြန်လုပ်ဆောင်ခဲ့သည်။ ကရင်နီပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ထိစပ်နယ်မြေများတွင် အင်အားတိုးချဲ့ချထားမှုများ ပုံမှန်ပြုလုပ်လာခဲ့သည်။ ထိုတစ်ချိန်တည်းတွင် ဗမာစစ်တပ်မှ အင်မတန်ပြင်းထန်သော သောင်းကျန်းမှု နှိမ်နင်း

---

8. ဥပမာအနေဖြင့် ၂၀၁၉ ခုနှစ် လွိုင်ကော်နှင့် ဒီမော်ဆိုမှ လယ်သမား ၄၁ ဦးအား ယခင်စစ်တပ်မှ သိမ်းယူထားသည့် မြေများကို ပြန်လည်ရယူအသုံးပြုသောကြောင့် ဖမ်းဆီးထောင်ချခံခဲ့ရသည်။ Coalition of Indigenous Peoples in Burma/Myanmar, 'Joint submission to the UN Universal Periodic Review of Myanmar July 2020', 7 [27] 10 [43].

ရေးဗျူဟာ တစ်ခုဖြစ်သည့် "ဖြတ်-၄-ဖြတ်" ကို ဆောင်ရွက်ခဲ့သည်။ ဤလုပ်ဆောင်မှုများသည် အရပ်သားများအား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို ထောက်ပံ့ပေးနေသူများဟု ပစ်မှတ်ထားကာ အခြေခံလိုအပ်ချက် (၄) ခုဖြစ်သည့် အစားအစာ၊ ငွေကြေး၊ သတင်းအချက်အလက်များနှင့် လူသစ်စုဆောင်းမှုများကို ဖြတ်တောက်ရန်ရည်ရွယ်သည်။

ဤစုပေါင်းတုန့်ပြန်သည့်အနေဖြင့် နည်းဗျူဟာအရ ကရင်နီပြည်နယ်အတွင်းရှိ ရွာများအား သိမ်းပိုက်ပြီး ပြည်သူပိုင်အခြေခံအဆောက်အဦးများအား ဖျက်ဆီးခြင်း၊ ယာယီစခန်းချခြင်းနှင့် ရွာဝန်းကျင်တွင် မြေမြှုပ်မိုင်း ထောင်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ စစ်အစိုးရတပ်များမှာ ကရင်နီပြည်သူများအပေါ် မခွဲမခြားပစ်ခတ်မှုများနှင့် ချိန်ရွယ်တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ စစ်အစိုးရတပ်များ၏ တပ်အင်အားတိုးချဲ့မှုများနှင့် တိုက်ခိုက်မှုများကြောင့် ကရင်နီပြည်သူများ လုံခြုံသည့်နေရာကို ရှာဖွေရန်အတွက် အိမ်များနှင့်အသက်မွေးကြောင်း လုပ်ငန်းများကို စွန့်ပစ်ခွာထားခဲ့ကြရသည်။

ကရင်နီပြည်နယ်မှ ပြည်သူများအားတိုက်ခိုက်မှုများကို ကရင်နီတော်လှန်ရေးအဖွဲ့များကို တိုက်ခိုက်ခြင်းသာ ဖြစ်သည်ဟု စစ်အစိုးရမှ ဖြေရှင်းလေ့ရှိသည်။ လက်တွေ့တွင် စစ်ရှောင်စခန်းများနှင့် ယာယီစခန်းများအား လေကြောင်း၊ ကုန်းကြောင်း ထိုးစစ်များဖြင့် ထိုးစစ်ဆင်မှုများစွာရှိခဲ့သည်။ ထိုးစစ်ဆင်နေစဉ် သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အမျိုးသမီးများ၏ အသက်အန္တရာယ်စိုးရိမ်စရာ အခြေအနေများဖြစ်နေသည်။

ကရင်နီအရပ်သား ခန့်မှန်း ၁၈၀၀၀၀ ကျော် အဓမ္မ ရွှေ့ပြောင်းခြင်းခံရပြီး လက်တွေ့အရေအတွက်မှာ ယင်းထက်များစွာပိုနိုင်သည်။ စစ်ရှောင်ပြည်သူများအနက် ၇၀ ရာခိုင်နှုန်းခန့်မှာအမျိုးသမီးများနှင့် ကလေးငယ် များဖြစ်ကြပြီး သူတို့၏လိုအပ်ချက်များကို သတိမမူမိကြဘဲရှိနေသည်။[9] လွိုင်ကော်၊ ဖရူဆို၊ ဒီမော်ဆို၊ ရှားတောနှင့် ဖယ်ခုံမြို့နယ် ၅မြို့နယ်တွင် ပိုင်ဆိုင်မှုအားလုံး စွန့်ခွာထွက်ပြေးရသည့် အခြေအနေအထိ ဖြစ်ခဲ့သည်။ KNDF၊ ဒေသခံ PDF တပ်များနှင့် KA ပူးပေါင်းတပ်များနှင့် အစိုးရစစ်တပ်များအကြား တောင်ပိုင်းနယ်စပ်ဒေသများ၊ လွိုင်ကော်မြို့နယ်၊ဖယ်ခုံမြို့နယ်၊ ဒီမော်ဆိုမြို့နယ်နှင့် ဖရူဆိုမြို့များတွင် တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေသည်။

ဤအစီရင်ခံစာ၏ နောက်တစ်ပိုင်းတွင် ၂၀၂၁ ခုနှစ် မေလမှစတင်ကာ စစ်အစိုးရတပ်များမှ ကရင်နီပြည်သူများအပေါ် ချိုးဖောက်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသည်။

9. The Karenni women's groups estimate that women comprise 35-40% of the IDP population and children 30%.



**ဓါတ်ပုံ - စစ်ရှောင်စခန်းမှ ယာယီအိမ်။**




**ဓါတ်ပုံ - ကရင်နီတော်လှန်ရေးအဖွဲ့မှ တွေ့ရှိသော မပေါက်ကွဲသေးသည့် လက်နက်**

ဤအစီရင်ခံစာတွင် အစုလိုက်အပြုံလိုက် ဖိအားပေးရွှေ့ပြောင်းမှုများ ဖြစ်စေသည့် လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုများ၊ မတရာဖမ်းဆီးထိန်းသိမ်းမှုများ၊ ညှင်းပန်းနှိပ်စက်မှုများ၊(အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများ အပါအဝင်) မတရားသတ်ဖြတ်မှုများ၊ အဓမ္မဖိအားပေးလုပ်အားစေခိုင်းမှုများနှင့် လူသားဒိုင်းအဖြစ်အသုံးပြုမှုများ၊ အရပ်သားပိုင်ဆိုင်မှုများနှင့် အိမ်မျာအား ဖျက်စီးမှုများ၊ အရပ်သားများအာ ရည်ရွယ်တိုက်ခိုက်မှုများနှင့် မခွဲမခြားပစ်ခတ်မှုများကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများပါဝင်သည်။ ကရင်နီပြည်နယ် ခန့်မှန်းလူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်၊အနည်းဆုံး ၁၈၀၀၀၀ ကျော်အထိ ဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်နေရပြီး အများစုမှာ ကလေးငယ်များနှင့် အမျိုးသမီးများ ဖြစ်ကြသည်။[10]

စစ်အစိုးရတပ်များမှကရင်နီလူမျိုးများအပေါ်ကျူးလွန်မှုများသည်စစ်ရာဇဝတ်မှုနှင့်လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်သည်အထိ ချိုးဖောက်မှုများရှိကြောင်းတွေ့ရပြီး အသေးစိတ်များကို ဤအစီရင်ခံစာ၏ နိုင်ငံတကာဥပဒေမူဘောင်များနှင့် သုံးသပ်ချက်အခန်းတွင်ထည့်သွင်းဖော်ပြထာသည်။

## ပဋိပက္ခနှင့် သက်ဆိုင်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

ပြည်တွင်း လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားနေသည့်အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် အဓမ္မပြုကျင့်မှုများသည့် စစ်ရာဇဝတ်မှုမြောက်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အဓမ္မပြုကျင့်မှုများအား အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် နည်းစနစ်တစ်ခုအဖြစ်အသုံးပြုပါက လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုအထိ ဖြစ်နိုင်သည်။[11]

ကရင်နီအမျိုးသမီးများ စစ်အစိုးရတပ်များ၏အကြမ်းဖက်မှုများကို ခံနေရသည်မှာ ဆယ်စုနှစ်များစွာရှိပြီဖြစ်သည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့်အဖွဲ့အားသစ္စာခံသည်ဖြစ်စေ အမျိုးသားများမှ လက်နက်ကိုင်ပဋိပက္ခ အခြေအနေတစ်ခုသို့ရောက်လျှင် အမျိုးသမီးများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရနိုင်ချေ ပိုများလာသည်။ ဤကဲ့သို့သော အတွေ့အကြုံများ<u>သည် ကရင်နီ</u>အမျိုးသမီးများအတွက် အသစ်အဆန်းမဟုတ်သော်လည်း အာဏာသိမ်းရန် ကြိုးပန်း

10. ယနေ့ရှမ်းပြည်နယ်ရှိ ဖယ်ခုံနှင့် ကရင်နီပြည်နယ်စုစုပေါင်းခန့်မှန်းလူဦးရေမှာ ၄၂၀၀၀၀ ခန့်ဖြစ်သည်။ ကရင်နီလူမျိုးစု တစ်ခုဖြစ်သည့် ကယန်းလူမျိုးများနေထိုင်ရာဖြစ်ပြီး သမိုင်းအရ ကယန်းလူမျိုးများ၏ ဇာတိဖြစ်သည်။ ဘေးလွတ်ရာ ရွှေ့ပြောင်းသူများ၏ ၇၀ ရာခိုင်းနှုန်းခန့်သည့် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။
11. Articles 8 (2)(e)(vi)-1,-2,-6 and Articles 7 (1)(g)-1,-2-6 of the ICC Rome Statute.

မှုနောက်ပိုင်းတွင် သိသိသာသာပိုများလာသည်။ အမျိုးသမီးများ၏ ငြိမ်ချမ်းရေးနှင့် လုံခြုံရေးအား တိုက်ခိုက်သည့် ပုံစံများစွာရှိသည်။ ကရင်နီပြည်နယ်အတွင်း လက်နက်တပ်ဆင်မှုများနှင့်လက်နက် ကိုင်တိုက်ပွဲများ ပိုများလာသည့်အတွက် အမျိုးသမီးများ၏ သွားလာလှုပ်ရှားခွင့် ဆုံးရှုံးနေရသည်။ နေ့စဉ်စားဝတ်နေရေးအပါအဝင် နေ့စဉ်လုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်း မရှိတော့ပါ။ ကုန်းကြောင်း၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် အမျိုးသမီးများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းနှင့်မြေ မြှုပ်မိုင်းများကြောင့် ဘဝအလှည့်အပြောင်းဖြစ်စေသည့် ထိခိုက်ဒဏ်ရာရခြင်းများလည်း နေ့စဉ် ကြုံတွေ့နေရသည်။

စစ်တပ်မှ အရပ်သားနေထိုင်ရာဒေသများသို့ နယ်မြေချဲ့ထွင်လာသောကြောင့် အမျိုးသမီးများ အတွက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ပိုများလာသည်။ အမျိုးသမီး များနှင့် မိန်းကလေးငယ်များသည် စစ်အစိုးရတပ်သားများမှ လူသားဒိုင်းအဖြစ် အသုံးပြုခြင်းကို လည်း စိုးရိမ်နေကြသည်။ မည်သည့်အခြေနေမျိုးတွင်မဆို အမျိုးသမီးများ စစ်တပ်၏ထိန်းချုပ်မှု အောက်ရောက်သွားပါက လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုများနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှုများ၊ အထူးသဖြင့် အဓမ္မပြုကျင့်မှုများအပြင် အုပ်စုဖွဲ့အဓမ္မပြုကျင့်မှုများ ခံရနိုင်ချေရှိနေသည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသည့် အမျိုးသမီးများနှင့် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့်အမျိုးသမီးများအား အတိတလင်းရှာဖွေဖမ်းဆီးထိန်းသိမ်းမှုများ ပြုလုပ် နေသည်။



**ဓါတ်ပုံ-စစ်ရှောင်များအတွက် သန့်ရှင်းသည့် သောက်သုံးရေမရှိသည့်အတွက် နီးစပ်ရာရေအရင်းများမှ ညစ်ညမ်း သည့်ရေများကိုသာအသုံးပြုကြရသည်။**

*"အမျိုးသမီးတွေအတွက် တစ်ယောက်ထဲခရီးသွားဖို့အတွက် မလုံခြုံဘူး၊ အချိန်မရွေး သေနတ်နဲ့ ပစ် ခံရနိုင်တယ်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေနဲ့လည်းတွေ့နိုင်တယ်။ အဲ့လိုအကြမ်းဖက်ခံရပြီ ဆိုရင် သူတို့ကိုကာကွယ်ပေးမယ့် ဥပဒေမရှိဘူး။ ထိရောက်မှုမရှိ၊ မကောင်းတဲ့ရိုးရာအစဉ်အလာတွေဘဲ ရှိတယ်။ ဥပဒေထဲမှာဆိုရင်လည်း အမျိုးသမီးတွေက အားနည်းတဲ့ဘက်မှာဘဲ ရှိတယ်။ အဲ့တာ အပြင်ကို အမျိုးသမီးတွေက ရပ်ရွာထဲမှာလည်း ကျား-မ အခြေပြုခွဲခြားမှုတွေ ထပ်ခံရသေးတယ်။"* ဟု ဖရိုဆိုမြို့နယ်မှ စစ်ရှောင်တစ်ဦးက ၂၀၂၂ ခုနှစ်သြဂုတ်လ ၃ ရက်နေ့က ပြောသည်။

ဖမ်းဆီးခံရသည့်အမျိုးသမီးများ၊ အစမ္မလုပ်အားပေးရန် ခေါ်ဆိုခံရသည့်အမျိုးသမီးများနှင့် လူသားဒိုင်းအဖြစ် အသုံးချခံရသည့် အမျိုးသမီးများအနေဖြင့် စစ်အစိုးရတပ်သားများမှ အုပ်စုဖွဲ့ အဓမ္မပြုကျင့်မှုခံရနိုင်ချေ အင်မတန် များသည်။ သို့သော် ဤအမှုကိစ္စများကို မှတ်တမ်းတင်ရန် အင်မတန်မှခက်ခဲသည်။ ပြန်လည်လွတ်မြောက်လာသည့် အမျိုးသမီးများအနေဖြင့် ပြန်လည်ဖမ်းဆီးခံရမည်ကို စိုးရိမ်စိတ်များအပြင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ပတ်သက်သည့် လူမှုရေးအသိုင်းအဝိုင်းမှ အမြင်များနှင့် ဖယ်ကျင်ခြင်းခံရမည်ကို စိုးရိမ်စိတ်များကြောင့် ကြုံတွေ့ခဲ့သောအဖြစ်ပျက်များအား အသေးစိတ်ဖော်ပြရန်ဝန်လေးကြသည်။ ထိုအမျိုးသမီးများသည် စိတ်ဒဏ်ရာရရှိမှုများရှိပြီး စိတ်ပိုင်းဆိုင်ရာအထောက်အပံ့များအား လက်လှမ်းမီခြင်းမှ ကင်းဝေးလျက်ရှိသည်။


အမျိုးသမီးများ၏လုံခြုံမှုအား ကာကွယ်ပေးမယ့် နည်းလမ်းနှင့်စနစ်များ မရှိသည့်အတွက် ဝန်ထုတ်ဝန်ပိုး ပိုများစေသည်။ အမြစ်တွယ်နေသည့် ဖိုဝါဒကြီးစိုးမှုနှင့် စစ်တပ်တို့၏ ဖိနှိပ်မှုနှစ်ခုလုံးကို ခံနေရသည်။ ကရင်နီပြည်နယ်ရှိ အမျိုးသမီးများ ဦးဆောင်သည့်အဖွဲ့အစည်းများမှကျူးလွန်ခံခဲ့ရသူများကို ကူညီထောက်ပံ့ပေးရန် ကြိုးပမ်းလျက်ရှိသည်။ စစ်တပ်ကြီးစိုးသည့် တရားရုံများ၏ လာဘ်စားမှုများနှင့် နိုင်ငံတစ်ဝှမ်းဖြစ်နေသည့် တရားဥပဒေမဲ့အခြေအနေများတွင် ကြိုးစားရန်းကန်နေရဆဲ ဖြစ်သည်။

## မတရားဖမ်းဆီးထိန်းသိမ်းမှုများ

ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်များတွင် စစ်တပ်မှ အရပ်သားအနည်းဆုံး ၂၆၀ ကျော်အား မတရားဖမ်းဆီးထိန်းသိမ်းမှု ဖြစ်ပွားခဲ့ပြီး အမျိုးသမီး ၃၃ ဦးပါဝင်ခဲ့သည်။ သို့သော် မတရားဖမ်းဆီးထိန်းသိမ်းမှုများအား မှတ်တမ်းတင်ရန် အခက်အခဲများကြောင့် လက်တွေ့အရေအတွက်၊ အထူးသဖြင့် အမျိုးသမီးအရေအတွက်သည် များစွာပိုနိုင်သည်။

ဖမ်းခံရပြီးသည့်အချိန်တွင်ကရင်နီပြည်သူများအားထိန်းသိမ်းထားခြင်း၊ညှင်းပန်းနှိပ်စက်ခြင်း အပြင် အသတ်ခံရသည့် အခြေအနေများအထိရှိသည်။ လူအနည်းငယ်မှ စစ်တပ်အရာရှိများအား လာဘ်ပေးခြင်းဖြင့် အခြေအနေဆိုးများမှ လွတ်မြောက်လာသော်လည်း ကရင်နီပြည်သူအများစုမှာ လာဘ်ပေးရန် မတတ်နိုင်ကြပါ။ ဖမ်းဆီးခံရသူများအနက် ၁၀၀ ဦးဝန်းကျင်သာ ပြန်လည်လွတ်မြောက်လာပြီး ကျန်ရှိသောသူများမှာ စစ်တပ်၏ မတရားထိန်းသိမ်းခြင်း သို့မဟုတ် ထိန်းသိမ်းခံထားရသည့်အချိန်တွင် သတ်ဖြတ်ခြင်းခံရသည် ဟုယူဆရသည်။ စစ်တပ်မှ ဖမ်းဆီးပြီးမကြာခင် သေဆုံးသွားသူ၊ ညှင်းပန်းနှိပ်စက်မှုမှ ရရှိလာသော ဒဏ်ရာကြောင့်သေဆုံးသွားသည့် ကရင်နီပြည်သူ ဒါဇင်ကျော်ခန့်ရှိပြီး အသေးစိတ်များကို အောက်တွင်ဖော်ပြထားသည်။

**ကရင်နီပြည်သူများအား မတရားဖမ်းဆီမှုများ**




ဖမ်းဆီးခံရသူများအနက် သာမန်အရပ်သားများ၊ ဒီမိုကရေစီအတွက် ငြိမ်းချမ်းစွာဆန္ဒပြသူများ၊ CDM လှုပ်ရှားမှုတွင် ပါဝင်သော ကျောင်းဆရာ/ဆရာမများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနေသူများ ပါဝင်သည်။ စစ်အစိုးရတပ်များမှ စစ်ဘေးရှောင်ပြည်သူများအား မည်သည့်အကူအညီမှမပေးနိုင်အောင် တစ်ကိုယ်ရေစာဆေးဝါးများပင် သယ်ဆောင်ခွင့်မရသည့်အထိ ပိတ်ပင်ထားသည်။ လူသားချင်းစာနာမှု အကူအညီပေး နေသူများအား ဖမ်းဆီးပြီးဒေသတွင်း PDF များနှင့် တော်လှန်ရေးတပ်များအား အကူအညီပေးနေသည်ဟု အကြောင်းပြသည်။ အမျိုးသားနှင့် အမျိုးသမီးလူငယ်များအနေဖြင့် လမ်းလျှောက်နေစဉ်တွင် သို့မဟုတ် လမ်းတစ်လျှောက်ရှိ စစ်တပ်စစ်ဆေးရေးဂိတ်များတွင် အချိန်မရွေးတားဆီး အစစ်အဆေးခံရနိုင်သည်။ စစ်တပ်မှ စစ်တပ်အားဆန့်ကျင့်သည့် လှုပ်ရှားမှုများဟု ယူဆသည့် အာဏာဖီဆန်ရေးလှုပ်ရှားမှုများ၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများ၊ စစ်ရှောင်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူညီပေးမှုများတွင် တက်ကြွစွာပါဝင်ခြင်းထက် ထိုလှုပ်ရှားမှုများအား ထောက်ခံရုံဖြင့်ဖမ်းဆီးခံရ သူများစွာရှိသည်။ ထိုကဲ့သို့သော ထောက်ခံမှုများ၏ "သက်သေ" အတွက် မိုဘိုင်းဖုန်းများရှိ လူမှုကွန်ရက်ပေါ်မှ လှုပ်ရှားမှုများနှင့် ဓါတ်ပုံများ ရှာဖွေလေ့ရှိသည်။

**နိုင်ငံတကာဥပဒေများအရ လွတ်လပ်မှုများကို မတရားကန့်သတ်ထိန်းချုပ်ခြင်းကို တားမြစ်ထားသည်။ အောက်ပါအချက်များအနက် တစ်ချက် သို့မဟုတ် တစ်ချက်နှင့်အထက်ကိုက်ညီမှုရှိပါက မတရားဖမ်းဆီးခံရသည်ဟု မှတ်ယူနိုင်သည်။**

- **နိုင်ငံတကာဥပဒေများအရ ပေးထားသည့် အခွင့်အရေးကိုကျင့်သုံးနေစဉ် ဖမ်းဆီးထိန်းသိမ်းခံရခြင်း**
- **ဖမ်းဆီးထိန်းသိမ်းမှုအတွက် ဥပဒေအကြောင်းအရင်း ခိုင်ခိုင်မာမာမရှိခြင်း**
- **ဖမ်းဆီးထိန်းသိမ်းသည့် ပြည်တွင်းဥပဒေသည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီခြင်း**
- **နိုင်ငံတကာစံနှုန်းဖြစ်သည့် လွတ်လပ်မျှတသည့် တရားခွင်မရှိခြင်း**[12]

အားဏာသိမ်းရန်ကြိုးစားသည့် အချိန်မှစ၍ ကရင်နီပြည်မှ အမျိုးသမီးများအနေဖြင့် အာဏာဖီဆန်ရေး လှုပ်ရှားမှုများတွင် ဦးဆောင်မှုနေရာများမှ ပါဝင်ခဲ့သည်။ မိမိတို့၏ အခွင့်ရေးများအား စနစ်တကျ ချိုးဖောက်နေခြင်းအား တိတ်ဆိတ်နေခြင်းမပြုဘဲ အာဏာဖီဆန်မှုလှုပ်ရှားမှုတွင် ပါဝင်သူအရေအတွက် တဖြည်းဖြည်း တိုးပွားလာကာ စစ်အစိုးရ၏ ဖမ်းဆီးမှုခံရသူများတွင် အမျိုးသမီးဦးရေ များပြားလာသည်။ အချို့အမျိုးသမီးများအား ဖမ်းဆီးရမိသည့်နောက်ပိုင်း အဆက်အသွယ်မရသည့်အတွက် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို မသိရှိရသေးဘဲကျန်နေသေးသည်။ အချို့အမျိုးသမီးများမှာမူ စစ်အစိုးရ၏ ထိန်းသိမ်းစစ်ဆေးရေးစင်တာများတွင်ယနေ့တိုင် ရှိနေဆဲဖြစ်သည်။

ကွင်းဆင်းဝန်ထမ်းများ၏ ပေးပို့ချက်အရ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမအပတ်တွင် လူငယ် ၁၀ ဦးခန့် လွိုင်ကော်ရှိ စစ်တပ်၏ စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရပြီး တစ်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်သည်။ ဤအစီရင်ခံစာ ရေးသားနေသည့်အချိန်တွင် သူတို့အားမည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မသိရသေးပါ။

ဗမာစစ်တပ်အနေဖြင့် သက်သေအထောက်အထားမရှိသော်လည်း ကရင်နီလူငယ်များအားလုံးကို လူမျိုးစုဖြစ်တည်မှု အပေါ်မူတည်ပြီး တော်လှန်ရေးအင်အားစုများနှင့် ပါဝင်ပတ်သက်နေသူများဟု သတ်မှတ်ယူဆထားသည်။ တရားဥပဒေစိုးမိုးမှု မရှိသည့်အတွက် ကရင်နီလူငယ်များအား သူတို့ကျူးလွန်ထားခြင်းမရှိသော်လည်း မဟုတ်မမှန်စွပ်စွဲ ဖမ်းဆီးနိုင်သည်။ အသက်အရွယ်နှင့် လူမျိုးစုများအပေါ် ခွဲခြားဆက်ဆံပြီး အသက် ၁၆ နှစ်မှ ၃၅ နှစ်ကြားရှိလူငယ်များကို အဓိကထား

12. ND-Burma, "Human Rights Documentation Manual Series: Documenting Arbitrary Arrest and Detention in Burma" (October 2008). See also UN Working Group on Arbitrary Detention, 'Deliberation No. 9 concerning the definition and scope of arbitrary deprivation of liberty under customary international law' (24 December 2012) UN Doc A/HRC/22/44.

လုပ်ဆောင်လေ့ရှိသည်။ လူငယ်များစွာမှ စစ်တပ်အားဆန့်ကျင်သော အဖွဲ့များဖြစ်သည့် KA၊ KNDF၊ ဒေသခံ PDF များ၏ အဖွဲ့ဝင်များဖြစ်သည် သို့မဟုတ် ထောက်ပံ့ပေးသည်ဟု စွပ်စွဲခံထားရသည်။

တစ်ခါတစ်ရံတွင် ကရင်နီအရပ်သားများအား ခြိမ်းခြောက်ရုံနှင့် အကြောက်တရား ထည့်သွင်းရန်အတွက် မတရားဖမ်းဆီးထိန်းသိမ်းမှုများအား အသုံးပြုလေ့ရှိသည်။ ဖမ်းဆီးထိန်းသိမ်းခံရပြီး စစ်ဆေးရေးစင်တာမျိုးသို့ ရောက်ရှိပါက ညှင်းပန်းနှိပ်စက်မှုများနှင့် လူမဆန်သော ပြုမူဆက်ဆံမှုများကို ဖိအားပေးလုပ်ဆောင်လေ့ရှိသည်။ ဥပမာအနေဖြင့် ၂၀၂၂ ခုနှစ် မေလ ၂၁ ရက်နေ့တွင် တပ်မ (၆၆) မှ ဖရူဆိုမြို့နယ်ရှိ အမျိုးသမီး ၂ ဦးနှင့် ကလေးငယ် ၁ ဦးအပါအဝင် ရွာသား ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ စစ်သားများမှ ရွာသား ၁၀ ဦးအား တစ်နေရာတည်းတွင် စုစည်းပြီး စစ်ဆေးမေးမြန်းခြင်းအပြင် သေနတ်ဖြင့်ရိုက်ခြင်း၊ ကန်ကျောက်ခြင်း စသည့် နှိပ်စက်မှုမျိုးစုံကို တစ်နေကုန်ကျူးလွန်ခဲ့သည်။ တစ်နေ့တာ ကုန်ဆုံးချိန်ရောက်မှ ရွာသားများအား ပြန်လည်လွှတ်ပေးခဲ့သည်။

ကျန်ရှိသူများအနက် ၂၀၀ ဦးကျော်ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သည့်ပုဒ်မ ၅၀၅ နှင့် "အကြမ်းဖက်" အဖွဲ့အစည်းများအား ထောက်ပံ့မှုနှင့်သက်ဆိုင်သည့် ၁၇/၁ မတရားအသင်းဥပဒေများဖြင့် တရားစွဲဆိုထားသည်ဟု ယူဆသည်။[13] အမိန့်ချမှတ်မှုများမှာ ထောင်ဒဏ် ၃ နှစ်မှ ၂၀ နှစ်အထိ ချမှတ်မှုများရှိသည်။ ကရင်နီပြည်နယ်အတွင်း သေဒဏ်ကျမှတ်ခံရသူ ၂ ဦးခန့်ရှိသည်။

ပြန်လည်လွတ်မြောက်လာသော ကရင်နီအရပ်သားများသည် စိတ်ဒဏ်ရာရစေသည့် အတွေ့အကြုံများကြောင့် ဖမ်းဆီးထိန်းသိမ်းခံရစဉ် အတွေ့အကြုံများကို ပြန်လည်ပြောပြရန် ဝန်လေးကြသည်။ ထိုအတွေ့အကြုံများကို ပြန်လည် ပြောပြရာတွင် စစ်တပ်သတင်းပေးများ ကြားသိသွားနိုင်ပြီး နောက်ထပ်တစ်ကြိမ် ပြန်လည်အဖမ်းခံရနိုင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်းနှင့် လူမဆန်သောဆက်ဆံမှုများကို ထပ်မံကြုံတွေ့ရနိုင်ချေ ရှိနေသောကြောင့်ဖြစ်သည်။ ယခင်ဖမ်းဆီးခံရပြီး လွတ်မြောက်လာသူများအနေဖြင့် ဘေးလွတ်ရာသို့ ရှောင်ပုန်းသော်လည်း ၎င်းတို့၏ မိသားစုဝင်များကို ဖမ်းဆီးမှုများ ကြုံတွေ့ရနိုင်သည်။

ထိုကဲ့သို့သော ပြန်လည်ဖမ်းခံရနိုင်သည့် အန္တရာယ်များအကြားမှ လွတ်မြောက်လာသူ ၁၂ ဦးကမူ လက်ရှိဖြစ်လာနိုင်သည့် အန္တရာယ်များကြားမှ စစ်တပ်၏ဖမ်းဆီးထိန်းသိမ်းမှုအောက်တွင် ၎င်းတို့ကြုံတွေ့ခဲ့ရသော အခြေအနေများကို အောက်တွင်ဖော်ပြထားသည့်အတိုင်း ပြန်လည်ပြောပြခဲ့သည်။

13. Two weeks after the attempted coup, the junta amended article 505 of the Penal Code to significantly broaden its scope and silence its critics. See Free Expression Myanmar, "505A Act of Revenge: Review of Myanmar Coup Speech 'Crimes'" (January 2022).



**ဓါတ်ပုံစစ်တပ်မှ မီးရှို့ထားသည့် ကရင်နီအရပ်သားတစ်ဦး၏ ရုပ်ခန္ဓာ။**

ညှင်းပန်းနှိပ်စက်မှုအား နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများမှ ကာကွယ်ပေးထားပြီး ကျူးလွန်ပါက စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်နိုင်သည်။ ညှင်းပန်းနှိပ် စက်မှုဆိုသည်မှာ ကန့်သတ်ထားသည့် မျှော်မှန်းချက်တစ်ခုအတွက် ရည်ရွယ်ချက်ရှိရှိ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ နာကျင်စေမှုသို့မဟုတ် ခံစားရစေမှုဟု အဓိပ္ပါယ်ဖွင့်ကြသည်။ ထိုကဲ့သို့သော မျှော်မှန်းချက်များတွင် အပြစ်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ဖိအားပေးခြင်း၊ သတင်းအချက်အလက် သို့မဟုတ် ဝန်ခံချက်ရယူခြင်းအပြင် အခြားမည့်သည့်ခွဲခြားဆက်ဆံမှုမျိုးမဆို ပါဝင်သည်။ ညှင်းပန်းမှုများတွင်ဥပမာအနေဖြင့် အချိန်ကြာမြင့်စွာ ချည်နှောင်ထားခြင်းနှင့် ဒဏ်ရာအနာ တရရရှိအောင် ရက်စက်ရိုက်နက်ခြင်းမျိုးများပါဝင်သည်။ အခြားရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာစော်ကာမှုများမှာ ရက်စက်စွာဆက်ဆံခြင်းတွင်ပါဝင်သည်။ နိုင်ငံတကာဥပဒေများအရ ခံစားရသည့်ဝေဒနာအတိုင်းအတာနှင့် ကန့်သတ်ထားသည့်မျှော်မှန်းရှိ မရှိပေါ်တွင် မူတည်သည်။[14]

ဤအစီရင်ခံစာတွင် ဝင်ရောက်ဖြေဆိုသူများမှ ၎င်းတို့ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအပြင် စစ်တပ်ထိန်းချုပ်ရေးစင်တာများတွင် ရောက်ရှိနေစဉ် မြင့်တွေ့ခဲ့ရသည်များကိုလည်း ပြောပြထားသည်။ သူတို့မှပြန်လည်ပြောပြသည့် အတွေ့အကြုံများသည် နိုင်ငံတစ်ဝှမ်း မှတ်တမ်းတင်ထားသည့် ပုံစံများနှင့် ထပ်တူကျနေသည်။ ဖမ်းဆီးခံရပြီး ချက်ခြင်းအသတ်ခံရသူများလည်းရှိသလို စစ်တပ်ထိန်းချုပ်ရေးစင်တာများသို့ ခေါ်ဆောင်သွားပြီး ရက်စက်စွာရိုက်နှက်ခြင်း၊ အခြားညှင်းပန်းနှိပ်စက်မှုပုံစံများဖြင့် စစ်ဆေးမေးမြန်းခြင်းများလည်းရှိသည်။ ထို့နောက် စွဲချက်တင်ပြီး ထောင်သို့ ပြောင်းရွှေ့ကာ လွဲမှားသောတရားစီရင်ရေးနှင့် စတင်ကြုံတွေ့ရသည်။[15]

အင်တာဗျူးဝင်ရောက်ဖြေဆိုသူများ ဖော်ပြသည့် ပထမအမှုမှာ ၂၀၂၂ ခုနှစ်တွင် ကရင်နီအမျိုးသားများ မတရားဖမ်းဆီးခံရသည့်အမှုဖြစ်သည်။ ယင်းဖြစ်စဉ်တွင် အချို့သူများမှာ ဖမ်းဆီးသည့်နေရာတွင် သတ်ဖြတ်ခြင်းခံခဲ့ရပြီး ကျန်သူများကို လွိုင်ကော်ရှိ စစ်ဆေးရေးစင်တာသို့ပို့ဆောင်ကာ ညှင်းပန်းနှိပ်စက်ခဲ့သည်။ ၂၀၂၂ ခုနှစ်မှ အခြားအမှုတစ်ခုတွင် ဖရူဆိုမြို့တွင်းရှိ ရဲစခန်းတွင် အမျိုးသားတစ်ဦးဖမ်းဆီးခံရပြီး ထိုသူမှာ ရဲသားများ၏ရက်စက်စွာ ကန်ကြောက်ခြင်းနှင့် ထိုးကြိတ်ခြင်းကို ခံခဲ့ရသည်။ နောက်နေ့ လွိုင်ကော်မြို့ စစ်တပ်စစ်ဆေးရေးစင်တာသို့ လွှဲပြောင်းပြီး စစ်ဆေးနေစဉ်

14. ND-Burma, "Human Rights Documentation Manual Series: Documenting Torture and Other Forms of Ill-Treatment in Burma" (November 2008).

15. Crimes Against Humanity Perpetrated by the Armed Wing of the Junta in Burma Since the 2021 Coup (July 2022) and Fortify Rights, ' "Nowhere is Safe": The Myanmar Junta's Crimes Against Humanity Following the Coup d'Etat' (March 2022).

ကာလတွင်လည်း စစ်သားများ၏ညှင်းပန်းနှိပ်စက်မှုများကို ထပ်မံခံခဲ့ရကြောင်း ဖွင့်ဟခဲ့သည်။

ကရင်နီအရပ်သားများသည် လုပ်အားပေးရန် အဓမ္မခိုင်းစေခံရချိန်နှင့် လူသားဒိုင်းအဖြစ် အသုံးပြုခံရချိန် တွင်လည်း ညှင်းပန်းနှိပ်စက်မှုများကို ခံခဲ့ရသည်။ အကြမ်းဖက်ခံရမှု အသေးစိတ်ကို အောက်တွင်ဖော်ပြထားသည်။ ထိုကဲ့သို့ ညှင်းပန်းနှိပ်စက်ခံရသူများသည် ရုပ်ပိုင်းရော စိတ်ပိုင်းပါ ထိခိုက်ခံစားခဲ့ရပြီး ထိုအတွေ့အကြုံများကြောင့်စိတ်ဒဏ်ရာရ ရှိခဲ့ကြသည်။ သို့သော် အကြမ်းဖက်ခံရသူ အရပ်သားများ၏ ကြောက်စိတ်များနှင့် စိတ်ဒဏ်ရာ ကိုကုစားပေးမည့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များနှင့် အစီအစဉ်များမှာ လက်ရှိတွင် မရှိသေးပါ။

## စစ်တပ်၏ထိန်းချုပ်မှုအောက်တွင် သတ်ဖြတ်ခံရခြင်း

သတ်ဖြတ်ခြင်းအား အခြေအနေအနည်းငယ်တွင်သာ "တရားဝင်" သည်ဟုသတ်မှတ်ထားပြီး ထိုကဲ့သို့သော အခြေအနေများမှာ နှစ်ဖက်တိုက်ပွဲဖြစ်ပွားနေသည့်အခြေအနေမျိုးနှင့် တရားမျှတသည့် ခုံရုံး တစ်ခုမှ သေဒဏ်ပေးခြင်းတို့ဖြစ်သည်။ ကျန်အခြေအနေများ အားလုံးတွင် သတ်ဖြတ်ခြင်းသည် တရားဝင်မှု မရှိပါ။[16]

စက်တင်ဘာလ ၂၀၂၂ ခုနှစ်အထိ စစ်တပ်မှ မတရားဖမ်းဆီးထိန်းသိမ်းထားစဉ်တွင်အရပ်သား ၁၁၅ ဦးခန့်အား သတ်ဖြတ်ခဲ့ခြင်းကို မှတ်တမ်းတင်ထားသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စစ်သားများမှ ဖမ်းဆီးပြီး ချက်ချင်းသတ်ဖြတ်ခြင်း မျိုးအရှိသလို ဖမ်းဆီးပြီးအချိန်ခဏအကြာမှ သတ်ဖြတ်ခြင်းမျိုးလည်းရှိသည်။ ထူးခြားသည့်ဖြစ်စဉ်တစ်ခုအနေဖြင့် စစ်ရှောင်ပြည်သူများအတွက် အကူအညီများဆောင်ရွက်ပေးခဲ့သည့် ကရင်နီအရပ်သား မောင် အား မတရားဖမ်းဆီးပြီး သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

16. ND-Burma, "Human Rights Documentation Manual Series: Documenting Killings and Disappearances in Burma" (October 2008).

၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အတွင်းရှိ မောင်တို့၏ ကျေးရွာအတွင်းသို့ စစ်သားများဝင်ရောက်လာခဲ့သည်။ မောင်သည် စစ်ရှောင်ပြည်သူများအတွက်လုပ်အားပေးကူညီလုပ်ဆောင်နေသည်ဟု သိရပြီး နောက်တွင် စစ်သားများမှ သူ့အားဖမ်းဆီးပြီးစစ်တပ်၏ထိန်းချုပ်မှုအောက်ရှိ စခန်းသို့ခေါ်ဆောင်သွားခဲ့သည်။

"မောင် ကိုဖမ်းသွားတော့ တော်တော်လေးဝမ်းနည်းတာပေါ့။ သူ့ကိုသွားတွေ့ဖို့ ခွင့်တောင်းခဲ့ပေမယ့် တွေ့ခွင့်မရခဲ့ဘူး။ တစ်ပတ် လောက်ကြာတော့ လူသားဒိုင်းအဖြစ်သုံးဖို့ ခေါ်သွားပြီလို့ ကောလဟာလကြားခဲ့တယ်။ ကျွန်တော် မယုံနိုင်ခဲ့ဘူး။" နီးစပ်သည့် ဆွေမျိုးတစ်ဦးမှ ပြောပြသည်။

"ကကြီး ရွာမှာ ကျွန်မအမျိုးသားနဲ့ အလုပ်လုပ်ဖို့သွားနေရင် အနံ့တစ်မျိုးရတာကို သတိထားမိတာ။ ကျမ အနံ့ရတဲ့ နေရာနားကိုဘဲ တခြားလူတွေသွားရင်းနဲ့ သူ့အလောင်းကိုတွေ့တာ။ တော်တော်လေးဝမ်းနည်းရတယ်။ သူကိုဖမ်းသွားတဲ့နေ့မှာဘဲ အသတ်ခံရတယ်၊ ဒါမှမဟုတ် ဖမ်းပြီးနောက်တစ်ရက်မှာ အသတ်ခံရတယ်လို့ထင်တယ်။"

ဗမာစစ်သားများသည် ကျူးလွန်ထားသည့် ရာဇဝတ်မှုများကို ဖုံးကွယ်ရန် ကြိုးစားလေ့ရှိသည်။ ယခုဖြစ်သွားသည့်ကိစ္စတွင်မူ မောင်အား တိုက်ပွဲဝင်စစ်သားတစ်ယောက်အဖြစ် အဝတ်အစားများကိုဖရိုဖရဲ ဝတ်ဆင်ပေးထားသည်ကို တွေ့ရသည်။ သို့သော် ထိုကဲ့သို့စစ်သားဝတ်စုံ ဝတ်ဆင်ပေးရာတွင် မောင်၏အရပ်သားအဝတ်အစားများအား ချွတ်ယူခြင်းမရှိဘဲ အရပ်သားအဝတ်များ အပေါ်တွင်ထပ်၍ စစ်ဝတ်စုံဝတ်ဆင်ပေးထားခြင်းဖြစ်သည်။ သူ့အားဝတ်ဆင်ပေးထားသည့် စစ်ဝတ်စုံအောက်တွင် ကရင်နီရိုးရာ ဝတ်စုံကို ဝတ်ဆင်ထားပြီး အလောင်းကိုအတည်ပြုနိုင်ခဲ့သည်။

ကံမကောင်းစွာဘဲ သူ့၏အလောင်းမှာ ရွှေ့ပြောင်းသယ်ယူရန်ခက်ခဲနေပြီဖြစ်သည်။ ထို့ကြောင့်မိသားစုဝင်များအား အလောင်းရှာ တွေ့သည့်နေရာတွင်ပင် တူးပြီးသင်္ဂြိုလ်လိုက်ရသည်။

## အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု

**အရပ်သားတစ်ဦး သို့မဟုတ် တစ်ဦးထပ်ပို၍သတ်ဖြတ်ခြင်းသည် ကျူးလွန်သည့်အခြေအနေများ အပေါ်မူတည်ပြီး စစ်ရာဇဝတ်မှု သို့မဟုတ် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ မြောက်နိုင်သည်။ ကျူးလွန်ထားသော ရာဇဝတ်မှုအခြေအနေများကို ဤအစီရင်ခံစာပါ နိုင်ငံတကာ ဥပဒေမူဘောင်းများနှင့် သုံးသပ်ချက်များအခန်းတွင် ဖော်ပြထားသည်။**

စစ်တပ်၏ထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေသော အရပ်သားများ ဒါဇင်ကျော် မတူညီသော အခြေအနေများတွင် သတ်ဖြတ်ခံရမှုအပြင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု သုံးကြိမ်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။

ပထမအကြိမ်မှာ ၂၀၂၁ ခုနှစ် ခရစ္စမတ်အကြိုနေ့တွင် ဖြစ်ပွားခဲ့သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အရင်နီအရပ်သားတစ်စုအား တပ်မ(၆၆)မှ မတရားဖမ်းဆီးခဲ့ပြီး တစ်နာရီ အကြာတွင် ဖရူဆိုမြို့နယ် မိုဆိုကျေးရွာအနီးတွင် အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ လူသိများသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်သည့် SAVE THE CHILDREN အဖွဲ့မှ ဒေသခံဝန်ထမ်းနှစ်ဦးသည် ကနဦးဖမ်းဆီးခံရသည့် အရပ်သားအုပ်စုတွင် ပါဝင်ခဲ့ခြင်းမရှိပါ။ သူတို့၏ကား ထိုနေရာအနီးသို့ဖြတ်သွားစဉ် စစ်သားများမှ ကားအားတားမြစ်ပြီး ဖမ်းဆီးခံခဲ့ရ ခြင်းဖြစ်သည်။ ထိုကဲ့သို့မတရား ဖမ်းဆီးခံခဲ့ရသော ဝန်ထမ်းနှစ်ဦးသည်လည်း သတ်ဖြတ်ခြင်းမခံရမီ ညှင်းပန်းနှိပ်စက်ခံထားရသည်ဟု ယူဆနိုင်သည်။ ဤအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် စစ်သားများမှ စုစုပေါင်းအရပ်သား ၃၄ ဦးအား သတ်ဖြတ် ခဲ့ခြင်းဖြစ်သည်။

ခရစ္စမတ်ကြိုလူသတ်မှုတွင် သတ်ဖြတ်ခံရသူများ၏ မိသားစုဝင်များအနေဖြင့်စိတ်ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြပြီး သူတို့၏ဆုံးရှုံးမှုများကို ယူကြုံးမရဖြစ်နေကြသည်။ မိုဆိုလူသတ်မှုတွင် အသတ်ဖြတ်ခံရသည့် အမျိုးသားတစ်ဦး၏ စိတ်ဒဏ်ရာရရှိနေသူ ဇနီးသည်မှ ယခုလိုပြောပြသည်။

> *"ကျမ ညတိုင်းငိုတယ်။ အရမ်းစိတ်ဓါတ်ကျတယ်။ ကျမယောကျ်ားနဲ့ တူတူသေသွားရင်လည်း ကောင်းမယ်။ ယောကျ်ားမျက်နှာကိုလည်း နောက်ဆုံးအကြိမ်တောင် မကြည့်ခဲ့ရဘူး။ အိမ်ကိုပြန် ရောက်တိုင်း သတိရတယ်။ သူဝတ်နေကျအဝတ်အစားတွေမြင်ရင်လည်း သတိရတယ်။"*

အခြား သတ်ဖြတ်ခြင်းခံရသူတစ်ဦး၏ အမျိုးသမီးမှ ယခုလိုထပ်ပြောပြသည်။

*“ကျွန်မအမျိုးသားမရှိဘဲ အနာဂါတ်မှာဘယ်လိုရှင်သန်အောင်လုပ်ရမလဲမသိဘူး။ မိသားစုဝင်ငွေကို အဓိကရှာဖွေတာက ကျွန်မအမျိုးသားဘဲ။ သူအသက်ရှင်တုန်းက အကုန်လုံးသူဘဲစီစဉ် လုပ်ဆောင်ခဲ့တယ်။ ကျွန်မယောကျ်ားမရှိဘဲ ကလေးတွေကို ဘယ်လိုပြုစုပြုံးထောင်ပေးရမလဲ မသိဘူး။ သူတို့ကို ကြည့်ရှုစောင့်ရှောက်ဖို့ အားတောင်မရှိဘူး။ အခုဖြစ်နေတဲ့ လူမှုစီးပွားရေးအခက်အခဲတွေနဲ့ဆို ပိုပြီးခက်ခဲတယ်။ အိမ်နီးနားချင်းတွေစိုက်ပျိုးနေကြပေမဲ့ ဒီအလုပ်တွေကျွန်မနားမလည်ဘူး။ လုပ်လည်းမလုပ်တတ်ဘူး။”*

ဒုတိယအကြိမ် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုသည် ၂၀၂၂ ခုနှစ် ဇွန်နဝါရီလ ၂၀ ရက်နေ့တွင် ဖြစ်ပွားခဲ့သည်။ စစ်ရှောင်ပြည်သူ ၅ ဦးမှ အစားအသောက်ရှာဖွေရန်အတွက် ဒီမော်ဆိုမြို့နယ်ကို ထွက်လာခဲ့သည်။ ထိုနေရာများတွင် တပ်မ (၆၆) ရှိနေသည့်အတွက် ရွာသားများအချင်းချင်း ခရီးသွားလျှင်အပြန်အလှန် သတိပေးမှုများရှိသည်။ ထိုအန္တရာယ်များကို သိနေသော်လည်း ရွေးချယ်စရာမရှိသည့်အတွက် အစားအသောက်ရှာဖွေရန် ထွက်လာခဲ့ပြီးစစ်အစိုးရစစ်သားများ၏ မတရားဖမ်းဆီးမှုကို ခံခဲ့ရသည်။ ဖမ်းဆီးခံရပြီးသည့်နောက်ပိုင်း အဆက်အသွယ်မရဘဲအစအန ပျောက်သွားခဲ့သည်။ ၆လ ခန့်ကြာအောင် မည်သည့်နေရာ ရောက်နေသည်ကို မသိရဘဲ ပျက်စီးနေသည့် ရုပ်အလောင်းများကိုရေတွင်း တစ်ခုတွင်ရှာဖွေတွေ့ရှိခဲ့ရသည်။ ဗမာစစ်တပ်၏ ဖမ်းဆီးခံရသူများအပေါ် ပြုမူဆက်ဆံသည့် ပုံစံများအရ ထိုစစ်ရှောင် ၅ ဦးအား အသက်သေစေသည့်အထိ ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် အခြားနည်းဖြင့် ဖမ်းချုပ်ထားစဉ် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်ပြီး လူမဆန်စွာ ရုပ်အလောင်းများကို ဖျောက်ဖျက်ထားခြင်း ဖြစ်သည်။

ရက်အနည်းငယ်ကြာပြီး တတိယအကြိမ်အစုလိုက်ပြုံလိုက်သတ်ဖြတ်မှုမှာ လည်းပုံစံဆင်တူဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇွန်နဝါရီလ ၂၅ ရက်နေ့လွိုင်ကော်တွင် ဖြစ်ပွားခဲ့သည်။ ကရင်နီအမျိုးသား ၆ ဦးခန့်ကိုစစ်သားများမှဖမ်းဆီးခံရကြောင်း မျက်မြင်သက်သေများကပြောပြသည်။ ကွင်းဆင်းဝန်ထမ်းသို့ပြောကြားချက်များတွင် ထိုနေရာများမှ သေနတ်ပစ်သံများကြားခဲ့ရပြီး သိပ်မကြာခင် စစ်သားများမှ ပြန်လည်ဆုတ်ခွာသွားသည်ကို မြင်တွေ့ရကြောင်း ပြောကြားသည်။ သိပ်မကြာခင် ထိုနေရာရှိ မိလ္လာတွင်းတွင် ကရင်နီတိုင်းရင်းသား ၆ ဦး ၏ရုပ်အလောင်းအားရှာဖွေတွေ့ရှိခဲ့ရသည်။

ဗမာစစ်တပ်အနေဖြင့် အထက်ဖော်ပြပါ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ၃ ခု ကဲ့သို့ ကြောက်မက်ဖွယ် ကောင်းသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့သော်လည်း အပြစ်ကင်းလွတ်ခွင့်ရနေပြီး ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်မှုမြောက်နိုင်သည်။ ကရင်နီအရပ်သားများ၏ ရုပ်အလောင်းများအားသက်သေဖျောက်ဖျက်ရန်ရည်ရွယ်ပြီး မီးရှို့ဖျက်စီးခြင်းနှင့်ရုပ်အလောင်းများ ပျက်စီးစေရန် ရေတွင်းနှင့် မိလ္လာတွင်းများတွင် စွန့်ပြစ်သော လုပ်ရပ်အားများကြည့်ခြင်းအားဖြင့် ကျူးလွန်ခဲ့သော ရာဇဝတ်များအား သိရှိနားလည်သူများဖြစ်သည်ကို ဖော်ပြနေသည်။ ကျူးလွန်ခံရသူများအား သေဆုံးသည်အချိန်အထိ ဂုဏ်သိက္ခာညိုးနွမ်းအောင်လုပ်ဆောင်ခဲ့ပြီး ကျန်ရစ်သူမိသားစုဝင်များ၏ဝမ်းနည်းပူဆွေးမှု အပေါ်ထပ်ဆင့်ကာ ကောင်းမွန်စွာ မြှုပ်နှံခြင်း မပြုနိုင်အောင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

## အစမ္မလုပ်အားပေးစေခိုင်းခြင်းနှင့် လူသားဒိုင်းများအသုံးပြုခြင်း

နိုင်ငံတကာဥပဒေတွင် အစမ္မလုပ်အားပေးစေခိုင်းခြင်းကို လုပ်အား သို့မဟုတ် ဝန်ဆောင်မှုအားစိတ်ဆန္ဒအလျှောက်မဟုတ်ဘဲ ပြစ်ဒဏ်ပေးသည့်နည်းဖြင့် ရယူခြင်းဟုဖော်ပြထားသည်။ ဆိုလိုသည်မှာ တစ်စုံတစ်ယောက်ထံမှ လုပ်အား သို့မဟုတ် ဝန်ဆောင်မှုအားပြစ်ဒဏ်များဖြင့် ခြိမ်းခြောက်ပြီး ဖိအားပေး လုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဖိအာပေးစေခိုင်းခြင်း သို့မဟုတ် မလုပ်မနေရ လုပ်အားပေးစေခိုင်းခြင်းအား အခြေအနေအနည်းငယ်တွင်သာ ခွင့်ပြုထားသည်။[17] ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲ ဖြစ်ပွားနေသည့်အခြေအနေမျိုးတွင် ကြမ်းတမ်းသောဖိအားပေး အစမ္မလုပ်အားပေးစေခိုင်းမှုအား တာမြစ်ထားသည်။ အခြားသတင်းအချက်အလက်များကို ဤအစီရင်ခံပါ နိုင်ငံတကာဥပဒေမူဘောင်နှင့် သုံးသပ်ချက်အပိုင်းတွင် ဖတ်ရှုပါ။

၂၀၂၁ ခုနှစ် မေလမှစတင်၍ ကရင်နီပြည်နယ်အတွင်း ဗမာစစ်တပ်မှ အစမ္မလုပ်အားစေခိုင်းမှုနှင့် လူသားဒိုင်းအသုံးပြုမှု ၆ ကြိမ်ပြုလုပ်ခဲ့သည်ကို မှတ်တမ်းရရှိခဲ့ပြီး အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ကရင်နီတိုင်းရင်းသား အနည်းဆုံး ၆၅ ဦးအထိ ပါရှိသည်ဟုခန့်မှန်းသည်။ ဤကဲ့သို့သောလုပ်ဆောင်မှုများကို နိုင်ငံတစ်ဝှမ်း၊ အထူးသဖြင့် လက်နက်ကိုင်တိုက်ပွဲဖြစ်နေသည့် တိုင်းရင်းသားဒေသများတွင် ပြုလုပ်ခဲ့သည့် မှတ်တမ်းများစွာရှိသော်လည်း အာဏာသိမ်းရန်ကြိုးစားမှုနောက်ပိုင်းတွင် သိသိသာသာ ပိုများလာခဲ့သည်။[18]

ကရင်နီပြည်နယ်အတွင်း စစ်တပ်များ ရွေ့လျားသွားလာသည့်အချိန်တိုင်း အရပ်သားများမှ

17. ND-Burma, "Human Rights Documentation Manual Series: Documenting Forced Labor in Burma" (November 2008).
18. See for example, Karen Human Rights Group, "Undeniable: War crimes, crimes against humanity and 30 years of villagers' testimonies in rural Southeast Burma" (December 2022) and Chin Human Rights Organisation, "Collective Punishment: Implementation of "Four Cuts" in Mindat Township" (March 2022).

လမ်းပြ၊ ပေါ်တာ၊ လူသားဒိုင်းများအဖြစ် ဖိအားပေးခေါ်ဆောင်သွားမည်ကို ကြောက်ရွံ့နေကြရသည်။ မကြာခဏဆိုသလို ကရင်နီပြည်နယ်အတွင်း အခြေကုတ်စခန်းသစ်များချရန်နှင့် စစ်ကူအင်အားဖြည့်သည့်အချိန်မျိုးတွင် ဖြစ်လေ့ရှိသည်။ ဗမာစစ်သားများသည် ခရီးစဉ်တစ်လျှောက်တွင် စစ်အာဏာရှင်အား တော်လှန်သည့်အင်အားစုများ၏တိုက်ခိုက်မှုများမှ မိမိကိုယ်ကို ကာကွယ်ရန်အတွက် ကရင်နီအရပ်သားများကို လူသားဒိုင်းအဖြစ်ခေါ်ဆောင်ကြသည်။ တစ်ခါတစ်ရံ စစ်သားများက ကရင်နီအရပ်သားများအား ကျူးလွန်ထားခြင်းမရှိသည့် ပြစ်မှုများဖြင့် မဟုတ်မမှန်စွပ်စွဲပြီး အပြစ်ပေး သည့်အနေဖြင့်လူသားဒိုင်းအဖြစ် ခေါ်ဆောင်တတ်သည်။

ယေဘုယျအားဖြင့် အမျိုးသမီးများအပါအဝင် ရွာသားများအား ရွာမှဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်သားများအတွက် လမ်းပြလုပ်စေခြင်းအပြင် ပစ္စည်းများသယ်ဆောင်ခိုင်းလေ့ရှိသည်။ စစ်ဘေးရှောင်ပြည်သူများအား မတရားဖမ်းဆီးပြီး ထိုနည်းအတိုင်း အသုံးပြုလေ့ရှိသည်။ ထိုအရပ်သားများအား စစ်သားများနှင့်တစ်တန်းတည်း သို့မဟုတ် ရှေ့မှလမ်းလျှောက်စေပြီး တိုက်ပွဲဖြစ်ပွားမှုရှိနေသည့် ရှေ့တန်းများတွင် လူသားဒိုင်းအဖြစ် အသုံးပြုခြင်းခံရသည်။ တစ်ခါတစ်ရံ ကြိုးများဖြင့် ပူးတွဲချည်နှောင်ထားခြင်း ခံရသည်။ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြိမ်းခြောက်မှုများအောက်တွင် အစာရေစာ လုံလောက်စွာမရသည့်အပြင် စစ်သားများ၏ နှုတ်အားဖြင့်ယုတ်ညံ့စွာ ပြောဆိုဆက်ဆံခြင်းလည်း ခံရသည်။ ဗမာစစ်သားများမှ အရပ်သားများအပေါ် ယုတ်ညံ့သည့် ဆက်ဆံမှုပုံစံမျိုးစုံဖြင့် ဆက်ဆံလေ့ရှိပြီး ညှင်းပန်းနှိပ်စက်မှုမြောက်သည့်အထိ ထိုးကြိတ်မှုများကို ပုံမှန်လုပ်ဆောင်လေ့ရှိသည်။မျက်မြင်သက်သေများ၏ပြောဆိုချက်များအရ လူသားဒိုင်းအဖြစ် အသုံးပြုခံရသော အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကိုလည်း ခံခဲ့ရသည်။

> *"လူသားဒိုင်း" ဆိုသည့်အသုံးအနှုန်းသည် စစ်မက်ဖြစ်ပွားနေသည့် အချိန်တွင် ရန်သူစစ်သားများ တိုက်ခိုက်ခြင်းမှကာကွယ်ရန် အရပ်သားများကို ခေါ်ဆောင်ခြင်းသည့် နည်းလမ်းတစ်ခုဖြစ်သည်။ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေများမှ ဤလုပ်ရပ်အား တားမြစ်ထားသည်။*[19]

မှတ်တမ်းတင်ထားသည့် ဖိအားပေးအဓမ္မလုပ်အားစေခိုင်းမှုနှင့် လူသားဒိုင်းအသုံးပြုမှုများကို ဖရူဆို၊ ဒီမော်ဆို၊ လွိုင်ကော်နှင့် ဖယ်ခုံမြို့နယ်များတွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပြီး ကရင်နီဒေသအတွင်း ထိုနည်းလမ်းများကို ကျယ်ပြန့်စွာ အသုံးပြုနေသည်ကို ဖော်ပြနေသည်။ ဤအဖြစ်အပျက်များမှ တစ်ခုကို အောက်တွင်အသေးစိတ်ဖော်ပြထားသည်။ ကျန်အဖြစ်အပျက်များကို အတိုချုပ်၍ ဖော်ပြထားသည်။

19. International Committee of the Red Cross. See <https://casebook.icrc.org/glossary/human-shields>.

## ဖြစ်စဉ် (၁) ၂၀၂၁ ခုနှစ် ဩဂုတ်လ- ဖရူဆို၊ ဒီမော်ဆိုနှင့် လွိုင်ကော်မြို့နယ်များ

ဆယ်ကျော်သက်ယောကျ်ားလေးတစ်ဦး အပါအဝင် ယောကျ်ား ၆ ဦး ဖရူဆိုမြို့နယ်အတွင်း ရှိရွာသို့ စားစရာများနှင့် မိမိတို့အိမ်မှ ပစ္စည်းအချို့ပြန်ယူစဉ်တွင် တပ်မ (၆၆) စစ်သားများ၏ မတရားဖမ်းဆီးမှုကို ခံခဲ့ရသည်။ စုစုပေါင်း ၇ ရက်နှင့် ၈ ည ကျော် အဓမ္မလုပ်အားစေခိုင်းမှုများနှင့် လူသားဒိုင်းအဖြစ်အသုံးပြုမှုခံခဲ့ရသည်။ ထိုအချိန်အတောအတွင်း ဖရူဆိုမြို့နယ်၊ ဒီမော်ဆိုမြို့နယ်နှင့်လွိုင်ကော်မြို့နယ်များအတွင်း လမ်းလျှောက်သွားလာခဲ့ရပြီး အကွာအဝေးအားဖြင့် ၆၅ ကီလိုမီတာအထိ သွားခဲ့ရသည်။

စစ်တပ်မှ ဖမ်းဆီးသွားသည့်နောက်ပိုင်း စစ်ရှောင်ပြည်သူ ၆ ဦးအား ကျောဘက်တွင်လက်အားချည်နှောင်ထားပြီး အားလုံးကို စုပေါင်းချည်နှောင်ထားခဲ့သည်။ လှုပ်ရှားမှုပြုလုပ်လျှင် သို့မဟုတ် ထွက်ပြေးရန်ကြိုးစားလျှင် သေနတ်ဖြင့် ပစ်သတ်မည်ဟု ခြိမ်းခြောက်ခံရသည်။ ဖရူဆိုမြို့နယ်အတွင်း တစ်ရွာဝင်တစ်ရွာထွက် ပစ္စည်းများထမ်းပိုးကာ လမ်းပြအဖြစ်လိုက်ပါခဲ့ရသည်။ လမ်းလျှောက်နေစဉ်အတွင်း မကြာခဏရိုက်နှက်ခြင်းခံရသည်။

ဖရူဆိုမြို့နယ်အတွင်းရှိ ရွာ ၂ ရွာ၏အပြင်တွင် ယာယီစခန်းများချထားပြီး စစ်အာဏာရှင်အား တော်လှန်သည့်အဖွဲ့များ၏ တိုက်ခိုက်မှုရန်မှ ကာကွယ်ရန် စစ်ရှောင်ပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ ၅ ရက်အတွင်း အနည်းဆုံး ရွာ ၈ ရွာသို့သွားရောက်ခဲ့ပြီး ထိုခရီးစဉ်တစ်လျှောက် စစ်ရှောင်များကို လမ်းပြအဖြစ်ရော လူသားဒိုင်းအဖြစ်ပါ အသုံးပြုခဲ့သည်။ တစ်နေရာသို့ရောက်တိုင်း ရွာသားများအား မတရားဖမ်းဆီးပြီး နောက်တစ်ရွာသို့ ရောက်သည့်အထိ လမ်းပြစေပြီးမှ ပြန်လည်လွှတ်ပေးသည်။ စစ်ရှောင်ပြည်သူ ၆ ဦးအပြင် ရွာသား အနည်းဆုံး ၁၀ ဦးခန့်အား ဖမ်းဆီးပြီး လမ်းပြ၊ လူသားဒိုင်းအဖြစ်စေခိုင်းခဲ့သည်။

ဖမ်းဆီးခံရပြီး ၆ ရက်အကြာတွင် စစ်ရှောင်ပြည်သူများသည် တပ်မ ၆၆ နှင့်အတူ ဖရူဆိုမြို့နယ်ရှိ ခမရ ၄၂၈ တပ်ရင်းသို့ ရောက်ရှိခဲ့သည်။ ရောက်ပြီးနောက်တစ်ရက်အတွင်း စစ်ရှောင်ပြည်သူများအား တပ်မ ၆၆ အတွက် လူသားဒိုင်းအဖြစ် ဖရူဆိုမှ ဒီမော်ဆို၊ ထို့နောက် လွိုင်ကော်သို့ တစ်ရက်အတွင်း စုစုပေါင်း ၃၁ ကီလိုမီတာခန့် လမ်းလျှောက်ခဲ့ရသည်။




**ဖမ်းဆီးခံရပြီး ၆ ရက်အကြာတွင် စစ်ရှောင် ပြည်သူများ သည် တပ်မ ၆၆ နှင့်အတူ ဖရူဆို မြို့နယ်ရှိ ခမရ ၄၂၈ တပ်ရင်း သို့ရောက်ရှိ ခဲ့သည်။ ရောက်ပြီးနောက် တစ်ရက်အတွင်း စစ်ရှောင် ပြည်သူများအား တပ်မ ၆၆ အတွက် လူသား ဒိုင်းအဖြစ် ဖရူဆိုမှ ဒီမော်ဆို၊ ထို့နောက် လွိုင်ကော် သို့ တစ်ရက်အတွင်း စုစုပေါင်း ၃၁ ကီလိုမီတာခန့် လမ်းလျှောက်ခဲ့ရသည်။**

ထို့နောက် စစ်ရှောင်ပြည်သူ ၆ ဦးအား ဖရူဆိုမြို့ရှိ စစ်တပ်၏ထိန်းသိမ်းရေးစခန်းသို့ လွှဲပြောင်းခဲ့သည်။ စစ်တပ်၏ ဖမ်းဆီးမှုခံထားရသည့်အချိန်တွင် အချိန်ကြာမြင့်စွာ ကြိုးဖြင့်ချည်နှောင်ထားသောကြောင့် လက်တွင် ဒဏ်ရာများရှိပြီး ရိုက်နက်မှုများကြောင့် ဦးခေါင်းတွင် ဒဏ်ရာများရရှိခဲ့သည်။ ထိုအနက်မှ အသက် ၂၀ ဝန်းကျင်ရှိ လူငယ်နှစ်ဦးအား ဦးတည်ထားပြီး ပြင်းပြင်းထန်ထန် ရိုက်နက်မှုပိုမိုများသည်ဟု ဆိုသည်။ မျက်နှာများ ဖူးယောင်လာသည့်အထိ ထိုးကြိတ်ခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းများရှိခဲ့သည်။ ၂၁ ရက်ခန့်ကြာပြီးနောက်တွင် စစ်ရှောင်များအနက် ၄ ဦးအား လွှတ်ပေးခဲ့ပြီး လူငယ်နှစ်ဦးကို အကျဉ်းထောင်သို့ ရွှေ့ပြောင်းခံခဲ့ရသည်။ ပြန်လည်လွတ်မြောက်လာသူများမှာလည်း စစ်သားများနှင့်ပြန်လည်ဆုံတွေ့ပြီး ယခင်ကြုံတွေ့ခဲ့သည့် ဆိုးဝါးသောဆက်ဆံမှုများ ပြန်လည်ကြုံတွေ့ရမည်ကို ကြောက်လန့်နေပြီး အပြင်မထွက်ရဲသည့် စိတ်ဒဏ်ရာများ ခံစားနေကြသည်။

## ဖြစ်စဉ် (၂) ၂၀၂၁ ခုနှစ် ဩဂုတ်လ - ဖယ်ခုံမြို့နယ် (ရှမ်းပြည်နယ်တောင်ပိုင်း)

ပထမအဖြစ်ပျက် ဖြစ်နေသည့်အချိန်နှင့် တစ်ပြိုင်နက်တည်းမှာပင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြေစိုက်သည့် တပ်မ (၅၅) သည် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့သို့ စစ်သည်အင်အား ၃၀၀ ဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၁ ရက်တွင် ရောက်ခဲ့သည်။ ရောက်လျှင်ရောက်ချင်း ကရင်နီရွာများဖြစ်သော ရွာ (A) မှ အရပ်သား ၅ ဦးနှင့် အနီးရှိရွာ (B) မှ အရပ်သား ၅ ဦးကို မတရားဖမ်းဆီးခဲ့သည်။ ရွာသား ၁၀ ဦးအား အုပ်စု ၂ စုခွဲပြီး ၁၅ ကီလိုမီတာခန့်ဝေးသောရွာ (C) သို့ သွားရာလမ်းတစ်လျှောက်တွင် လူသားဒိုင်းအဖြစ် လမ်းလျှောက်စေခဲ့သည်။ သူတို့အား နောက်တစ်ရက် ဩဂုတ် ၁၉ ရက်တွင် ပြန်လည်လွှတ်ပေးခဲ့သည်။

## ဖြစ်စဉ်(၃) ၂၀၂၁ ဩဂုတ် - လွိုင်ကော်မြို့နယ်

၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် တပ်မ ၆၆ မှ စစ်သားများသည် လွိုင်ကော်မြို့နယ်အတွင်းရှိ ရွာ (A) မှ ၇ ဦး၊ ရွာ (B) မှ အမျိုးသမီး ၁ ဦး၊ ရွာ (C) သို့သွားသောလမ်းပေါ်တွင် အမျိုးသား ၂ ဦး၊ ရွာ (D) မှ အမျိုးသား ၂ ဦး၊ ရွာ (E) မှ အမျိုးသား ၁ ဦး၊ စုစုပေါင်း ရွာ ၅ ရွာမှ အရပ်သား ၁၃ ဦးအား မတရားဖမ်းဆီးခဲ့သည်။ စစ်သားများမှ ထိုအရပ်သားများအား လူသားဒိုင်းအဖြစ်အသုံးပြုရန် ရည်ရွယ်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

နောက်ထပ် ၂ ရက်အတွင်း KA နှင့် KNDF များရှိပြီး စစ်တပ်နှင့် တိုက်ပွဲပုံမှန်ဖြစ်ပွားနေသည့် နေရာများဖြစ်သော လွိုင်ကော်မြို့၏ အရှေ့တောင်ဘက်မှ လွိုင်လင်လေးမြို့နယ်အထိ ထိုးစစ်ဆင်မှုများကို တပ်မ ၆၆မှ ပြုလုပ်ခဲ့သည်။ ဤထိုးစစ်ဆင်မှုဖြစ်စဉ်အတွင်း ရွာ (A) တည်ရှိရာသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး အိမ် ၁၀ လုံးခန့် ပျက်စီးသွားသည်။ ထိုနှစ်ရက်အတောအတွင်း စစ်အာဏာရှင်တော်လှန်ရေးအင်အားစုများ၏ တိုက်ခိုက်မှုမှ ကာကွယ်ရန်အတွက် ရွာသားများအား လူသားဒိုင်းအဖြစ်အသုံးပြုခဲ့သည်။ ဖမ်းဆီးခံရသူ ၁၃ ဦးအနက် အများစု၏ အခြေအနေကို သေချာမသိရဘဲ ဖြစ်နေသည်။ ၃ ဦး ပြန်လည် လွတ်မြောက်လာသည်ဟု သိရှိရပြီး ထိုအနက် သက်ကြီးရွယ်အို ၂ ဦးမှာ ရွာသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။ ကျန်ရှိသည့် ၁၀ ဦးမှာ ခမရ ၃၅၀ တပ်ရင်းတွင် ထိန်းသိမ်းထားသည်ဟု ယူဆရသည်။ မည်သည့်အဆက်အသွယ်မှ ပြုလုပ်ခွင့်မရှိဘဲ ထိန်းချုပ်ထားခြင်းဖြစ်ပြီး သူတို့အတွက် အလွန်စိုးရိမ်ပူပန်ရသည့်အခြေအနေမျိုး ဖြစ်သည်။





**ဓါတ်ပုံ(ဘယ်)-ဘော်လခဲမြို့သို့ စစ်တပ်မှ တိုက်ခိုက်ပြီးသည့်အချိန်တွင် ကွင်းဆင်းဝန်ထမ်းများမှ လက်နက်ကြီးအပိုင်းအစများကို နေရာအနှံ့ တွေ့ခဲ့ရသည်။**

**ဓါတ်ပုံ (ညာ)-ဒီမော်ဆိုအရှေ့ပိုင်းတွင်း လက်နက်ကြီးပြစ်ခတ်မှုကြောင့် လူနေအိမ်တစ်လုံးပျက်စီးသွားပုံ။**

## ဖြစ်စဉ် (၄) ၂၀၂၁ ခုနှစ် အောက်တိုဘာလ-ဖယ်ခုံမြို့နယ် (ရှမ်းပြည်နယ်တောင်ပိုင်း)

၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၈ ရက်နေ့တွင် ဖယ်ခုံမြို့နယ်ရှိ ရွာ (D) အနီးတွင်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရွာရှိပြည်သူများမှာ လုံခြုံရာ ရှာဖွေရန်အတွက် ရွာ (E) သို့ရွှေ့ပြောင်းခဲ့ကြသည်။ ထိုရွာ (E) တွင် ခမရ ၃၃၆ မှ စစ်သားများ အရင်ရောက်နှင့်နေပြီး ယာယီစခန်းချထားသည်ကို မသိဘဲ ရောက်သွားခဲ့သည်။ ရွာသို့ရောက်သည်နှင့် တစ်ပြိုက်နက် ခမရ ၃၃၆ မှ စစ်သားများသည် ရွာသား ခန့်မှန်းချေ ၁၉ ဦးခန့်အား ဖမ်းဆီးခဲ့သည်။ မျက်မြင်သက်သေများ၏ ပြောဆိုချက်အရ ကရင်နီလူငယ်နှင့် လူကြီးအမျိုးသားများကို အခြားနေရာသို့ မခေါ်သွားမီ မျက်လုံးများကို အဝတ်များဖြင့် စည်းထားသည် ဟုဆိုသည်။ ထိုသူများသည် အစေခံလုပ်အားပေးမှုများနှင့် လူသားဒိုင်းအဖြစ် တစ်ပါတ်ခန့် အသုံးပြုခြင်းခံခဲ့ရသည်။ ထိုအနက်မှ ဦးအောင်ကျော်သည် ညှင်းပန်းနှိပ်စက်မှုဒဏ်ရာများအား ခုခံရင်း ကွယ်လွန်သွားခဲ့သည်။ ကျန်ရှိသည့် ၁၈ ဦးကို တပ်ရင်းတွင် ၃ လခန့် ဖမ်းချုပ်ထားပြီး တောင်လေးလုံးထောင်သို့ ရွှေ့ပြောင်းခဲ့သည်။ သူတို့အား (တရားစွဲမှုရှိပါက) မည်သည့်အမှုများဖြင့် တရားစွဲထားသည်ကိုလည်း မသိရပါ။

လူသားဒိုင်းအဖြစ်အသုံးပြီးနောက် ကရင်နီတိုင်းရင်းသား ၆၅ ဦးခန့်အား ပြန်လည်လွှတ်ပေးခဲ့သည်ဟု အချို့မှခန့်မှန်းကြသော်လည်း အနည်းဆုံး ၂၄ ဦးခန့်သည် စစ်တပ်၏ဖမ်းဆီးမှုအား ခံထားရဆဲဖြစ်ပြီး စစ်တပ်မှ ထောင်အမိန့် ချလိုက်ခြင်းမျိုးလည်းရှိနိုင်သည်။ အထက်တွင်ဖော်ပြထားသည့်တစ်ဦးအား သေဆုံးသည့်အထိ ညှင်းပန်းနှိပ်စက်သကဲ့သို့ အနည်းဆုံး ကရင်နီအရပ်သား ၄ ဦးသည် မတရား ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် လူသားဒိုင်းအဖြစ် အသက်ဆုံးရှုံးခဲ့ရသည်။ ဖယ်ခုံမြို့နယ်ရှိ စစ်တပ်၏ ထိန်းချုပ်ရေးစင်တာတွင်၂ ဦးသေးဆုံးခဲ့ပြီး လွိုင်ကော်တွင် ၂ ဦး သေဆုံးခဲ့သည်။

## စာသင်ကျောင်းများတွင် ဗမာစစ်တပ်များနေရာချထားခြင်း

နိုင်ငံတကာဥပဒေအရ စာသင်ကျောင်းကဲ့သို့ ပြည်သူပိုင်ပစ္စည်းများအား တိုက်ရိုက်တိုက်ခိုက်ခြင်းအား တားမြစ်ထားသည်။ စာသင်ကျောင်းအား ဥပမာအနေဖြင့် လက်နက်များသိုလှောင်ရန်အသုံးပြုပါက စစ်ရေးပစ်မှတ်ဖြစ်လာနိုင်သည်။ သို့သော် တိုက်ပွဲဖြစ်ပွားနေသောနှစ်ဖွဲ့အနက်တိုက်ခိုက်မည့်သူမှ စစ်ရေးပစ်မှတ်အဖြစ် သံသယရှိသည့်နေရာအား မတိုက်ခိုက်မီ အချိန်ကန့်သတ်ချက်ဖြင့် အသိပေးခြင်း ပြုလုပ်ရပြီး အခြားတစ်ဖက်မှ သတိပေးချက်အား တုန့်ပြန်မှုမပြုဘဲနေရသည်။ ဤနေရာဒေသများတွင် နိုင်ငံတကာစံနှုန်းများ ထွန်းကားပြီးဖြစ်သည်။ လက်နက်ကိုင်တိုက်ပွဲများ

ကြားတွင် ပညာရေးအားကာကွယ်ရန်နှင့် စာသင်ကျောင်းများအား စစ်ရေးအရအသုံးပြုမှုအား ကန့်သတ်နိုင်ရန်အတွက် လုံခြုံသောကျောင်းကြေငြာချက်အား နိုင်ငံပေါင်း ၁၁၆ နိုင်ငံမှ သဘောတူညီပြီးဖြစ်သည်။[20] လူသားဒိုင်းအသုံးပြုမှုကိုအခြေအနေအားလုံးတွင် တာမြစ်ထားသည်။

ကရင်ပြည်နယ်အတွင်း စစ်တပ်ထိန်းချုပ်မှုအောက်တွင် စာသင်ကျောင်းဝန်းများအတွင်းသို့ စစ်သုံးပစ္စည်းများကို ဗမာစစ်တပ်မှ သယ်ယူပို့ဆောင်မှုများရှိခဲ့သည်ဟု မျက်မြင်သက်သေများက ပြောပြသည်။ စာသင်ကျောင်းများအား စစ်ရေးအတွက်အသုံးပြုခြင်းသည် စစ်အာဏာရှင်တော်လှန်ရေးတပ်များ၏ တိုက်ခိုက်မှုခံရနိုင်ချေ ရှိနေသည်။ စစ်အစိုးရတပ်များမှ စာသင်ကျောင်းရှိ ကလေးငယ်များအား လူသားဒိုင်းအဖြစ်အသုံးပြုနေခြင်းဖြစ်သည်။ စစ်သုံးပစ္စည်းများအားကျောင်းအတွင်း သိုလှောင်ထားစဉ်တွင် လက်နက်ကိုင်စစ်သားများမှ စောင့်ကြပ်လေ့ ရှိသည်။ ဥပမာအနေဖြင့် လှိုင်ကော်မြို့တွင်းရှိ အထက်တန်းကျောင်း ၂ ကျောင်းတွင် လက်နက်အပြည့်အစုံဖြင့် စစ်သား ၂ ဦးမှ ၇ ဦး အထိ စောင့်ကြပ်လေ့ရှိသည်။ စစ်သားများ စောင့်ကြပ်နေခြင်းသည် ကျောင်းသူကျောင်းသားများ၏ လုံခြုံရေးအတွက်မဟုတ်ဘဲ သိုလှောင်ထားသော ပစ္စည်းများကို စောင့်ကြပ်ရန်အတွက်သာ ဖြစ်သည်။

## လက်နက်ကြီးများနှင့် သေနတ်များပြစ်ခတ်ခြင်း

အရပ်သားများအား ရည်ရွယ်တိုက်ခိုက်ခြင်းအား နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေများမှ လုံးဝကာကွယ်ပေးထားပြီး စစ်ရာဝတ်မှုမြောက်သည်။ အခြားသတင်းအချက်အလက်များ အတွက် နိုင်ငံတကာဥပဒေမူဘောင်နှင့် သုံးသပ်ချက်အပိုင်းတွင် ဖတ်ရှုနိုင်သည်။

ကရင်နီပြည်နယ်အတွင်း စစ်တပ်၏အရှိန်အဟုန်ဖြင့် တိုးချဲ့နေရာချထားမှုများကြောင့် လက်နက်ကိုင်တိုက်ပွဲများ သိသိသာသာ ပိုများလာသည်။ ရွာများသည် တိုက်ပွဲစစ်မြေပြင်များဖြစ်သွားပြီး ရွာသူရွာသား သေဆုံးမှုများစွာရှိသည်။ ကရင်နီ ပြည်နယ်အတွင်း တိုက်ခိုက်မှုဒုံးများအပြင် ၈၁ မမ နှင့် ၁၂၀ မမ တို့ကို စစ်အစိုးရတပ်များမှ အသုံးပြုလေ့ရှိသည်။[21] လက်နက်ငယ်များဖြစ်သည့် အော်တိုမစ်တစ်ရိုင်ဖယ်များကိုလည်း အရပ်သားများကိုတိုက် ခိုက်ရန်အတွက် အသုံးပြုကြောင်းတွေ့ရှိရသည်။

20. See <https://www.icrc.org/en/document/ihl-rules-of-war-faq-geneva-conventions> and <https://ssd. protectingeducation.org/>
21. For a detailed account of weapons and ammunition used by junta forces, see Special Advisory Council for Myanmar,"Fatal Business: Supplying the Myanmar Military's Weapon Production" (16 January 2023).

*အရပ်သားများနှင့် အရပ်သားပိုင်ပစ္စည်းများအား ခွဲခြားမှုမရှိဘဲ စစ်ရေးရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်း တနည်းအားဖြင့် မခွဲမခြားတိုက်ခိုက်ခြင်းအား နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေများအရ တားမြစ် ထားသည်။*

၂၀၂၁ ခုနှစ် မေလ ၂၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်အတွင်း ကရင်နီပြည်နယ်၌ စစ်အစိုးရတပ်များ၏ လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ အပါအဝင် အနည်းဆုံး ၈၅ ဦးခန့် သေဆုံးခဲ့သည်။ ပစ်ခတ်မှုများအတွင် အရပ်သား အနည်းဆုံး ၂၄၀ ဦးခန့် ထိခိုက်ဒဏ်ရာရခဲ့သည်။

ကရင်နီပြည်နယ်ရှိ အရပ်သားများနေထိုင်သည့် နေရာများအား ရည်ရွယ်ပြီး အမြောက်များနှင့် ဒုံးများကဲ့သို့သော လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများရှိခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ကရင်နီပြည်နယ်၌ စစ်အစိုးရတပ်များမှ အရပ်သားနေထိုင်ရာနေရာများသို့ လက်နက်ကြီးပစ်ခတ်မှုအကြိမ် ၁၀၀ ကျော်အထိရှိခဲ့သည်။

စစ်တပ်၏ လက်နက်ကြီးများဖြင် ပစ်ခတ်မှုများကြောင့် လူနေအိမ်များပျက်စီးသွားပြီး ရွာသားများအနေဖြင့် ရွာတွင်ဆက်လက်နေထိုင်ရန် ကြောက်ရွံ့နေကြသည်။ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရခြင်း သို့မဟုတ် လုံခြုံရေးအား စိုးရိမ်စိတ်ဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးကဲ့သို့သော ပုံမှန်လူမှုစီးပွားရေးလုပ်ငန်းများအား ရပ်တန့်ထားရခြင်းတို့ ကြောင့် စားဝတ်နေရေးဆုံးရှုံးမှုများ ဖြစ်လာခဲ့ရသည်။ ထို့အပြင် တိုက်ခိုက်မှုများကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများစွာ ရှိနေသည်။ မခွဲမခြား ပစ်ခတ်မှုများနှင့် ရည်ရွယ်တိုက်ခိုက်မှုများကြောင့် အရပ်သားများအနေဖြင့် အနာဂါတ်တွင် မည်ကဲ့သို့ ရပ်တည်ရှင်သန်ရမည်ဆိုသည်ကို စိုးရိမ်မှုများစွာရှိနေသည်။

*"လက်နက်ကြီးများအသုံးပြုခြင်းဟာ လူနေအိမ်တွေ၊ အဆောက်အဦးတွေကို ပျက်စီးစေနိုင်ပြီး လူတွေရဲ့ ဘဝတွေကိုလည်း အန္တရာယ်ဖြစ်စေပါတယ်။ လက်နက်ကြီးပေါက်ကွဲသံတွေဟာကို လူတွေကို ရုပ်ပိုင်းဆိုင်ရာထိခိုက်နိုင်သလို စိတ်ပိုင်းဆိုင်ရာကိုလည်း ထိခိုက်နိုင်ပါတယ်။ ကျန်းမာရေးအထောက် အကူများကိုလည်း လက်လှမ်းမမီတော့သလို ဘဝလုံခြုံရေးကိုလည်း အန္တရာယ်ရှိစေတယ်။"* ဟု လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသူ တစ်ဦးက ၂၇ ရက်နေ့ ဇူလိုင် ၂၀၂၂ ခုတွင် ပြောပြသည်။

အတိုက်အခံလက်နက်ကိုင်အင်အားစုများကဲ့သို့မဟုတ်ဘဲစစ်အစိုးရတပ်များသည်အရပ်သား များ နေထိုင်သည့်နေရာ သို့မဟုတ် ပုန်းရှောင်နေသည့်နေရာများသို့ ရည်ရွယ်ပစ်ခတ်လေ့ရှိ သည်။ ယေဘုယျအားဖြင့် ထိုသို့ပစ်ခတ်မှုများသည် အရပ်သားများ မျှော်လင့်မထားသည့် ညနက် အချိန်များနှင့် မနက်စောစောအချိန်များတွင် ပြုလုပ်လေ့ရှိသည်။ စစ်ရှောင်များသည် အမှောင်ထု အား အကာအကွယ်ယူကာ လုံခြုံရာသို့ ကြိုးစားထွက်ပြေးကြရသည်။

၂၀၂၁ ခုနှစ် မေလ ၂၄ ရက်နေ့တွင် လွိုင်ကော်မြို့နယ်ရှိ ခမရ ၂၆၁ မှ ၎င်းတို့၏စခန်းနှင့် ၃ မိုင် ခန့် အကွာအဝေး တွင်ရှိသော ဘုရားကျောင်းသို့ ည ၈နာရီနှင့် ၁၂ ကြားတွင်း လက်နက်ကြီးများ ဖြင့် ဆက်တိုက်ပစ်ခတ်ခဲ့သည်။ ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် ၄ ဦးသေဆုံးခဲ့ သည်။ ထိုဘုရာကျောင်းတွင် အရပ်သား ၁၀၀ ကျော်ခန့်မှ တိုက်ပွဲများရှောင်ရင်း ညအိပ်နာနေကြ ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကြမ်းတမ်းသော ထိုးစစ်ဆင်မှုများနှင့်တိုက်ခိုက်မှုများကို အာဏာသိမ်းရန်ကြို စားမှုမပြုခင်က မကြုံခဲ့ဖူးပါ။ ပစ်ခတ်တိုက်ခိုက်မှုများမှ အသက်ရှင်လွတ်မြောက်လာသော အမျိုး သမီးတစ်ဦးမှ ဤကဲ့သို့ ပြောပြပါသည်။

> *"ကျွန်မရဲ့ ကလေးတွေကိုလည်း လွတ်တဲ့နေရာကို ပြေးဖို့ပြောလိုက်တယ်။ ကျွန်မ ခြေထောက်တွေ လှုပ်လို့မရတော့၊ ကျွန်မဘဝတော့ဆုံးပြီ၊ မလွတ်တော့ဘူးလို့ ထင် နေခဲ့တာ။ ကျွန်မနားမှ သေနေတဲ့ လူတွေနဲ့တူတူ လိုက်သေရတော့မယ်ထင်နေတာ။"*

ဗမာအစိုးရတပ်များနှင့်စစ်အာဏာရှင်တော်လှန်ရေးတပ်များတိုက်ခိုက်မှုဖြစ်ပွားပြီးသည့် နောက်တွင် တိုက်ပွဲများပြီးဆုံးသွားသော်လည်း စစ်အစိုးရတပ်များမှ အရပ်သားများနေထိုင်ရာ ဒေသများသို့ လက်နက်များဖြင့် ဆက်လက် ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ် နိုဝင် ဘာလ ၅ ရက်နေ့တွင် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အမျိုးသမီးတစ်ဦး ခန္ဓာကိုယ်အောက် ပိုင်းတွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ သူက ယခုလို့ပြန်ပြောပြသည်။

> *"ကျွန်မ လယ်ကအပြန်မှာ လက်နက်ကြီးပစ်သံတွေ စကြားရတယ်။ အိမ်မရောက်ခင်မှာ ဘဲ လက်နက် ကြီး ကျည်ဆံတွေက ကျွန်မရဲ့ နောက်မှာ စကျလာတယ်။ နောက်တစ်လုံး ကတော့ ကျွန်မရဲ့ ဘေးကို ကျတယ်။ ပေါက်ကွဲသံက တော်တော်ကျယ်တော့ ကျွန်မနား တွေလည်း တော်တော်နာသွားတယ်။ သွေးတွေ အများကြီးတွေ့တော့မှ ကျွန်မဒဏ်ရာရ မှန်းသိတယ်။ အနီးနားမှာ လူတွေတွေ့တော့ အကူအညီတောင်းရတာပေါ့။"*

ဒီမော်ဆို၊ ဖရူဆိုနှင့် လွိုင်ကော်မြို့နယ်များအတွင်းရှိ ရွာများသည် လက်နက်ကြီးပစ်ခတ်မှုများနှင့် သေနတ်ပစ်ခတ်မှု ပိုမိုခံခဲ့ရပြီး ထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ဘေးလွတ်ရာသို့ ပြေးနေစဉ်လည်း လုံခြုံမှုမရှိပါ။ ၂၀၂၂ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် ဒီမော်ဆိုမြို့နယ်၊ ငွေတောင်မှ ခမရ ၁၀၂ မှ အရပ်သားများ စစ်ရှောင်နေသည့်နေရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အခြား ၃ ဦး ဒဏ်ရာရှိခဲ့သည်။ ထိုဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ ဆေးရုံတွင် ကုသမှုခံယူနေစဉ်တွင် ထိုဒဏ်ရာကြောင့်ပင် သေဆုံးခဲ့သည်။

ရွာသားများမှ သူတို့ကြုံတွေ့နေရသည့် အတွေ့အကြုံများနှင့်ပက်သက်ပြီး စကားလုံးဖြင့် မဖော်ပြနိုင်လောက်အောင် စိတ်ပျက်ဝမ်းနည်းရကြောင်း ကွင်းဆင်းဝန်ထမ်းများကို ပြောပြကြသည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ဖရူဆိုမြို့မှ စစ်ရှောင်အမျိုးသမီးတစ်ဦးမှ ယခုလိုပြောပြသည်။

> *ကျွန်မတို့အိမ်တွေ ပြန်ဆောက်ပေးပါ့မလားဆိုတာလည်း မသိဘူး။ ကျည်ဆံအသံတွေကြားတာနဲ့ လူတော်တော်များများက ကြောက်ပြီး စိတ်ဒဏ်ရာထားကြပြီ။ နှလုံးရောဂါရပြီး သေသွားတဲ့ လူတွေလည်းရှိတယ်။ အလုပ်သွားရမှာ၊ ဘုရားကျောင်းသွားရမှာ၊ ပုံမှန်လုပ်နေကျ အလုပ်တွေ လုပ်ရမှာတောင် ကြောက်နေကြရတယ်။ လူတွေစုနေပြီဆိုရင် စစ်တပ်က ပစ်တတ်တယ်။*

စစ်တပ်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် အိမ်ပျက်စီးသွားသည့် ဖရူဆိုမြို့ စစ်ရှောင်အမျိုးသမီးတစ်ဦးမှ ၂၀၂၂ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ယခုလို့ပြောပြပါသည်။


> *ကျွန်မအကုန်လုံးဆုံးရှုံးလိုက်ရပြီ။ ကျွန်မကလေးတွေကိုလည်း ဘယ်ကိုခေါ် ပြီး ဘယ်မှာပုန်းရမလဲ မသိဘူး။ ကျွန်မအရမ်းကြောက်တယ်၊ ပြီးတော့ ဘယ်နေရာမှာ ပုန်းရင်လုံခြုံမလဲဆိုတာကိုလည်း မသိတော့ဘူး။*

## လေကြောင်းတိုက်ခိုက်မှုများ

ဤအစီရင်ခံစာရေးသားသည့် ကာလအတွင်း ကရင်နီပြည်နယ်ရှိ ဖရူဆိုမြို့နယ်၊ လွိုင်ကော်မြို့နယ်နှင့် ဒီမော်ဆိုမြို့နယ်များရှိ ရွာ ၅ ရွာကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု မှတ်တမ်းတင်ထားပါသည်။ ကလေးငယ် ၃ ဦး အပါအဝင် အရပ်သား ၆ ဦးသေဆုံးခဲ့ပြီး ၉ ဦးအထိ

ဒဏ်ရာရရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နှင့် ဩဂုတ်လ ၉ ရက်အတွင်း၌ စစ်ရှောင်ဧရိယာ ရှိ အဆောက်အဦး ၂ ခု၊ အရပ်သား အိမ် ၂ လုံး၊ ဆေးပေးခန်း ၁ ခုနှင့် ဘာသာရေးအဆောက်အဦး ၃ ခုအထိ လေကြောင်းတိုက်ခိုက်မှုများမှ အရပ်သားအဆောက်အဦးများကို ပျက်စီးစေခဲ့သည်။

**ကရင်နီပြည်နယ်အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်မှုများ**




၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဖရူဆိုမြို့နယ်မှ KA နှင့် KNDF တို့၏ ထိန်းချုပ်မှု အောက်တွင်ရှိသော ရီးကီဗူး ကျေးရွာအား လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုမတိုင်ခင် ထိုရွာအနီးတွင် လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေခြင်းမရှိသလို အတိုက်အခံလက်နက်ကိုင်အဖွဲ့များလည်း ရှိမနေပါ။ ယခင်လတွင် ဖြစ်ပွားခဲ့သော မူဆိုရွာမှ ခရစ္စမတ်အကြို အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအပြီး နောက်ဆက်တွဲ တိုက်ပွဲများကြောင့် စစ်ရှောင်လာသော ပြည်သူများသာ ရီးကီဗူးကျေးရွာတွင် ရှိနေခြင်းဖြစ်သည်။



**ဓါတ်ပုံ - ရီကီဗူးကျေးရွာမှ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အဦးတစ်ခု**

ရိကီဖူးကျေးရွာရှိ စစ်ရှောင်စခန်းအားတိုက်ခိုက်ခံရမှုအကြောင်းကို အမျိုးသမီးတစ်ဦးမှ ကွင်းဆင်းလုပ်သားကို ပြန်လည်ပြောပြခဲ့သည်။ တိုက်ခိုက်မှုမပြုလုပ်ခင်တစ်ရက် ညနေ ၆ နာရီအချိန်တွင် စစ်အစိုးရ၏လေယာဉ်များသည် မြေပြင်နှင့် နီးကပ်စွာပျံသန်းပြီး စစ်ရှောင်းစခန်းအခြေအနေများကို လေ့လာခဲ့သည်။ ထို့နောက် မနက်စောစော ၁ နာရီခန့်တွင် စစ်ရှောင် ၃၀၀ ဝန်းကျင်ရှိသော သူမနေထိုင်သည့် စစ်ရှောင်စခန်း ဗုံးကျဲခံရကြောင်းပြောပြသည်။

> *"လေယာဉ်လာပြီးဗုံးကျဲတဲ့အချိန်က ညသန်းခေါင်လောက်ဖြစ်ပြီး မှောင်မဲနေတယ်။ ဘာအလင်း ရောင်မှမရှိဘဲ ပြေးခဲ့ရတယ်။ ဘယ်ကိုသွားနေမှန်း ကိုယ့်ဘာသာကိုယ်လည်း မသိဘူး။ တောင်ရှိတဲ့ဘက်ကို မှန်းပြီးသွားရတယ်။ ဗုံးစထိပြီး ဒူးမှာဒဏ်ရာရခဲ့တယ်။ အမာရွတ်လည်း ရှိသေးတယ်။ ဒီဗုံးတွေကြောင့် ကျွန်မသမီးလေးနှစ်ယောက် ဆုံးသွားရှာတယ်။ အရမ်းလည်း စိတ်ဓါတ်ကျပြီး အသည်းတွေကွဲရတယ်။ ပေါက်ကွဲမှုကြောင့် နားလည်း ဒဏ်ရာရတယ်။ ခုဆို လေယာဉ်သံကြားတိုင်း ကြောက်နေတယ်။ ဘာလုပ်ရမယ်မှန်းမသိဘူး ဖြစ်နေတယ်။ လိုအပ်တဲ့ ဆေးကုသမှုတွေလုပ်ဖို့လည်း ပိုက်ဆံမရှိဘူး ဖြစ်နေတယ်။"*

နေရာအခြေအနေများကို လေ့လာပြီးဖြစ်တဲ့အတွက် ထိုတပ်မှူးများမှ ဤနေရာတွင်အရပ်သားစစ်ရှောင်များ ရှိနေသည်ကို သိထားပြီးဖြစ်သော်လည်း ရည်ရွယ်ချက်ရှိရှိဖြင့် အရပ်သားများအား ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ လွတ်မြောက်လာသူများမှာလည်း အနီးရှိတောထဲထွင် ပုန်းကွယ်ရန်နေရာ ရှာဖွေခဲ့ရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဒီမော်ဆိုမြို့နယ်ရှိကျေးရွာ တစ်ခုအားလေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး ၁၆ နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦး အပါအဝင် ၂ ဦး သေဆုံးခဲ့သည်။ ဖခင်ဖြစ်သူမှာ သူ၏ဆုံးရှုံးမှုအား လက်ခံနိုင်စွမ်းမရှိဘဲ နှလုံးထိခိုက်ကာသားဖြစ်သူ သေဆုံးပြီး ၁ လအကြာတွင် ကွယ်လွန်ခဲ့ရသည်။ မိခင်ဖြစ်သူမှာလည်း ၁ လ အတွင်း ခင်ပွန်းဖြစ်သူနှင့် ဆယ်ကျော်သက်အရွယ်သားအား ဆုံးရှုံးလိုက်ရသဖြင့် စိတ်ပိုင်းဆိုင်ရာဒဏ်ရာများဖြင့်ရုန်းကန်နေရသည်။ သူတို့၏အိမ်မှာလည်း အခြားအိမ်များစွာနှင့်အတူ ပျက်စီးသွားပြီဖြစ်သည်။ နန်းမယ်ခုံရွာ အပါအဝင် အခြားနယ်မြေ နီးစပ်သောနေရာများတွင် တိုက်ပွဲပြင်းထန်နေသော်လည်း ထိုလေကြောင်းတိုက်ခိုက်မှုခံရသည့် နေရာတွင် ထိုနေ့က တိုက်ပွဲဖြစ်ပွားခြင်းမရှိဟု သိရသည်။

၂၀၂၂ ခုနှစ်သြဂုတ်လ ၉ ရက်နေတွင် တိုက်လေယာဉ် ၂ စီးမှ လွိုင်ကော်မြို့နယ်ရှိ ကျေးရွာတစ်ခုအား လေကြောင်း တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ဤတိုက်ခိုက်မှုကြောင့် ပြည်သူ ၁ ဦးသေဆုံးပြီး ကျန်းမာရေးဝန်ထမ်း ၁ ဦးအပါအဝင် ၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ရပ်ရွာမှတည်ဆောက်ထားသည့် ဆေးပေးခန်းလည်း ပျက်စီးသွားခဲ့သည်။

ကရင်နီပြည်နယ်မှ စစ်ရှောင်များအနေဖြင့် အကြိမ်ဖန်များစွာ တိုက်ခိုက်ခံခဲ့ရပြီး အကြိမ်ပေါင်းများစွာ ထွက်ပြေးခဲ့ရသည်။ ထိုဒုက္ခများသည် အဆုံးမသတ်နိုင်သည့်အပြင် ရေရှည်ခံစားရသည့် စိတ်ဒဏ်ရာများ၊ မသန်စွမ်း ဖြစ်မှုများအား လိုအပ်သည့် အကူအညီများမရဘဲ ဖိအားပေးလက်ခံလိုက်ရသလို ဖြစ်နေသည်။ တိုက်ခိုက်မှုများမှ အ သက်ရှင်ကျန်ရစ်သူများသည် သူတို့၏စိတ်ဒဏ်ရာအပြင် အခြားမိသားစုဝင်အစား ၎င်းတို့သာ အသက်ရှင်သည့်အတွက် အပြစ်ရှိသလို ခံစားနေရသည်ဟု ဆိုသည်။ စိတ်ဓါတ်ကျခြင်းအပါအဝင် အပြုအမူအပြောင်းအလဲများအား လေ့လာခြင်း အားဖြင့် ဝမ်းနည်းပူဆွေးမှုခံစားရန်အတွက် ရုန်းကန်နေရသည်ကို သိရသည်။ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အထောက် အကူမရှိသည့်အတွက် စိတ်ခံစားမှုများပို၍ ဆိုးစေသည်။

စစ်အစိုးရတပ်များ၏ လေကြောင်းတိုက်ခိုက်မှုများသည် စစ်ရှောင်ပြည်သူများအပါအဝင် ကရင်နီပြည်သူများ အား ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်သည်။ အရပ်သားများအားတိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုမြောက်ပြီး လူသားမျိုး နွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုလည်းမြောက်နိုင်ကာ အသေးစိတ်များကို နိုင်ငံတကာဥပဒေမူဘောင်နှင့် သုံးသပ်ချက်အခန်းတွင် အသေးစိတ်ဖော်ပြထားသည်။

## ဘာသာရေးအဆောက်အဦးများနှင့် ဆေးခန်းများအားတိုက်ခိုက်ခြင်း


ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦများကို နိုင်ငံတကာဥပဒေများမှ ကာကွယ်ပေးထားသည်။ ရောမပြဌာန်း ဥပဒေ Rome Statute အရ ယဉ်ကျေးမှုဆိုင်ရာအဆောက်အဦးများကို တိုက်ခိုက်ပါကစစ်ရာဇဝတ်မှု မြောက်သည်။[22] "ကာကွယ်ထားသည့်အဆောက်အဦးများ"တွင် စစ်ရေးရည်ရွယ်ချက် (ဥပမာ စစ်လက်နက်များ သိုလှောင်ခြင်း) အတွက် အသုံးပြုခြင်းမရှိသောဆေးရုံများ၊ ဆေးခန်းများ၊ ဘာသာရေးနှင့် ပညာရေး အဆောက်အဦးများနှင့် သမိုင်းဝင်အဆောက်အဦးများ ပါဝင်သည်။

အားကစားသိမ်းရန်ကြိုးစားမှုနောက်ပိုင်းတွင် စစ်ကောင်စီတပ်များ၏ ပစ်ခတ်တိုက်ခိုက်မှု

22. Article 8 (2)(e)(iv) of the Rome Statute and ICC Elements of Crimes, (2011) Article 8 (2)(e)(iv).

များကြောင့် ကက်သ လစ် ဘုရားကျောင်း ၂၄ ကျောင်းအထိ ထိခိုက်ပျက်စီးခဲ့ပြီး ဖရူဆိုမြို့ရှိ ဘုရားကျောင်းမှာ လုံး၀ ပျက်စီးသွားသည်။ စစ်ကောင်စီတပ်များမှ လက်နက်ကြီး ပစ်ခတ်မှုများကြောင့် နှစ်ခြင်းဘုရားကျောင်း ၇ ကျောင်းခန့်နှင့် ဗုဒ္ဓဘာသာ ဘုရား ၂ ဆူ ထိခိုက် ပျက်စီးခဲ့သည်။

**စစ်ကောင်စီတပ်များကြောင့် ထိခိုက်ပျက်စီးသွားသော ဘာသာရေး အဆောက်အဦးများ**




တိုက်ပွဲများမှ စစ်ရှောင်ပြည်သူများအနေဖြင့် ၀တ်ပြုဆုတောင်းရာနေရာများတွင် ခိုလှုံလေ့ရှိသည်။ အထက် တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၂၁ ခုနှစ် မေလတွင် ခမရ ၂၆၁ မှ စစ်ရှောင်အရပ်သား ၁၀၀ ကျော်ခန့် ခိုလှုံနေသည့် ဘုရား ကျောင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့ပြီ အရပ်သား ၄ ဦး သေဆုံးခဲ့ရသည်။

၂၀၂၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် ဖရူဆိုမြို့ရှိ ကက်သလစ်ဘုရားကျောင်းတစ်ခုနှင့် အခြား ဘာသာရေး အဆောက်အဦး နှစ်ခုအား တပ်မ ၆၆ စစ်သားများမှ မီးရှို့ဖျက်ဆီးခဲ့သည်။ ထိုစစ်သား များ လွိုင်ကော်မြို့သို့သွားရန် ပြန်လည်ထွက်ခွာလာသည့် အချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော် ယခင်ထိုစစ်သားများ ၃ ညခန့် နေထိုင်ခဲ့သော ရွာအနီးတွင် ကရင်နီတော်လှန်ရေးအင်းအားစုများ၏ ပိတ်ဆို့ခြင်းကိုခံခဲ့ရသည်။ လွိုင်ကော်သို့ ဆက်လက်မသွားမီ ကရင်နီဘာသာရေး အဆောက်အဦးများအား လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

စစ်ကောင်စီတပ်များမှ ကရင်နီပြည်နယ်အတွင်းရှိ ဆေးခန်း ၄ ခုကိုလည်း ဖျက်စီးခဲ့သည်။ ဤကဲ့သို့ တိုက်ခိုက်မှုသည် ကျန်းမာရေးအထောက်အကူများ၊ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာများတွင် အင်မတန်လိုအပ်သည့် အခြေခံ၀န်ဆောင်မှုများကို တိုက်ရိုက်ထိခိုက်

သွားသည်။ ထို့ကြောင့်အရပ်သားများအား ဝန်ပိုစေကာ ကျန်းမာရေးဝန်ဆောင်မှုရနိုင်ရန်အတွက် တိုက်ပွဲဖြစ်ပွားနေသည့် နေရာများအား ဖြတ်သန်းသွားလာရ ခြင်းမျိုး ပြုလုပ် ရသည်။



**ဓါတ်ပုံ ဖရူဆိုမြို့နယ်မှ စစ်ကောင်စီတပ်များ ဖျက်စီးသွားသော ဘုရားကျောင်းတစ်ခု**

## မြေမြှုပ်မိုင်း အသုံးပြု


အရပ်သားများနှင့် စစ်သားများအားခွဲခြားထိခိုက်ခြင်မပြုလုပ်နိုင်သော လက်နက်များအား အသုံး မပြု ရန် နိုင်ငံတကာဥပဒေများမှ တာမြစ်ထားသည်။[23] မြေမြှုပ်မိုင်းသည် တစ်စုံတစ်ယောက်မှ တက်နင်း မိမှ ပေါက်ကွဲသော လက်နက်ဖြစ်ပြီး အရပ်သား၊ စစ်သားမခွဲခြားဘဲ ပေါက်ကွဲစေသော လက်နက်ဖြစ် သည်။

အရပ်သား ၄ ဦးသေဆုံးခဲ့ပြီး ကလေးငယ်များအပါအဝင် ၇၀ ခန့် ပြင်းပြင်းထန်ထန်ဒဏ်ရာ ရှိစေခဲ့သော မြေမြှုပ်မိုင်း ပေါက်ကွဲမှု ၂၂ ကြိမ်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ စစ်ကောင်စီတပ်များ

23. ICRC, Customary International Humanitarian Law Rule 71. The use of weapons which are by nature indiscriminate is prohibited.

ထိုးစစ်ဆင်၊ စခန်းသစ်ချပြီး နယ်မြေ သစ်များ လုံခြုံမှုရှိစေရန် ရည်ရွယ်ပြီး ဒေသခံရွာအနီးအနား တွင် မြေမြှုပ်မိုင်းများထောင်လေ့ရှိသည်။ စစ်ကောင်စီ ကိုက်ခိုက်မှုများမှ ပြေးလွှားနေသော အရပ် သားများသည် မြေမြှုပ်မိုင်းနှင့် အခြားမပေါက်ကွဲသေးသော လက်နက်များ ကြောင့် ထိခိုက်ဒဏ်ရာ ရခြင်းနှင့် သေဆုံးခြင်းများဖြစ်နိုင်သည်။ စစ်ရှောင်များမှ အစားအသောက်များနှင့် အခြားအခြေခံ လိုအပ် သည့်ပစ္စည်းများအား ယူဆောင်ရန်ရွာသို့ပြန်ပါက မြေမြှုပ်မိုင်းနင်းမိနိုင်ချေရှိနေသည်။

**မြေမြှုပ်မိုင်းကြောင့်**
**ထိခိုက်ဒဏ်ရာရသူနှင့်သေဆုံးသွားသော ကရင်နီ အရပ်သားများ**




စစ်ကောင်စီမှ အထူးထုတ်လုပ်ပြီး အသုံးပြုနေသော M14 နှင့် M16 ဟူသောမြေမြှုပ်မိုင်း နှစ်မျိုးရှိသည်။[24] M14 အား ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရအောင် ထုတ်လုပ်ထားပြီး M16 အား နင်းမိသူအား ချက်ချင်းသေစေရန် ဒီဇိုင်းဆွဲ ထုတ်လုပ်ထားခြင်းဖြစ်သည်။ PDF များနှင့် KNDF တပ်ဖွဲ့များသည် ဤကဲ့သို့သော မြေမြှုပ်မိုင်းများအား အသုံးမပြုနိုင်ကြပါ။ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်နှင့် ကရင်နီပြည်နယ်အတွင်းရှိ ဘောလခဲ၊ လွိုင်ကော်၊ ဒီမော်ဆိုနှင့် ဖရူဆိုမြို့နယ် များတွင် စစ်ကောင်စီမှ မြေမြှုပ်မိုင်းများစွာ အသုံးပြုထားသည်။ ခမရ ၁၀၂ နှင့် တပ်မ ၆၆ တို့မှ ဖရူဆိုမြို့နယ်နှင့် ဒီမော်ဆိုမြို့နယ်ရှိ ရွာများအနီးတွင် မြေမြှုပ်မိုင်းများထောင်နေသည်ကို တွေ့ရှိခဲ့ ကြောင်း မျက်မြင်သက်သေများ က ပြောပြကြသည်။

ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော မြေမြှုပ်မိုင်းပေါက်ကွဲမှုအားလုံးသည် အသုံး ပြုနေကျ လမ်းများ၊ လယ်ယာများ၊ ဒေသရှိဈေးများ၊ ဆေးပေးခန်းများနှင့် စာသင်ကျောင်းကဲ့သို့ အများပြည်သူအသုံးပြုသော နေရာများတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လတွင် မိုင်းလုံးရပ်ကွက်ရှိ အထက်တန်းကျောင်းတွင် ဒေသခံများမှ

24. Amnesty International, "Myanmar: Military's use of banned landmines in Kayah State amounts to war crimes" (20 July 2022).

ကျောင်းဝန်းလုံခြုံ ရေးအတွက် စီစဉ်ဆောင်ရွက်နေစဉ် မြေမြှုပ်မိုင်းပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးပြင်း ထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ရှိနေဆဲ မြေမြှုပ်မိုင်းအန္တရာယ်များကြောင့် ရွာသူရွာသားများအနေဖြင့် လယ်ယာသို့သွားရန် အခက်တွေ့ နေကြ သည်။ အခြားရွေးချယ်စရာလုပ်ငန်းများရှာရန်ခက်ခဲ့သည့်အတွက် သီးနှံများကို ရိတ်သိမ်းရန် မြေမြှုပ်မိုင်း အန္တရာယ်များ ကြား အရဲစွန့်သွားလာရသည်။ ၂၀၂၂ ခုနှစ် ဇွန်လတွင် ဒီမော်ဆိုမြို့နယ်မှရှိ ရွာတစ်ရွာမှ အမျိုးသမီးတစ်ဦး မြေမြှုပ်မိုင်းပေါက် ကွဲမှုကြောင့်ကွယ်လွန်ခဲ့သည်။ ဒီမော်ဆိုရှိ အခြားရွာတစ်ရွာမှ အမျိုးသမီးတစ်ဦးသည်လည်း ၂၀၂၂ သြဂုတ်လတွင် မြေမြှုပ်မိုင်းနင်းမိပြီး ခြေထောက်တစ်ဖက်ဆုံးရှုံးလိုက်ရသည်။ ကျန်ရှိသော ခြေတစ်ဖက်မှာလည်း ထိခိုက်ဒဏ်ရာ ရခဲ့ သည်။

မြေမြှုပ်မိုင်းကြောင့် ပြင်းထန်စွာဒဏ်ရာရှိသူအများစုမှာ ကလေးငယ်များနှင့် လူငယ်များဖြစ်ကြသည်။ ပေါက်ကွဲမှုမှ ဒဏ်ရာများကြောင့် ခြေထောက်အား ဖြတ်ပစ်လိုက်ရသူများလည်းရှိသည်။ ထိခိုက်ဒဏ်ရာရသူများရော မိသားစုဝင်များပါ ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုများအပြင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ရေရှည်ခံစားနေရသည်။ ၂၀၂၂ ခုနှစ် မတ်လတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့ရှိ၌ မောင်နှမ ၇ ဦးအနက် အကြီးဆုံးဖြစ်သူ အသက် ၁၆ နှစ် အရွယ် "မောင်လေး" သည် မိသားစုပိုင်ခြံအတွင်းတွင် အိမ်မှမွေးထားသော နွားများအား ထိန်းကျောင်းနေစဉ် မြေမြှုပ်မိုင်းနင်းမိပြီး ပေါက်ကွဲခဲ့သည်။ စစ်ကောင်စီတပ်များမှ M14 နှင့် M16 မြေမြှုပ်မိုင်းများထောင်ထားခြင်းဖြစ်ပြီး မောင်လေး ၏ အသက်ဘေးမှလွတ်ရုံလွတ်ခဲ့သည်။ ဆေးရုံကိုအချိန်မီရောက်သဖြင့် အသက်ရှင်ခွင့်ရခဲ့သော်လည်း ညာဘက်ခြေထောက်အား ဒူးအောက်မှ ဖြတ်ပစ်ရပြီး ညာဘက်မျက်လုံးမှာလည်း မိုင်းအစများကြောင့် ထုတ်လိုက်ရသည်။ မြေမြှုပ် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မိသားစုဝင်များ တစ်နေ့တစ်ခြား များပြားလာသည်မှာ စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်မှုများပြီး လူမှုစီးပွားရေးအရလည်း ပို၍ခက်ခဲစေသည်။ အင်တာဗျူးတစ်ခုတွင် မောင်လေး၏ မိခင်မှ ယခုလို့ပြောပြသည်။

> *"ကျွန်မသား မနက်စောစောခြံထဲသွားပြီးတော့ နွားကျောင်းတာ။ မောင်လေး မြေမြှုပ်မိုင်းနင်းမိတော့ ခြံထဲမှာစပါးစိုက်နေတဲ့ လူတွေက သူကိုဆေးရုံပို့ဖို့ကူညီကြတယ်။ သူ့ညီကတော့ ရွာထဲပြန်ပြီး အကူ အညီလိုက်တောင်းတယ်။ ပေါက်ကွဲတဲ့အချိန်မှာ မောင်လေး သတိမေ့သွားတယ်။ အစတုန်းကတော့ ဒဏ်ရာက အရမ်းနာပြီး အိပ်မရဘူး၊ ခုတော့ တိုးတက်လာပါပြီ။ ဆေးရုံဆေးခန်း ပြန်ပြရဦးမယ်၊ ပိုက်ဆံတွေ အများကြီး ကုန်ဦးမယ်။"*

မိသားစုသည် ငွေရေးကြေးရေးအတွက် ရုန်းကန်နေရသည်။ မောင်လေး၏ မိခင်ဖြစ်သူသည် ဖိအားအင်မတန်များနေပြီး စိတ်ဓါတ်ကျနေသည်ဟု ဆိုသည်။ သူ့သားသည် မသန်စွမ်းသူတစ်ဦး ဖြစ်သွားပြီး မြန်မာအရှေ့ခြမ်းရှိ တာချီလိတ်မြို့မှ ခြေအတုကို စောင့်နေသည်။

*"ကျန်းမာရေးဝန်ဆောင်မှု၊ လူမှုရေးဝန်ဆောင်မှုတွေ ဘာမှမရှိဘူး။" ဟု မောင်လေး၏ မိခင်မှ ထပ်ဖြည့်ပြောသည်။*

မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရရှိလာသည့် အသက်အန္တရာယ်စိုးရိမ်ရသည့်အခြေအနေများအတွက် ကုသမှု ခံယူနိုင်ရန် ငွေရေးကြေးရေးအပြင် ပထဝီအနေအထားအရပါ အခက်အခဲများရှိနေသည်။ အနီးတွင်ရှိသော ဆေးခန်းများ သည် မြေမြှုပ်မိုင်းမှ ရရှိသောဒဏ်ရာများကို ကုသပေးရန် ပစ္စည်းကိရိယာနှင့် ဆေးဝါးများ မရှိကြပါ။ မြေမြှုပ်မိုင်း များကြောင့် ထိခိုက်ဒဏ်ရာရရှိလာပါက အနီးဆုံးဆေးခန်းသည် နာရီနှင့်ချီကြာအောင် သွားရသည်။ ထို့အပြင် လမ်းရှိ စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်များကြောင့် အချိန်ပို၍ ကြာသွားနိုင်သည်။

၂၀၂၂ ခုနှစ် ဇွန်လတွင် လွိုင်ကော်မြို့နယ်အတွင်းရှိ ကုန်းသား-လင်ဖုန်လေး လမ်းအနီးရှိ လယ်ကွင်းတစ်ခုတွင် အမျိုးသမီး ငယ်တစ်ဦးမှ မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ လွိုင်ကော်မြို့မှ ဖယ်ခုံမြို့ သို့ မိခင်နှင့်အတူ ဆိုင်ကယ်ဖြင့် ခရီးသွား ရင်း ခေတ္တနားနေစဉ်တွင် နင်းမိခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပြီး မိခင်ဖြစ်သူမှ လမ်းတွင် ဆိုင်ကယ်ဖြင့် ခရီးသွားနေသည့် အမျိုးသားတစ်ဦးအား အကူအညီ တောင်းခဲ့သည်။ ထို့နောက် လွိုင်ကော်ဆေးရုံသို့ ပို့ဆောင်ပေး ခဲ့ရသည်။

*"ကျွန်မကတော့ သမီးဘေးမှာနေပြီး ဖျောင်းဖျပေးတာမျိုးဘဲလုပ်ပေးနိုင်တယ်။ ဘေးမှာနေပြီးအားပေး စကားပြောရတယ်၊ စိတ်ဓါတ်လည်းမကျစေချင်လူး၊ စိတ်လည်းမညစ်စေချင်ဘူး။ ကြောက်လို့ လွိုင်ကော်မှာဘဲ အကြာကြီးနေဖြစ်တယ်။ ဒီမှာနေဖို့ထိုင်ဖို့ ခက်ခဲတော့ အကြာကြီးနေလို့ သိပ်အဆင်မပြေဘူး။ ဒီမှာဝင်ငွေရှာဖို့လည်းအဆင်မပြေဘူး။ ဘုရားကျောင်းနဲ့ ဘာသာရေးအဖွဲ့တွေရဲ့ အကူအညီ ကိုဘဲ အားကိုးနေရတယ်။ အဲ့တာအပြင် တခြားအကူအညီမရှိဘူး။"* ဟု မိခင်ဖြစ်သူမှ ပြောပြသည်။

မိန်းကလေးနှင့် အမေဖြစ်သူတို့သည့် ကျန်းမာရေဝန်ဆောင်မှုများနှင့်နီးသည့် လွိုင်ကော်တွင်သာ ဆက်လက်နေထိုင်နေကြသည်။ ဖခင်ဖြစ်သူနှင့် အခြားမိသားစုဝင်များမှာလည်း ရွှေ့ပြောင်းနေထိုင်နေရပြီး စစ်ရှောင်စခန်းတစ်ခုတွင် ရောက်ရှိနေသည်။

စစ်ကောင်စီတပ်များမှ ရွာများ၏နီးစပ်ရာနေရာများနှင့် အများပြည်သူအသုံးပြုသည့်နေရာများတွင် မြေမြှုပ် မိုင်း ထောင်ခြင်းသည် ကရင်နီအရပ်သားများအား ထိခိုက်စေရန်နှင့် ရွှေ့ပြောင်းစေရန် ပြုလုပ်ခြင်းဖြစ်ပြီး စုပေါင်း အပြစ်ပေးသည့် ဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ မြေမြှုပ်မိုင်းများအာ နေရာအနှံ့ အသုံးပြုခြင်းသည် နောင်နှစ်ပေါင်းများ စွာကြာသည့်အထိ ကရင်နီပြည်နယ်အတွင်း အရပ်သားလုံခြုံရေးများအတွက် ပြဿနာဖြစ်စေနိုင်ပြီး စစ်ရှောင်ပြည်သူများ လူ့ဂုဏ်သိက္ခာနှင့်အညီ လုံခြုံစွာအိမ်ပြန်ရန်အတွက်လည်း အဟန့်အတား တစ်ခုဖြစ်စေသည်။

စစ်ရှောင်ကရင်နီအမျိုးသမီးတစ်ဦးမှ ယခုလိုရှင်းပြပါသည်။


> *"ရွာထဲမှာလည်း ကျွန်မတို့အတွက် မလုံခြုံတော့လို့ ထွက်ပြေးရတယ်။ ရွာနားမှာ မြေမြှုပ်မိုင်း တွေရှိနေတော့ တက်နင်းမိပြီး ထိခိုက်မှာကြောက်ကြတော့ ဘယ်သူမှ ရွာမပြန်ရဲကြဘူး။ ခုထိ စစ်ကောင်စီတပ်သားတွေက ရွာထဲမှာရှိတဲ့ ကျွန်မတို့အိမ်တွေနားမှာ ရှိနေသေးတယ်။ လုံခြုံမှု လည်း မရှိဘူး။ တစ်ချိန်လုံးစိုးရိမ်နေရပြီး ညတွေဆိုလည်း အိပ်မပျော်ဘူး။ တစ်ခါတစ်လေ ကလေးတွေက အိမ်မက်ဆိုးတွေမက်ပြီး လန့်နိုးတာမျိုးတွေရှိတယ်။ သူတို့အတွက်လည်း စိုးရိမ် တယ်။ ဘယ်အချိန်မှဖြစ်မယ်မှန်းလည်းမသိပေမယ့် အိမ်ပြန်ရမှာလည်းကြောက်တယ်။ အနာဂါတ်တွေဖျက်စီးခံလိုက်ရတော့ စိတ်ဓါတ်တွေကျပြီး ဖိအားတွေများတယ်။"*

## လူနေအိမ်များအာ ဖျက်စီးခြင်း

စစ်ရေးရည်ရွယ်ချက် (ဥပမာ စစ်လက်နက်ပစ္စည်းများသိုလှောင်ခြင်း)အတွက် အသုံးပြုခြင်းမရှိဘဲ လူနေအိမ်များ၊ ကျေးရွာများနှင့် မြို့များကဲ့သို့သော အရပ်သားများပိုင်ဆိုင်သည့်ပစ္စည်း၊ အဆောက်အဦးများကို တိုက်ခိုက်ခြင်းအား နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေမှ တားမြစ်ထားသည်။ အရပ်သားများအား ရည်ရွယ်ချက်ဖြင့်တိုက်ခိုက်မှုများကို နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေမှ လုံးဝတားမြစ်ထားပြီး စစ်ရာဇဝတ်မှုမြောက်သည်။ အသေးစိတ်အချက်အလက်များအတွက် ဤအစီရင်ခံစာပါနိုင်ငံတကာဥပဒေမူဘောင်နှင့်သုံးသပ်ချက်အပိုင်းတွင်ကြည့်ပါ။

စစ်ကောင်စီတပ်များကြောင့် ကရင်နီပြည်နယ်ရှိ မြို့များ၊ ရွာများနှင့် ရပ်ကွက် ၈၇ ခုမှ စုစုပေါင်း လူနေအိမ် ၁၁၉၀ ခန့် ထိခိုက်ပျက်စီး သို့မဟုတ် လုံးဝပျက်စီးသွားခဲ့သည်။ ထို့အနက် ၅၂၀ ခန့်သည် မော်တာကျည်ဖြင့် ပြစ်ခတ်ခြင်းနှင့် မီးရှို့ခြင်းတို့ကြောင့် ပျက်စီးသွားခဲ့ခြင်းဖြစ်သည်။ အောက်ဖော်ပြပါ နေရာများတွင် စစ်ကောင်စီတပ်များ၏ ဖျက်စီခံရမှု အများဆုံးဖြစ်သည်။

- ဒီမော်ဆိုမြို့နယ်တွင်အတွင်း ၂၆ ရွာနှင့် မြို့နှစ်မြို့ (နန်းမယ်ခုံနှင့်ဒီမော်ဆို)ရှိ ရပ်ကွက် ၄ ခု
- လွိုင်ကော်မြို့နယ်အတွင်း ၁၉ ရွာနှင့် လွိုင်ကော်မြို့ပေါ် ရှိရပ်ကွက် ၇ ခု
- ဖရူဆိုမြို့နယ်အတွင်း ၁၁ ရွာနှင့် ဖရူဆိုမြို့ပေါ် ရှိ ၃ ရပ်ကွက်
- ဘော်လခဲမြို့နယ်အတွင်း ၃ ရွာနှင့် ဘော်လခဲမြို့ပေါ် ရှိ ၁ ရပ်ကွက်
- (ရှမ်းပြည်နယ်တောင်ပိုင်း)ဖယ်ခုံမြို့နယ်အတွင်း ၄ ရွာနှင့် မြို့နှစ်မြို့(ဖယ်ခုံနှင့် မိုးဗြဲ)ရှိ ၇ ရပ်ကွက်



အရပ်သားများ၏ ပိုင်ဆိုင်မှုများတိုက်ခိုက်ဖျက်ဆီးခံရမှုတွင် လှိုင်ဘွဲ့မြို့နယ်နှင့် ဒီမော်ဆိုမြို့နယ်တွင် သိသိ သာသာ ပိုများသော်လည်း စစ်ကောင်စီနှင့် လက်နက်ကိုင်တိုက်ပွဲဖြစ်ပွားနေသော ကရင်နီပြည်နယ်ရှိ မြို့နယ်အား လုံးနှင့် ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ်များတွင် စစ်တပ်မှ လုပ်ဆောင်လေ့ရှိသည့် ပုံစံဖြစ်သည်။

*ဖရူဆိုမြို့နယ်ရှိ စစ်ရှောင်အမျိုးသမီးတစ်ဦးမှ ကွင်းဆင်းဝန်ထမ်းအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့တွင် ယခုလို့ပြောပြသည်။ "လက်နက်ကြီးတွေကြောင့် အိမ်လည်းပျက်စီးသွားပြီ။ ဘာမှမကျန်တော့ဘူး။ ကလေးတွေကို ဘယ်ခေါ်သွားရမှန်းမသိသလို ဘယ်မှာသွားခိုလှုံရမယ်မှန်းလည်းမသိဘူး။ ကြောက်တယ်။"*

ကရင်နီပြည်နယ်အတွင်း နယ်မြေစိုးမိုးမှုရရန်အတွက် ကရင်နီရွာများတွင် မြေများရှင်းလင်းပြီး စခန်းသစ်များ ပြုလုပ်ခြင်းကြောင့် ရှိနှင့်ပြီးသား အဆောက်အဦးများနှင့် စိုက်ပျိုးမြေများ ပျက်စီးရသည်။ ဒီမော်ဆိုမြို့နယ်မှ အိမ်ပျက်စီးသွားသူ အမျိုးသမီးတစ်ဦးက ယခုလိုပြောပြသည်။

> "ကျွန်မတို့အိမ်က စစ်တပ်နဲ့နီးတယ်။ သူတို့စစ်ဆင်ရေးအတွက် နယ်မြေတွေရှင်းတဲ့အခါ ရှိတဲ့အိမ် တွေကိုလည်း အကုန်ဖျက်စီးပြစ်တယ်။ ခြံစည်းရိုးတွေလည်း ဖျက်စီးတယ်။ ဘုဒ္ဓိဇာနဲ့ ရှိတဲ့ဟာတွေ အကုန်ဖျက်တယ်။ အိမ်ပြန်ချင်ရင်တောင် ပြန်စရာအိမ်မရှိတော့ဘူး။ မိသားစုတွေလဲကွဲပြီး တစ်ယောက်တစ်နေရာစီ ရောက်နေကြတယ်။ နေစရာနေရာလည်းမရှိသလို လုံခြုံမှုလည်း မရှိဘူး။"

စစ်ကောင်စီတပ်သားများ ပြန်လည်ဆုတ်ခွာသည့်အချိန်များတွင် အရပ်သားအိမ်များကို မီးရှို့ဖျက်စီးသွားလေ့ ရှိသည်။ ကရင်နီ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ တိုက်ခိုက်ခြင်းဖြစ်သည်ဟု တလွဲယူဆ ပြုလုပ်လေ့ရှိသည်။ ဤအစီရင်ခံစာ ရေးသားမှတ်တမ်းတင်သည့်အချိန်ကာလအတွင်း ဖြစ်ပွားခဲ့သော အရပ်သားအိမ်များ၊ ပစ္စည်းများအား မီးရှို့မှုဖြစ်စဉ် အများစုသည် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားနေခြင်းမရှိသည့် အချိန်များသာဖြစ်သည်။ စစ်အာဏာရှင် တော်လှန်ရေးအင်အားစုများအား ကရင်နီအရပ်သားများမှ ထောက်ပံ့ထားသည်ဟုယူဆပြီး စုပေါင်းပြစ်ဒဏ်ပေးသည့် အနေဖြင့်ပြုလုပ်သော စစ်ကောင်စီ၏ နည်းဗျူဟာတစ်ခုဖြစ်သည်။

**၂၀၂၃ ခုနှစ် မေလ ၁၆ ရက်တွင် ဖြစ်ပွားခဲ့သော ဒီမော်ဆိုမြို့နယ်ရှိ ရွာမှ မီးရှို့မှုဖြစ်စဉ်တွင် အိမ်ခြေ ၅၅ ရှိသည့်အနက် ၄၄ အိမ် အား တပ်မ (၆၆) မှ ဖျက်စီးခဲ့သည်။**

(အထက်တွင်ဖော်ပြခဲ့သော) လူနှစ်ဦးသေဆုံးခဲ့ရသည့် ဒီမော်ဆိုမြို့နယ်မှ ရွာအား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့ တွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့စဉ်တွင်လည်း အိမ်ပေါင်းများစွာ ပျက်စီးပြာကျခဲ့သည်။ ထိုဖြစ်စဉ်အပြီး တစ်ပါတ်အကြာတွင် ထိုရွာသို့ တပ်မ (၆၆) ထပ်မံရောက်ရှိလာပြီး အိမ် ၈၀ ခန့်ကို မီးရှို့ဖျက်စီးခဲ့သည်။ ထိုရွာမှ အမျိုးသမီးတစ်ဦးက ကွင်းဆင်းဝန်ထမ်းကို ယခုလိုပြောပြသည်။

> *"ကျွန်မတို့အိမ်ရော စပါးကျီရော အကုန်မီးလောင်သွားပြီ။ ရှင်သန်ဖို့ အရမ်းခက်ခဲသွားပြီ။"*

စစ်သားများမှအိမ်ကို မီးရှို့ဖျက်ဆီးသွားသည့်အခါ ရွာသားများမှ ပြန်လည်ထူထောင်ရန်အတွက် ရုန်းကန် ရသည်။ သူတို့၏ပိုင်ဆိုင်မှုများနှင့် တန်ဖိုးကြီးပစ္စည်းများ မမှတ်မိနိုင်အောင် မီးရှို့ဖျက်ဆီးခံရပြီးနောက် ဖြေမဆယ်နိုင်အောင် ဖြစ်ကြရသည်။ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားကဲ့သို့ အရေးကြီးသည့် စာရွက်စာတမ်းများပါ ပျက်စီးဆုံးရှုံးခဲ့ရပြီး နိုင်ငံအတွင်း ခရီးသွားလာရန်နှင့် အခြားလူမှုဝန်ဆောင်မှု များရယူရန် အခက်အခဲများစွာ ရှိလာသည်။ မှတ်ပုံတင်ကဒ်အား အစားထိုး ပြုလုပ်ရာတွင်လည်း အင်မတန်ရှုပ်ထွေးပြီး အကုန်အကျများကာ ဒေသခံရဲစခန်းမှ ထောက်ခံစာများ ရယူရန်လိုအပ်ပြီး အချိန်အင်မတန်မှကြာမြင့်သည်။ ရွာသူကြီးဖြစ်သူမှလည်း မှတ်ပုံတင်ပျောက်ဆုံး၊ ပျက်စီးသွားသည်မှာ မှန်ကန်ကြောင်း ထောက်ခံစာရေးပေးရသည်။ မှတ်ပုံတင်ကဲ့သို့ အထောက်အထားပြနိုင်သည့် စာရွက်စာတမ်းများမပါ ပါက စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်များတွင် ဖမ်းဆီးခံရနိုင်သည်။

မီးရှို့ဖျက်ဆီးမှုများကြောင့် စိုက်ပျိုးလယ်ယာမြေများနှင့် သီးနှံရိတ်သိမ်းရာတွင် အသုံးပြုသောစိုက်ပျိုးရေး သုံးပစ္စည်းများလည်း ပျက်စီးဆုံးရှုံးသွားသည်။ စပါးနှင့် စိုက်ပျိုးရေးသည် ဒေသခံရွာသားများ၏ အဓိကအသက် မွေးဝမ်းကြောင်းဖြစ်သည်။ ယခုအချိန်တွင် ထိုစိုက်ပျိုးမြေများသည် ပျက်စီးပြီး စိုက်ပျိုးရန်အဆင်မပြေတော့သည့် အခြေအနေမျိုး ဖြစ်နေသည်။ ဒေသခံ မိသားစုဝင်တစ်ခုအတွက် ရေရှည်လောက်ငှရန် လိုအပ်သည့် သီးနှံအထွက်နှုန်း မရှိသောကြောင့်ရေရှည်ဂရက်ရိုက်နိုင်သည်။ ဆန်၊ ဆီနှင့် အစားသောက်များ အလွန်ဈေးမြင့်တက်လာသည့်အတွက် ဒေသခံများသည် မိသားစုဝင်များနှင့် ရပ်ရွာအတွက်လိုအပ်သည့် အစားအသောက်များကို ကိုယ်တိုင်ထုတ်လုပ်မှုပေါ် များစွာမှီခိုနေသည်။ လက်ရှိအခြေအနေတွင် ဒေသခံများအနေဖြင့် သီးနှံများကို မီးရှို့ဖျက်စီးနိုင်ခြင်း သို့မဟုတ် စိုက်ပျိုး ရိတ်သိမ်းနေသည်ကို တွေ့ရှိပါက စစ်ကောင်စီတပ်များအား ပစ်ခတ်မှုကို စိုးရိမ်စိတ်များကြောင့် အလုပ်မလုပ်နိုင်ကြသလို မလုပ်ရန်လည်း တားမြစ်ကြသည်။



ဓါတ်ပုံ - စစ်ကောင်စီတပ်များ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောအိမ်တစ်လုံး

ပြန်လည်နေထိုင်လို့ မရနိုင်သည့်အထိ ကျေးရွာများကိုဖျက်စီးပြီး အသက်မွေးဝမ်းကျောင်းများကိုပါ ဖျက်စီးခဲ့သည့်အတွက် ကရင်နီစစ်ရှောင်များအတွက် စိတ်ဆန္ဒအရ ဂုဏ်သိက္ခာနှင့် လုံခြုံစိတ်ချစွာ အိမ်ပြန်နိုင်ချေ အင်မတန် နည်းသည်။ စစ်ကောင်စီတပ်များအား “မြေလှန်”သည့် နည်းစနစ်သည် ကနင်နီပြည်နယ်တွင် ထောင်ပေါင်းများစွာ စစ်ရှောင်နေရပြီး လူသားချင်းစာနာထောက်ထားမှု အခြေအနေများကို ပို၍ဆိုးစေသည်။

## လုယက်ခြင်း

လုယက်ခြင်းအား တားမြစ်မှုများသည် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေများတွင် ရှေးယခင်ကတည်းက ရှိသောတားမြစ်ချက်တစ်ခုဖြစ်သည်။ လုယက်မှုသည်လည်းစစ်ရာဝတ်မှုမြောက်သည့် လုပ်ဆောင်မှုတစ်ခုဖြစ်သည်။[25]

လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားပြီးသည့်အချိန်တွက် စစ်ကောင်စီတပ်သားများမှ အရပ်သားများ၏ ပိုင်ဆိုင်မှုများကို လုယက်လေ့ရှိသည်။ ကရင်နီအရပ်သားများမှ သူတို့၏ပိုင်ဆိုင်မှုများကို ပြန်လည်ရယူနိုင်ခြင်းမရှိသည်ကများသည်။ လွိုင်ကော်ကဲ့သို့ မြို့ပြနေရာများတွင် တိုက်ပွဲများပြင်းပြင်းထန်ထန်ဖြစ်ပွားထားသည့် နေရာများသို့ စစ်ကောင်၏ ထရပ်ကားများ ဝင်ထွက်သွားလာ

25. ICRC, Customary International Humanitarian Law Rule 52. Pillage is prohibited. ICC Rome Statute, Article 8(2)(e)(v).

သည်ကို မျက်မြင်သက်သေများမှ တွေ့ရှိခဲ့သည်။ ဖမ်းဆီးထားသော ကရင်နီအရပ်သားများကို လမ်းပြအဖြစ် အသုံးပြုပြီး အရပ်သားအိမ်များကို ဝင်ရောက်ခြင်း၊ ပိုင်ဆိုင်မှုများကို သိမ်းယူခြင်း တို့ကို ပြုလုပ်ပြီးစစ်ကောင်စီကားများဖြင့် တင်ယူသယ်ဆောင်လေ့ရှိသည်။

ကရင်နီအရပ်သားများအား ခြိမ်းခြောက်သည့်အနေဖြင့် စစ်ကောင်စီတပ်သားများ အိမ်သို့ဝင်ရောက်ပြီး ပိုင်ဆိုင်မှု အနည်းငယ်ကိုသာ ယူဆောင်ခြင်းမျိုးလည်းရှိသည်။ ဒေသခံ PDF များမှလည်း ကရင်နီပြည်နယ်အတွင်း သွားလာရန်အသုံးပြုသည့် ဆိုင်ကယ်များကို အရပ်သားများထံမှ ယူဆောင်သည့်ဖြစ်စဉ်မျိုးကိုလည်း ကြားသိထား ရသည်။

## အဓမ္မရွှေ့ပြောင်းစေခြင်း


ပြည်တွင်းစစ်ဖြစ်ပွားနေသည့်အချိန်တွင် အရပ်သားများ၏ အသက်အန္တရာယ်အားကာကွယ်ရန်နှင့် အရပ်သားများ၏ အကျိုးကိုမျှော်ကိုးသည့် စစ်ရေးလှုပ်ရှားမှုများအတွက်မှလွဲလျှင် အရပ်သားများအား အဓမ္မရွှေ့ပြောင်းစမှုများအား တရားမဝင်ဟုသတ်မှတ်ထားသည်။[26] အဓမ္မရွှေ့ပြောင်းစေမှုများအား စစ်ရာဇဝတ်မှု သို့မဟုတ် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ မြောက်နိုင်သည်။ အသေးစိတ်အချက်အလက်များအတွက် ဤအစီရင်ခံစာပါ နိုင်ငံတကာဥပဒေမူဘောင်နှင့် သုံးသပ်ချက်များ အပိုင်းတွင် လေ့လာနိုင်သည်။

အရပ်သားများအား ရည်ရွယ်တိုက်ခိုက်မှုများနှင့် လူနေရွာများ၊ မြို့များတွင် စစ်တပ်နေရာချထားမှုများ ရှိလာသည့် အတွက် အရပ်သားများ နေရပ်စွန့်ခွာ ထွက်ပြေးလာရသည်။ စစ်ကောင်စီတပ်များ၏ "မြေလှန်" နည်းလမ်းဖြင့် ကရင်နီအရပ်သားများအပေါ် စုပေါင်းပြစ်ဒဏ်ပေးသည့် နည်းလမ်းများကြောင့် အရပ်သားများ၏ ရွာများ၊ အိမ်များ ပျက်စီးသွားပြီး ပြန်စရာနေရာ မရှိတော့သည့် အခြေအနေမျိုးဖြစ်နေသည်။

ကရင်နီပြည်နယ် ခန့်မှန်းလူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်ဖြစ်သော အနည်းဆုံး လူဦးရေ ၁၈၀၀၀၀ ခန့်သည် အဓမ္မရွှေ့ပြောင်းခြင်း ခံထားရသည်။ အများစုမှာ ပြည်တွင်းဒေသများဖြစ်သော ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းသို့ စစ်ရှောင်သွားကြပြီး အချို့မှာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသို့ နယ်စပ်မှဖြတ်ကျော်ကာ ခိုလှုံမှု ရှာဖွေနေကြသည်။ ကရင်နီပြည်နယ်၏ မြို့တော်ဖြစ်သော လွိုင်ကော်မြို့မှ လူဦးရေ၏ ၈၅ ရာခိုင်နှုန်းကျော်သည် ထွက်ပြေးတိမ်းရှောင်နေကြသည်။

26. ND-Burma, "Human Rights Documentation Manual Series: Documenting Forced Relocation in Burma" (October 2008).

## ပြည်တွင်း၌ စစ်ရှောင်သော ကရင်နီအရပ်သားလူဦးရေ




အချို့စစ်ရှောင်ပြည်သူများမှ ဘုရာကျောင်းများ၊ဘုန်းကြီးကျောင်းများတွင် ယာယီခိုလှုံမှုများ ရှိသလို အခြားနီးစပ်ရာရွာများတွင် ခိုလှုံရန်အတွက် ရွှေ့ပြောင်းသွားသူများလည်း ရှိသည်။ ပြောင်းရွှေ့လာသည့် စစ်ရှောင်များကို ရွာအများစုမှ ကြိုဆိုကြသော်လည်း အချို့ရွာများတွင် လက်သင့်မခံချင်သော အခြေအနေများလည်း ရှိသည်။ အချို့စစ်ရှောင်ပြည်သူများမှ အခြားတိုက်ခိုက်မှုများမှ ရှောင်ရန်အတွက် တောနက်ထဲတွင်ယာယီတဲများဖြင့် ခိုလှုံနေ ကြသည်။



**ဓါတ်ပုံ - ကရင်နီပြည်နယ်ရှိ စစ်ရှောင်စခန်းတစ်ခု။**

ကရင်နီစစ်ရှောင်လူဦးရေ၏ ၃၅-၄၀ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်သည် ကလေးငယ်များဖြစ်ကာ ကျန်လူဦးရေမှာ အမျိုးသားများဖြစ်ကြသည်။ စစ်ရှောင်စခန်းအားလုံးတွင် သန့်ရှင်းရေးအသုံး အဆောင်များ၊ ဆေးဝါးများ၊ အစားအသောက်များနှင့် ရေပြတ်လပ်မှုကို ပုံမှန်အစီရင်ခံစားများတွင် ခကြာခဏ တွေ့ရှိရ သည်။

ကြုံတွေ့ခဲ့ရသည့် ကြောက်မက်ဖွယ်ရာအတွေ့အကြုံများကြောင့် စိတ်ဒဏ်ရာရှိနေသည့် အပြင်ရိုက်ီဖူး စစ်ရှောင်စခန်းအား လေကြောင်းတိုက်ခိုက်မှုများဖြင့် တိုက်ခိုက်သကဲ့သို့ အခြား တိုက်ခိုက်မှုများရောက်လာမည်ကို အချိန်တိုင်း စိုးရိမ်ပူပန်နေကြသည်။ စစ်ရှောင်ပြည်သူများ သည် အကြိမ်ပေါင်းများစွာ ရွှေ့ပြောင်းနေခဲ့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက်နေ့တွင် ဒီမော်ဆိုမှ စစ်ရှောင်တစ်ဦးမှ ယခုလိုပြောပြသည်။

> *ကျွန်တော်တို့ရွာကတော့ စစ်မြေပြင်ဖြစ်သွားပြီ။ ထွက်ပြေးပြီးပုန်းနေကြရတယ်။ ခု တော့ စစ်ရှောင်ဘဝ ရောက်သွားပြီ။ အခက်အခဲတွေကတော့ အများကြီးဘဲ။ ဘဝကို ကောင်းကောင်း မနေရဘူး။ ကျန်းမာရေးစောင့်ရှောက်မှုလည်းမရှိဘူး၊ ကောင်းကောင်း လည်းမစားရဘူး။ စစ် သားတွေ ရွာထဲဝင်လာပြီး ပစ္စည်းတွေခိုးယူသွားကြတယ်။ အိမ် တွေလည်း မီးရှို့သွား ကြတယ်။ ဝမ်းနည်းပြီး စိတ်ဓါတ်ကျလို့ တစ်ခါတစ်လေကျရင် ငို ချင်တယ်။ အိပ်လို့လည်း မရဘူး၊ စားလို့လည်းမရဘူး။ အိပ်ဆေးတွေသောက်နေရ တယ်။ နောက်တစ်ခါ ထပ်ပြေးရမယ် ဆိုရင် ဘယ်ကိုပြေးရမလဲဆိုတာ စဉ်းစားနေရ တယ်။ ဒီလိုပူပင်သောက ရောက်ပြီး သွေးတိုး တွေပါ ဖြစ်လာပြီ။ အိမ်ကိုရော၊ ရွာကို ရော လွမ်းတယ်။ ဖြစ်နိုင်ရင်တော့ ပြန်ချင်တာပေါ့။ အဲ့လို မပြန်ချင်တဲ့သူ ဘယ်သူရှိမလဲ။*

စစ်ရှောင်ပြည်သူများသည် စစ်ကောင်စီတပ်သားများ၏လက်တွက် ညှင်းပန်းနှိပ်စက်မှုများ နှင့် အခြားလူ့အခွင့် အရေး ချိုးဖောက်မှုများ ကြုံရမည်ကို တွေးတောကြောက်လန့်နေကြရသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဖရူဆိုမြို့မှ စစ်ရှောင် ကော်မတီမှ အမျိုးသားတစ်ဦးမှ ယခုလို ပြောပြသည်။

> *"စစ်သားတွေက ကျွန်တော့ကိုတွေ့ရင် ဖမ်းဆီးနှိပ်စက်မှာ၊ စစ်ဆေးမေးမြန်းမလားဆို တာ အမြဲတမ်း ကြောက်နေတယ်။ သူတို့တခြားသူတွေကို ထိုးကြိတ်တာ၊ တုတ်နဲ့ရိုက် တာတွေ ကြားဖူး နေတယ်လေ။ လမ်းမှာ စစ်ကောင်စီစစ်သားတွေနဲ့ တွေ့မှာစိုးလို့ မြို့ ထဲကိုလည်း မသွားရဲဘူး။"*

၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် NGO ဝန်ထမ်းတစ်ဦးမှ ယခုလိုပြောပြသည်။

> *"ခုချိန်ထိတော့ ဒီဧရိယာထဲမှာ စစ်ကောင်စီလေယာဉ်တွေ ပျံနေတုန်းဘဲ။ ဘယ်အချိန်မှာ ဗုံးကျဲ ခံရမယ် ပစ်ခံရမယ်ဆိုတာ မသိရဘူး။ ကျွန်တော်တို့ တစ်သက်လုံး၊ တစ်ဘဝလုံး စုဆောင်းထိန်း သိမ်းလာခဲ့သမျှက ဗုံးတစ်လုံးကျဲလိုက်တာနဲ့ အကုန်ပျက်စီးသွားတယ်။ အရမ်းစိတ်ပျက်စရာ ကောင်းတယ်။"*

စစ်ရှောင်ပြည်သူများအပေါ် တိုက်ခိုက်မှုများ အဆက်မပျက်ရှိနေဆဲဖြစ်သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် လွိုင်ကော်မြို့နယ်အတွင်းရှိသော စစ်ရှောင်စခန်းတစ်ခုအား လက်နက်ကြီးဖြင့် ပြစ်ခတ်ခဲ့ပြီး အမျိုးသားတစ်ဦးသေဆုံးကာ အခြားအရပ်သားနှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် စစ်အစိုးရတပ်မှ ပစ်သောလက်နက်ကြီးကျည်ဆံများသည် လွိုင်ကော်မြို့နယ်အတွင်းရှိသော မူကြိုကျောင်းတစ်ခုပေါ်သို့ ကျရောက်ခဲ့ပြီး ကျောင်းတွင်ဝင်ရောက်ပုန်းရှောင်နေသော ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အခြား ပြည်သူ ၈ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

## လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ဟန့်တားခြင်း

ပြည်တွင်းရွှေ့ပြောင်းနေထိုင်ခြင်း (စစ်ရှောင်ခြင်း) ဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများသည် အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်းမှ အကာအကွယ်ပေးခြင်းအပြင် ရွှေ့ပြောင်းခံရစဉ်အတွင်း စုပေါင်း အခွင့်အရေးများကို အာမခံပြဋ္ဌာန်းထားသည်။ အာဏာပိုင်များသည် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများကို ဖြတ်သန်းနိုင်စေရန်နှင့် ရွှေ့ပြောင်းဒုက္ခသည်များအတွက် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပညာရေးအခွင့်အလမ်းကိုကို ဘေးကင်းစွာလက်လှမ်းမီနိုင်စေရန် လုပ်ဆောင် ပေးရမည်။[27]

စစ်အစိုးရသည် မရှိမဖြစ်လိုအပ်သော လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဟန့်တားခြင်းဖြင့် နိုင်ငံတစ်ဝန်း အကျပ်အတည်းကို ပိုမိုဆိုးဝါးအောင် လုပ်ဆောင်ပေးလျက်ရှိသည်။ ကရင်နီပြည်နယ်တစ်ခုလုံး အပါအဝင် နိုင်ငံ၏ အခြားဒေသများတွင် သွားလာလှုပ်ရှားမှု တင်းကျပ်စွာ ကန့်သတ်ချက်များ ချမှတ်ထားသည်။[28] ထိုကဲ့သို့ ခရီးသွားကန့်သတ်ချက်များသည် ကုလသမဂ္ဂအေဂျင်စီများနှင့် INGO များအပါအဝင် နိုင်ငံတကာသက်ဆိုင်သူများ အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝင်ရောက်ခွင့်ကို တင်းကြပ်စွာကန်သတ်ထားသည်။ အစိုးရသည် ဆေးဝါးများ ထောက်ပံ့မှုနှင့်ဝယ်ယူမှုအပေါ် ကန့်သတ်ချက်များထားရှိသောကြောင့် အရေးတကြီး လိုအပ်နေသည့် ဆေးဝါးကုသခွင့်များကို အခက်အခဲဖြစ်စေသည်။

လူးသားချင်းစာနာထောက်ထားမှုအကူအညီများ အမှန်တကယ်လိုအပ်နေသည့် အရပ်သားများဆီသို့ ရောက်ရှိရန်အတွက် စွန်စားလုပ်ဆောင်ပေးနေသော ကယန်းအမျိုးသမီးအစည်းအရုံး (KyWO)နှင့် ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO) တို့မှ ဝန်ထမ်းများအပါအဝင် အရပ်ဘက်

27. UN Commission on Human Rights, 'Guiding Principles on Internal Displacement' (11 February 1998) UN Doc E/CN.4/1998/53/Add.2. See also ICRC, Customary International Humanitarian Law Rule 55. Access for Humanitarian Relief to Civilians in Need.
28. UNOCHA Myanmar, "Humanitarian Update No. 24" (3 December 2022), p. 4, 7.

အဖွဲ့အစည်းများမှ ကရင်နီပြည်နယ်တွင် လိုအပ်လျှက်ရှိသော ဝန်ဆောင်မှုများကို ကျယ်ကျယ်ဝန်း ဝန်းဖြည့်ဆည်းပေးထားသည်။ ဤအစီရင်ခံစာ၏ အစောပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း စစ်အစိုး ရမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးနေသည့် ဝန်ထမ်းများနှင့် စေသနာ့ဝန်ထမ်းများ ကို ပစ်မှတ်ထား ဖမ်းဆီးလေ့ရှိသည်။ အသက်ကယ်ဆေးဝါးများ သို့မဟုတ် ဆန်ဆယ်အိတ်ထက်ပို ၍ ယာဥ်ပေါ် ရှိပါက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်သားများ အပါ အဝင်မည်သူမဆို မတရားဖမ်းဆီးခြင်း ခံရနိုင်သည်။

ထို့အပြင် ဆက်သွယ်ရေးလိုင်းများ အားနည်းခြင်းနှင့် စစ်အစိုးရက ချမှတ်ထားသောဆက် သွယ်ရေးကန့်သတ် ချက်များကြောင့် မိုဘိုင်းလ်ဖုန်း ဆက်သွယ်မှုများသည် ယုံကြည်စိတ်ချ ရခြင်းမရှိပါ။ ဤကြောင်းအရာများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကယ်ဆယ်ရေး လုပ်ငန်းများကို ပိုမိုအဟန့်အတားဖြစ်စေပြီး အရေးကြီးသောအကူအညီများ ပံ့ပိုးပေးနေသည့် ကရင်နီအလုပ်သမားများနှင့် စေတနာ့ဝန်ထမ်းများ၏ လုံခြုံရေးအတွက်အန္တရာယ် တစ်ခုဖြစ်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများအား အဖျက်အမှောင့်ပြုလုပ်ရန် မြန်မာစစ်တပ်မှ စစ်ဆေးရေး ဂိတ်များတွင် ထောက်ပံ့ရေး ပစ္စည်းများကို သိမ်းဆည်းခဲ့သည်။ အချို့သောကိစ္စများတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီများ မီးရှို့ဖျက်ဆီးခြင်းခံရသည်။ ဆေးဝါးနှင့်အခြားလိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို သိမ်းဆည်းခဲ့ခြင်းကြောင့် ရာနှင့်ချီသော စစ်ရှောင်အရပ်သားများ တားဆီးနိုင်ဖွယ်ရှိသည့် ရောဂါများဖြင့် သေဆုံးခဲ့ပြီး အာဟာရချို့တဲ့သော ကလေးငယ်များ၏ အာဟာရမလုံလောက်မှု အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့သည်။

## အစားအစာရှားပါးမှုနှင့် အသက်မွေးဝမ်းကြောင်းလက်လှမ်းမီမှု

စစ်ရှောင်များအနေဖြင့် အစားအသောက်အပါအဝင် ရှားပါးခြင်းမျိုးစုံ ကြုံတွေ့ရသည်။ အရပ် ဘက်အဖွဲ့အစည်းများမှ ဒေသတွင်းမှအကူအညီများ၊ နိုင်ငံသားများ၏ အကူအညီများနှင့် နိုင်ငံ တကာမှအကူအညီများဖြင့် အလွန်ခက်ခဲသော အခြေအနေများမှ တတ်စွမ်းသမျှ ကူညီနေကြသည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင်ဖရူဆိုမြို့နယ်မှ စစ်ရှောင်အမျိုးသမီးတစ်ဦးမှ သူမ၏စိုးရိမ် မှုများကိုပြောပြသည်။

*“ကျွန်မတို့ ရိက္ခာခွဲတမ်းတွေ ဖြတ်ခံရမှာကြောက်တယ်။ ကျွန်မတို့ကို ကူညီပေးနေတဲ့ လူတွေ၊ ထောက်ပံ့ရေးလုပ်သားတွေကို စစ်သားတွေက ဖမ်းဆီးနေတာ။ တစ်ချို့တွေဆို သတ်ခံရတယ်။ ရိက္ခာတွေ ဖြတ်လိုက်ရင်တော့ ပိုခက်ခဲတော့မှာပေါ့။ ရိက္ခာပိုရှားလာရင် ခွဲးတမ်းပိုနည်းလာပြီး မငတ်ရုံတမယ်ရှိတော့မှာပေါ့။”*

ကရင်နီပြည်နယ်တွင် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည့် အရပ်သားအများစုမှာ စပါးစိုက်ခင်းများနှင့် အခြား သီးနှံများကို စွန့်လွှတ်ခဲ့ရသည့် အသက်မွေးဝမ်းကျောင်း လယ်သမားများဖြစ်သည်။ စစ်ရှောင်များသည် စားနပ်ရိက္ခာ မလုံလောက်မှုကို အမြဲတစေ စိုးရိမ်နေကြသည်။ ဖရူဆိုမြို့နယ်မှ အခြားစစ်ဘေးရှောင် အမျိုးသမီးတဦးက ရှင်းပြသည်။

*“အခုအဓိကလိုအပ်တာကတော့ ဆန်၊ ဆီနဲ့ ဆားပေါ့။ ဒါတွေမရှိဘဲနဲ့ အနာဂါတ်မှာ ဘယ်လိုရှင်သန်ကြမလဲ။ အသက်ရှင်ဖို့အတွက် ဒါလေးတွေကိုဘဲ အားကိုးနေရတယ်။ ရိက္ခာခွဲတမ်း မရှိတော့ဘူးဆိုရင် ကျွန်မတို့ဆီမှာ မရှိ ရှိတာလေးတွေ အခိုးခံရလိမ့်မယ်။ ပြဿနာကတော့ စစ်တပ်က အစားအစာတွေ၊ ကျွန်မတို့လိုအပ်နေတဲ့ အဓိကကုန်ပစ္စည်းတွေကို ဖျက်ဆီးပစ် နေတာဘဲ။”*

စစ်ရှောင်များသည် ပြင်ပအကူအညီများကို လုံးလုံးလျားလျား မှီခိုနေရသော်လည်း လိုအပ်ချက်အတွက် လောက်ငှစွာရရှိခြင်း မရှိသေးပေ။ တစ်ခါတစ်ရံတွင် အမျိုးသမီးများသည် တခါတရံ ရွေးချယ်ခွင့်မရှိဘဲ မိသားစုစား နပ်ရိက္ခာရှာဖွေရန် မိမိတို့ ယာယီတဲများမှထွက်ခွာကာ စားနပ်ရိက္ခာနဲ့ တခြားလိုအပ်တဲ့ ပစ္စည်းများအား ရယူရန်ရွာသို့ ပြန်သွားကြသည်။ လမ်းခရီးတွင် မြေမြှုပ်မိုင်းနင်းမိခြင်း၊ မော်တာကျည်ထိမှန်ခြင်း သို့မဟုတ် မြန်မာစစ်တပ်မှ စစ်သားများ၏ ပစ်သတ်ခြင်းစသည့် အန္တရာယ်များရှိနေသည်။

*“သူတို့(စစ်ကောင်စီတပ်၏)လက်နက်တွေက အကြီးကြီးဆိုတော့ စပါးခင်းထဲကိုတောင် မသွားရဲဘူး။ အပစ်ခံရမှာကြောက်တယ်။”* ဟု ဖရူဆိုမြို့မှ စစ်ရှောင်အမျိုးသမီးတစ်ဦးက ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့တွင် ပြောပြသည်။

မိရိုးဖလာ လယ်ယာလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးပြီးနောက် ရွှေ့ပြောင်း စစ်ရှောင်များအတွက် အခြားလုပ်ငန်းများ၊ အလုပ်များလည်း လုပ်စရာမရှိတော့ပါ။ အရပ်သားများ ပထမဆုံးအကြိမ် ရွှေ့ပြောင်းစဉ်တွင် အိမ်မှပစ္စည်းများတတ်နိုင်သလောက် သယ်ယူခဲ့

ကြသည်။ သို့သော် တစ်နှစ်ကြာပြီးသည့်နောက်တွင် ပိုက်ဆံ၊ ပိုင်ဆိုင်သောပစ္စည်းများနှင့် အခြားတန်ဖိုးရှိပစ္စည်းများလည်း ကုန်ဆုံးသွားခြင်း သို့မဟုတ် သုံးမရတော့ခြင်း မျိုးဖြစ်နေသည်။ ပိုက်ဆံနှင့် ပိုင်ဆိုင်မှုပစ္စည်း ဘာမှမရှိဘဲ အနာဂါတ်တွင် မည်ကဲ့သို့ရှင်သန်ရမည်ဆိုသည်ကို ရွှေ့ပြောင်း စစ်ရှောင်များ အချိန်တိုင်း ပူပန်နေကြသည်။ ဤအစီရင်ခံစာအတွင်း အင်တာဗျူးတွင် ဝင်ရောက်ဖြေဆိုကြသော စစ်ရှောင်များသည် စိတ်ဖိစီးမှု၊ မသေချာမှုများနှင့် အကြောက်တရားများကို ဖော်ပြပြောဆိုကြသည်။ သူတို့၏စိုးရိမ်ပူ ပန်မှုများကို လျော့နည်းစေမည့် အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေးအထောက်အကူပစ္စည်းများနှင့် ကျန်းမာရေး ထောက်ပံ့မှုများ မရှိသဖြင့် ဤစိုးရိမ်ပူပန်မှုများကို ပိုဆိုးစေသည်။

စစ်ကောင်စီတပ်များ၏ သတ်ဖြတ်မှုကြောင့် ခင်ပွန်းဖြစ်သူသေဆုံးခဲ့သော စစ်ရှောင်အမျိုးသမီးတစ်ဦးမှ ယခုလိုပြောပြသည်။

> *“ကလေးတွေ ဖျားနာရင်လည်း ပိုက်ဆံခက်ခဲနေတော့ မုန့်၊ အချိုရည်၊ နွားနို့၊ ဆေးဝါး ဘာမှ မဝယ်နိုင်ဘူး။ တစ်ခါတစ်လေကျရင်တော့ ပြန်ဆပ်မယ်လို့ကတိတွေပေးပြီး အကြွေးနဲ့ ဝယ်ရတယ်။ ယောက်ျားရှိတုန်းက ပိုက်ဆံ ဆယ်သိန်း (USD 475) ချေးထားတာရှိတယ်။ အကြွေးရှင်က ဘယ်တော့လိုက်လာပြီးတောင်းမလဲ မသိဘူး။ အဲ့လိုလာတောင်းရင်လည်း ကျွန်မ ဘာလုပ်ရမလဲမသိဘူး။ အဲ့တာကိုလည်းစိတ်ပူတယ်”*

အသက်မွေးဝမ်းကျောင်းများမရှိခြင်းကြောင့် ဆင်းရဲတွင်း ပိုနက်လာကြသည်။ ထို့ကြောင့် ကရင်နီပြည်နယ်အတွင်း လူနေထူထပ်သည့် နေရာများတွင်ပင် လုယက်မှုများတွေ့လာရပြီး စစ်ရှောင်ဧရိယာများတွင်လည်း မူးယစ် ဆေးဝါးရောင်းဝယ်ခြင်းနှင့် အသုံးပြုခြင်းများတွေ့လာရသည်။ အခြားဝင်ငွေရှာရန် ဖိအားပေးသလိုဖြစ်နေပြီး ကံမကောင်းစွာပင် အချို့ မှာ မကောင်းသောနည်းလမ်းများသို့ ရောက်သွားကြသည်။

## ရွှေ့ပြောင်းစစ်ရှောင် ကလေးငယ်များနှင့် အမျိုးသမီးများ၏ လိုအပ်ချက်

ရွှေ့ပြောင်းစစ်ရှောင်စခန်းများတွင် အမျိုးသမီးများနှင့် ကလေးငယ်များသည် သူတို့၏အခွင့်အရေးကို လေးစားရန်နှင့် ကာကွယ်ရန်အပြင် လိုအပ်သည့်အခြေခံကျသည့် ပစ္စည်းများရရှိရန် ခက်ခဲနေကြသည်။ အိမ်တွင်းအကြမ်းဖက်မှုများနှင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်ချေပိုများလာသည်။ ၂၀၂၂ ခုနှစ်ဇူလိုင် ၂၄ ရက်တွင် ဒီမော်ဆိုမြို့နယ်မှ စစ်ရှောင်အမျိုးသမီးတစ်ဦးက ယခုလိုပြောပြသည်။

*“ကျွန်မတို့ ဝါးအိမ်လေးထဲမှာဘဲနေရတယ်။ အမျိုးသမီးတွေက လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ အမြတ်ထုတ်မှုနဲ့ အိမ်တွင်းအကြမ်းဖက်မှုတွေခံနေရတယ်။ မိသားစုအတွင်းမှာ တစ်ခုခု အဆင်မပြေဖြစ်ရင် အများဆုံးခံစားရတာက ကလေးတွေနဲ့ အမျိုးသမီးတွေဘဲ။”*

၂၀၂၂ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် အမျိုးသမီးများကြုံတွေ့နေရသော အခက်အခဲများကို ဒီမော်ဆိုမှ စစ်ရှောင်အမျိုး သမီး တစ်ဦးက ပြောပြသည်။

*“ကလေးတွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေက တချိန်လုံးဖျားနာတာတွေ ဖြစ်တယ်။ တစ်ချို့အမျိုးသမီးတွေ ကလေးမွေးပြီးလို့ ကာကွယ်ဆေးထိုးချင်ရင်လည်း အခက်အခဲရှိတယ်။ ဆေးခန်းကိုသွားတဲ့လမ်းတလျှောက်မှာ ဒီအမျိုးသမီးအပေါ်ကျရောက်နိုင်တဲ့ အန္တရာယ်တွေက အများကြီးဘဲ။ ရက်တွေလည်း အများကြီးကြာသွားနိုင်တယ်။ ဒါ့မှမဟုတ် ဆေးဝါးလိုအပ်နေတဲ့ သက်ကြီးရွယ်အိုတွေအတွက် လှိုင်ကော်ကိုသွားပြီးဆေးသွားယူရတာမျိုးလည်းရှိတယ်။ ဒီခရီးတွေ အကုန်လုံးက ခက်ခဲတယ်။ ယောကျ်ားတွေကိုသွားခိုင်းရင်လည်း စစ်တပ်ကဖမ်းဆီးတာ ခံရနိုင်တယ်။ အမျိုးသမီးတွေကိုယ်တိုင်သွားရင်လည်း အန္တရာယ်များတယ်။”*

ဤကဲ့သို့သော မသေချာမှုများနှင့် မတည်ငြိမ်မှုများကြားတွင် အချို့သောအိမ်ထောင်ဦးစီး၊ များသောအားဖြင့် ယောကျ်ားများသည် အရက်သောက်သုံးခြင်းနှင့် မူးယစ်ဆေးသုံးခြင်းကဲ့သို့သော အနုတ်သဘောဆောင်သည့် ဖြေရှင်းမှုနည်းလမ်းများကို အသုံးပြုလာကြသည်။ ထိုမှတစ်ဆင့် အိမ်တွင်းအကြမ်းဖက်မှုများ ပိုဖြစ်ပွားလာနိုင်ပြီး အမျိုးသမီးများအတွက် အန္တရာယ်ရှိနေသည်။

*“အကြမ်းဖက်မှုပုံစံမျိုးစုံခံခဲ့ရသော အမျိုးသမီးများအတွက် နေ့စဉ်ဘဝမှာ အခက်အခဲအများကြီးရှိတယ်။ အမျိုးသမီးတွေကျူးလွန်ခံရတဲ့ အမှုတွေလည်း ပိုများလာတယ်။ မူးယစ်ဆေးအသုံးပြုတာတွေ ပိုများလာပြီးတော့ မူးယစ်ဆေးဝယ်ဖို့လုပ်နေရင်း အကြမ်းဖက်တာတွေ ရှိလာတယ်။ တခါတလေ အမျိုးသားတွေက မိသားစုအပေါ်အင်းအားပြချင်လို့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်တာ တွေရှိတယ်။ ကိုယ့်ရဲ့ဇနီးမယားကိုလည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်တာ မျိုးရှိတယ်။ ယာယီတဲတွေမှာ အမျိုးသမီးတွေအတွက် လုံခြုံမှုမရှိသလို ပုဂ္ဂလိကလွတ်လပ်ခွင့်အတွက် နေရာမျိုးလည်းမရှိဘူး။ ဒီအမျိုးသမီးတွေအတွက် ဥပဒေအထောက်အကူတွေလည်း ဘာမှမရှိဘူး”* ဟု ဒေသခံ အမျိုးသမီးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူမှ၂၀၂၂ ခုနှစ်ဇူလိုင် ၂၃ ရက်နေ့တွင် ပြောပြသည်။

စစ်ရှောင်စခန်းတွင်နေထိုင်နေသော အမျိုးသမီးများတွင် တစ်ကိုယ်ရေ လွတ်လပ်ခွင့်မရှိဘဲ ဖြစ်နေသည်။ သန့်ရှင်းရေးသုံး ပစ္စည်းများနှင့် အမျိုးသမီးများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများအပါအဝင် လုံလောက်သော အထောက်အပံ့များ မရရှိခြင်းကြောင့်ကျဉ်း မြောင်းသောရပ်ကွက်များတွင် အမျိုးသမီးများ၏ ဂုဏ်သိက္ခာကို တဖြည်းဖြည်းချိုးနှိမ်စေရန် ခြိမ်းခြောက်မှုများ ရှိနေသည်။ ဒီမော်ဆိုမှ စစ်ရှောင်အမျိုးသမီးတစ်ဦးက၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် ယခုလိုပြော ပြသည်။

> *"ဒီမှာနေရာတာ လုံခြုံမှုမရှိဘူး။ အကြမ်းဖက်မှုတွေခံရနိုင်သလို ရေးချိုးရင်လည်း လုံခြုံမှု မရှိ ဘူး"*

စစ်ရှောင်စခန်းများနှင့် ယာယီနေထိုင်ရာနေရာများတွင် အမျိုးသမီးများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိသလို ထိရောက်စွာ ထောက်ပံ့ပေးမှုလည်းမရှိပါ။ အမျိုးသမီးများအတွက် တရားဝင်ကာကွယ်ရေးနှင့် တရားမျှတမှုယန္တရားများသည် အားနည်းနေပြီး ယခုအခြေအနေများတွင် စိတ်ချရမှုမရှိပါ။ ကျား၊ မ အခြေပြု အကြမ်းဖက်မှုများအား ကာကွယ်ရန်အတွက် နည်းဗျူဟာများလည်း ရှိမနေပါ။ ရွှေ့ပြောင်းယာယီစခန်းများတွင် နေထိုင်သူအများစုမှာ အမျိုးသမီးများ ဖြစ်သော်လည်း စခန်းစီမံရေးကော်မတီများတွင် အမျိုးသားအများစုသာ တာဝန်ယူထားကြသည်။ အမျိုးသမီးများ၏ပါဝင်မှုအား ကန့်သတ်ထားမှုများစွာရှိပြီး သူတို့၏လိုအပ်ချက်များကိုလည်း လျစ်လျူရှု ခံထားရသည်။

လုံခြုံရေးနှင့် စီးပွားရေးအခြေအနေများ ပိုမိုဆိုးဝါးလာသည်နှင့်အမျှ အထူးသဖြင့်အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများနှင့် လူကုန်ကူးမှုခံရနိုင်ခြေ ပိုများလာသည်။ လူကုန်ကူးသူများအနေဖြင့် လွတ်မြောက်ရန် အခွင့်အလမ်းရှာဖွေနေသည့် ကရင်နီအမျိုးသမီးများကို အခွင့်ကောင်းယူသွားနိုင်သည်။ ဤအခြေအနေများကြောင့် စိတ်ဓါတ်ကျကာ ဆက်လက်နေထိုင်လိုစိတ် မရှိတော့ကြောင်း ဖော်ပြကြပြီး အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများစွာရှိနေသည်။

*"ကျန်းမာရေးဝန်ဆောင်မှုဆိုတာ အမြဲတမ်းလိုအပ်နေတဲ့အရာဖြစ်တယ်။ ရနေတဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေက အလွန်အားနည်းတယ်။ ဆရာဝန်ရော၊ ဆေးဝါးတွေရော အလုံအလောက်မရှိဘူး။ စစ်ရှောင်စခန်းတွေမှာ လိုအပ်တဲ့ဆေးဝါးတွေ မရနိုင်ဘူး။ ကျန်းမာရေးဝန်ဆောင်မှု မရှိလို့ ရောဂါအခြေ အနေပိုဆိုးလာတွေရှိတယ်။" ဟု ဖရူဆိုမြို့နယ်မှ စစ်ရှောင်အမျိုးသမီး တစ်ဦးက ၂၀၂၂ ခုနှစ်ဇူလိုင်လ ၂၃ ရက်နေ့တွင်ပြောပြသည်။*



**ဓါတ်ပုံ - စစ်ရှောင်စခန်းတစ်ခုတွင် အမျိုးသမီးများ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေပုံ။**

ဆေးဝါးများနှင့် ဆေးပစ္စည်းကန့်သတ်မှုများကို ယခုအချိန်တွင် စစ်ရှောင်များ ခံစားနေကြရတယ်။ ထို့အပြင် အချို့စစ်ရှောင်စခန်းများတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီးကျွမ်းကျင်သူများအချို့နေရာများတွင် လုံးဝမရှိ၊ အလုံအလောက်မရှိဘဲ ဖြစ်နေသည်။ စစ်ရှောင်များအနေဖြင့်ဆရာဝန်များရောက်လာမည့်အချိန်ကို စောင့်နေရပြီး အချို့အခြေအနေများတွင် လချီကြာမြင့်နိုင်သည်။ သို့မဟုတ် စစ်ရှောင်စခန်းမှထွက်ခွာ၍ ဆေးခန်းရှိရာသို့ သွားနိုင်သော်လည်း စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်များအား ဖြတ်သွားရမည်ဖြစ်ပြီး လမ်းတစ်လျှောက် အခြားအန္တရာယ်များလည်းကြုံတွေ့ရနိုင်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စစ်ကောင်စီတပ်များမှ ဆေးခန်းများကိုတိုက်ခိုက်မှုများလည်းရှိသည်။

အာဏာသိမ်းရန်ကြိုးစားမှုပြီးနောက်တွင် ဆရာဝန်များစွာမှ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြပြီး စစ်ကောင်စီမှ ရည်ရွယ်ဖမ်းဆီးမှုများနှင့် ကြုံခဲ့ကြသည်။ ကျန်းမာရေးဝန်ထမ်းအများစုမှာ စစ်ကောင်စီ၏ ဖမ်းဆီးမှုခံရခြင်းနှင့် ပုန်းရှောင်နေရခြင်းတို့ကြောင့် ဆေးခန်းအများစုကို ပိတ်ထားရပြီး ကျန်မာရေးဝန်ဆောင်မှုများ ပိုမိုခက်ခဲလာသည်။ မြို့ပေါ်တွင်ရှိသော စစ်ကောင်စီ၏ထိန်းချုပ်မှုအောင်တွင်ရှိသော ဆေးခန်းများနှင့်ကျန်းမာရေး ယန္တရားများတွင် ကုသရန်အတွက် လုံလောက်သောဆေးဝါးနှင့် ပစ္စည်းကိရိယာများ မရှိဘဲဖြစ်နေသည်။ ဖရူဆိုမြို့နယ်မှ အမျိုးသမီး စစ်ရှောင်တစ်ဦးမှ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃ရက်နေ့တွင် ယခုလိုပြောပြသည်။

*“ဖရူဆိုမြို့နယ်က စစ်ရှောင်တစ်ခုမှာ အမျိုးသမီးတစ်ဦး ကလေးမွေးရင်း သေဆုံးသွားတယ်။ ကလေးကတော့ အသက်ရှင်တယ်။ အမျိုးသမီးတွေရဲ့ ကျန်းမာရေးဆိုတာ အဓိကထားလုပ်ဆောင်ရမယ်ဟာဖြစ်ပေမယ့် စစ်ရှောင်စခန်းတွေမှာ ကျန်းမာရေးဝန်ဆောင်မှုတွေက မရှိဘူး။ တစ်ခုခုဖြစ်ရင် အရမ်းဝေးတော့ ဆေးရုံသွားဖို့လည်း အဆင်မပြေဘူး။ ဆေးဝါးတွေရော ကျန်းမာရေးဝန်ထမ်းရော အလုံအလောက်မရှိဘူး။ ဒါတွေကြောင့် အမျိုးသမီးတွေ အတွက် အန္တရာယ်ပိုများနေတယ်။”*

အသက်ကယ်ဆေးများနှင့် ကျန်းမာရေးစောင့်ရှောင်မှုများ အလွန်လိုအပ်နေသော်လည်း စစ်ရှောင်စခန်းများ တွင် ကျန်းမာရေးစောင့်ရှောင့်မှုအတွက် ထောက်ပံ့ငွေများ ပိုမိုနည်းပါးလာသည်။ လူသားချင်းစာနာထောက်ထားမှုဝန် ထမ်းတစ်ဦးက ယခုလိုပြောပြသည်။

*“စစ်ရှောင်စခန်းတွေမှာ ပစ္စည်းတွေ၊ ကိရိယာတွေ၊ ဆေးဝါးတွေအလုံအလောက်မရှိတော့ အဲ့လိုဝန်ဆောင်မှုပေးတဲ့လူလည်း နည်းနည်းဘဲရှိတယ်။ ဆေးရုံတွေ၊ ဆေးခန်းတွေလည်း မရှိဘူး။ ကျန်းမာရေးဝန်ဆောင်မှုအတွက် အလှူငွေထည့်ချင်တဲ့လူလည်းရှားတယ်။ ကယ်ဆယ်ရေးအတွက်နဲ့ အစားအသောက်ကိုဘဲ ပိုပေးချင်ကြတယ်။ ဒါပေမယ့်လည်း ဆေးဝါးတွေကလည်း အခြေခံလိုအပ်ချက်အနေနဲ့ရှိနေတုန်းဘဲ။ စစ်ကောင်စီဘက်က ဖမ်းဆီးတာတွေ၊ ပစ္စည်းသိမ်းယူတာတွေရှိတော့ ဆေးဝါးတွေသယ်ယူဖို့ကလည်း ခက်ခဲတယ်။”*

## ပညာရေးလက်လှမ်းမီမှု

ကရင်နီပြည်နယ်မှ ကလေးငယ်များ၏ ပညာရေးအခြေအနေများသည် လက်နက်ကိုင် ရန်ပြုမှုများကြောင့်များစွာ အနှောက်အယှက်ဖြစ်ခဲ့သည်။ မော်တာကျည်များနှင့် လေးကြောင်းတိုက်ခိုက်

မှုများကြောင့် ကလေးများကျောင်းသွားရန် ကြောက်ရွံ့ကြသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း အချို့သော စာသင်ကျောင်းများကို စစ်ကောင်စီမှ တပ်စွဲထားသည်။

ရွှေ့ပြောင်းစစ်ရှောင်နေရသော ကရင်နီကလေးငယ်များအတွက်ပညာရေး အခွင့်အလမ်းများ အင်မတန်နည်း ပါးသည်။ ရွှေ့ပြောင်းနေရသော အခြေအနေများတွင် အလွန်နည်းပါးသောအရင်းအမြစ်များဖြင့် ကျောင်းများကို ဖော်ဆောင်ရသည်။ ကျောင်းဆရာ၊ဆရာမများအား လခမပေးနိုင်ခြင်း၊ အရည်အချင်းပြည့်ဝသော ဆရာ၊ဆရာမများ မရှိခြင်းနှင့် ကျောင်းသုံးပစ္စည်းများ မရှိခြင်းတို့ ဖြစ်နေသည်။ စစ်အစိုးရမှ ကျောင်းပြဌာန်းစာအုပ်ရောင်းချမှုများကို ထိန်းချုပ်ထားပြီး စစ်ရှောင်ဒေသများအပြင် အတိုက်အခံအဖွဲ့များ အုပ်ချုပ်သည့်နယ်မြေများသို့ တင်ပို့မှုများကို ကန့်သတ်ထားသည်။

*"စစ်ရှောင်စခန်းထဲမှာ ကျောင်းတစ်ကျောင်းဖွင့်ထားပေမယ် မိဘတွေက ဝင်ငွေမရှိတော့ကလေးတွေအတွက် ကျောင်းသုံးပစ္စည်း၊ စာအုပ်တွေ ဝယ်မပေးနိုင်ဘူး။ အဲ့တာကြောင့် တစ်ချို့ကလေးတွေက ကျောင်းမသွားကြဘဲ တစ်နေကုန်ဆော့နေကြတာ။ ကျွန်မကလေးကိုတော့ စာမတတ်တာမျိုး မဖြစ်စေချင်ဘူး။ ကျွန်မကလေးတွေအတွက်တွေးပြီး စိတ်ပျက်မိတယ်။"* ဟု ဖရူဆိုမြို့နယ်မှ စစ်ရှောင်အမျိုးသမီးတစ်ဦးက ၂၀၂၂ ခုနှစ် ဇူလိုင်လ၇ ရက်နေ့တွင် ပြောပြသည်။

ကလေးငယ်များနှင့်လူငယ်များ ပညာရေးအခွင့်အလမ်းအား လုံခြုံစွာလက်လှမ်းမီမှုမရှိသည့်အကြောင်း၊ အခက်အခဲများနှင့် စိုးရိမ်မှုများကို ကွင်းဆင်းဝန်ထမ်းများက ဖော်ပြကြသည်။ စစ်ရှောင်စခန်းများသည် စစ်ကောင်စီတပ်များ၏ တိုက်ခိုက်မှုရန်ကို စိုးရိမ်နေရပြီး ဘေးလွတ်ရာသို့ မကြာခဏရွှေ့ပြောင်းနေရသည်။ ဤအချက်သည် ရေရှည်အကျိုးဆက်များနှင့် အလုံးစုံကျန်းမာရေး အပေါ်အပျက်သဘောဆောင်သည်။

လူသားချင်းစာနာထောက်ထားမှုဝန်ထမ်းတစ်ဦးက ၂၀၂၂ ခုနှစ် ဇွန်လ ၂၇ တွင် ယခုလိုပြောပြသည်။

> *"ကလေးတွေရဲ့ပညာရေးအကြောင်း တွေးတဲ့အခါ စိတ်ထဲမှာ လေးလံနေတယ်။ အခုချိန်အထိ ကလေးတွေအတွက် ကောင်းမွန်တဲ့ပညာရေး ထောက်ပံ့ပေးနိုင်တဲ့အဖွဲ့ မရှိသေးဘူး။ ကလေးတွေက သင်ယူလေ့လာဖို့ အခွင့်အရေးတွေ ဆုံးရှုံးနေတယ်။ ပညာသင်ဖို့ လုံခြုံတဲ့လမ်းကြောင်းတွေ မရှိကြလို့ သူတို့တစ်သက်တာမှာ ပညာမတတ်တဲ့သူတွေ ဖြစ်သွားနိုင်တယ်။"*

ဤအစီရင်ခံစာ၏ နောက်တစ်ပိုင်းတွင် မှတ်တမ်းတင်ထားသော ကျူးလွန်မှုများအားနိုင်ငံတကာဥပဒေ မူဘောင်များဖြင့် ဆန်းစစ်မှုပြုလုပ်ထားပြီး ထိုကျူးလွန်မှုများသည် စစ်ရာဇဝတ်မှုနှင့်/သို့မဟုတ် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုမြောက်သည်ကို ဖော်ပြထားသည်။



**ဓါတ်ပုံ - စစ်ဘေးရှောင်စခန်းရှိ ယာယီစာသင်ခန်းတစ်ခုတွင် ကလေးငယ်များ ပညာသင်ကြားနေပုံ**

ယခုအစီရင်ခံစာသည် စာချုပ်များအခြေခံထားခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေ စည်းမျဉ်းစည်းကမ်းများ အခြေခံ ကောက်နှုတ်ထားသည်။ ယင်းကောက်နှုတ်ချက်များကို နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) ၏ ရောမဥပဒေမှသာမက လိုအပ်ချက်အရ ဖြစ်တည်လာသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားခုံရုံးများတွင် ဖော်ပြထားသော အပြည်ပြည် ဆိုင်ရာ အမှုတွဲဥပဒေဆိုင်ရာ တရားစီရင်ထုံးများနှင့် ICC ကိုယ်တိုင်မှ ရယူထားသည်။

## နိုင်ငံတကာ ရာဇဝတ်တရားရုံး၏ တရားစီရင်ခွင့်

၂၀၀၂ ခုနှစ် ဇူလိုင် ၁ ရက်နေ့ နောက်ပိုင်း ဥပဒေဖြစ်တည်ပြီးချိန်တွင် ဖြစ်ပွားသော လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သောရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုများဖြစ်ပွားလျှင် ယင်းအခင်းများ၌ အောက်တွင်ဖော်ပြသော အခြေအနေများနှင့် ကိုက်ညီလျှင် ICC မှ (ခုံရုံးတွင်ကြားနာခွင့်နှင့် အမှုခင်းကို ဆုံးဖြတ်နိုင်ခွင့်) တရားစီရင် ခွင့်ရှိသည်။ ပထမဦးစွာ စွပ်စွဲထားသော ရာဇဝတ်မှုသည် တရားရုံး၏ တရားစီရင်ခွင့်ကိုလက်ခံထားသော နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နိုင်ငံအစိုးရ၏ နယ်မြေအတွင်း အခြားနိုင်ငံတစ်ခု သို့မဟုတ် နိုင်ငံအစိုးရမှ ကျူးလွန်ထားသော အမှုဖြစ်ရမည်။ သို့တည်းမဟုတ် စွဲချက်တင်ခံရသောအမှုများကို ICC တရားလိုရှေ့နေထံသို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်များမှ တစ်ဆင့်လွှဲပြောင်းခံရသဖြင့် တရားခုံရုံးမှ တရားစီရင်ပိုင်ခွင့် ရှိသောအခြေအနေဖြစ်ရမည်။[29] အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ရက်နေ့ မှစ၍ ICC တရားစီရင်ပိုင်ခွင့်ကို လက်ခံကြောင်း ကြေငြာချက်ထုတ်ပြန်ထားသော်လည်း မြန်မာနိုင်ငံသည် ICC စည်းမျဉ်းစည်းကမ်းများကိုပြဌာန်းထားသော အဖွဲ့ဝင်နိုင်ငံမဟုတ်ပါ။[30] ICC အနေဖြင့် ကြေငြာချက်ကို လက်ခံရရှိကြောင်း ထုတ်ပြန်ခဲ့သော်လည်း တရားဝင်တုန့်ပြန်ခြင်းမရှိသေးပါ။[31] ICC ၏ကြေငြာချက်အပေါ်လက်ခံမှုနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥပဒေ ဆုံးဖြတ်ချက်မှ အပြည်ပြည်ဆိုင်ရာရာဇဝတ်ရုံးသို့ မြန်မာနိုင်ငံအခြေအနေကိုဖော်ထုတ်ရေးသားမှုများမှာ မြန်မာနိုင်ငံအတွင်း စစ်တပ်မှကျူးလွန်သည့် ကြမ်းကြုတ်သော ရာဇဝတ်မှုများကို

29. See ICC ‘How the Court works’ available at <https://www.icc-cpi.int/about/how-the-court- works#:~:text=-may%20be%20released.-,Jurisdiction,jurisdiction%20of%20the%20Court%3B%20or> accessed

30. See NUG Announcement No. (5/2022) available at <https://gov.nugmyanmar.org/2022/03/22/ announcement-no-5-2022-statement-on-the-determination-by-the-united-states-government-of-genocide-and-crimes-against-humanity-against-the-rohingya/> accessed 12 December 2022.

31. A recent legal opinion by Ralph Wilde of the University College London argues that the ICC is both entitled and legally required to accept the NUG’s Declaration under Article 12(3) of the Rome Statute. The opinion was endorsed by 17 other eminent jurists. See Legal Opinion available at <https://the-world-is-watching.org/wp-content/uploads/2022/08/Wilde-Burma-ICC-opinion-15-Aug.pdf> accessed 12 December 2022.

အပြည်ပြည်ဆိုင်ရာ တရားမျှတမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုမှတစ်ဆင့် ထုတ်ဖော်ပြသနိုင်မည့် နိယာမ လမ်းကြောင်းနှစ်ခုဖြစ်သည်။[32]

## အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေ

ဤအစီရင်ခံစာတွင် ဖော်ပြထားသော ကျူးလွန်မှုများသည် ကရင်နီလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များနှင့် ဗမာ့တပ်မတော်အကြားဖြစ်ပွားလျက်ရှိသည့် ဒေသတွင်းပဋိပက္ခများအတွင်း ဖြစ်ပွားသော အကြမ်းဖက်မှုများဖြစ်သည်။ ယင်းအခြေအနေတွင် (စစ်တွင်းဥပဒေဟုသိကြသော) လူသားချင်းစာနာထောက်ထားမှုဥပဒေများမှာ လက်ရှိအနေအထားနှင့် အကျုံးဝင်မှုရှိလာသည်။[33] အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေများထဲမှ အချက်တစ်ချက်မှာ လက်နက်မကိုင်ဆောင်ထားသောသူများ၊ အကြမ်းဖက်မှုတွင် မပါဝင်သူများ၊ အထူးသဖြင့် အရပ်သားများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အကူအညီပေးရေးလုပ်သားများအား ကာကွယ်စောင့်ရှောက်ရေးဖြစ်သည်။ ပဋိပက္ခတွင် ပါဝင်သူအဖွဲ့အစည်းများအနေဖြင့် လိုအပ်နေသောပြည်သူများအတွက် လျင်မြန်ပြီး ပိတ်ပင်မှုကင်းသော အကူအညီပေးရေးလမ်းကြောင်းများကို ခွင့်ပြုခြင်း၊ စေ့ဆော်လမ်းကြောင်းခြင်း ပြုလုပ်ရမည်။ လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ပိတ်ပင်တားဆီးခြင်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေကို ပြင်းထန်စွာချိုးဖောက်ရာ ရောက်ပါသည်။[34] လူသားချင်းစာနာထောက်ထားမှုဥပဒေတွင် အခြေခံကျသော စည်းကမ်းများစွာပါဝင်ပြီး ပဏာမအချက်မှာ လက်နက်မကိုင်ဆောင်ထားသူများကို ကာကွယ်ရန်ဖြစ်သည်။ ဒုတိယအချက်မှာ

32. A third avenue would be establishing an ad hoc international criminal tribunal through the UN General Assembly or the UN Human Rights Council. See Special Advisory Council for Myanmar, “Briefing Paper: Myanmar and the International Criminal Court” (15 December 2022). A fourth avenue is under the principle of universal jurisdiction, which holds that some crimes – such as genocide, crimes against humanity and war crimes - are so horrific that they can be tried anywhere. The principle allows national courts in third countries to address international crimes occurring elsewhere, provided that the third country has adopted legislation recognizing the relevant crimes and authorizing their prosecution.

33. Common Article 3 of the 1949 Geneva Conventions sets out the rules applicable to non-international armed conflicts. See International Committee of the Red Cross, ‘The Geneva Conventions of 1949 and their Additional Protocols’ available at <https://www.icrc.org/en/doc/war-and-law/treaties-customary-law/geneva-conventions/overview-geneva-conventions.htm> accessed 12 December 2022. Although Common Article 3 article does not provide a detailed definition of ‘non-international armed conflicts’, commentary by the International Committee of the Red Cross (ICRC) sets out two requirements for a situation to be classified as such. Firstly, the hostilities must reach a minimum level of intensity. For example, in a situation where a State is obliged to use military force against a non-state armed group rather than its police force. Secondly, non-state armed groups involved in the conflict must be considered as “parties to the conflict”, meaning that they possess organized armed forces. For example, these forces have to be under a certain command structure and have the capacity to sustain military operations. See <https://casebook.icrc.org/glossary/non-international-armed-conflict> accessed 17 November 2022. See also Prosecutor v. Dusko Tadic, ICTY, Case No. IT-94-1-AR72, Decision (Appeals Chamber), October 2, 1995 [70] and more recently, Prosecutor v. Lubanga, ICC T. Ch. I, Judgment, ICC-01/04-01/06, 14 March 2012 [533-538] and Prosecutor v. Katanga, ICC Tr. Ch. II, Judgement, ICC-01/04-01/07-3436, 7 March 2014 [1183-1187].

34. ICRC, Customary International Humanitarian Law Rule 55. Access for Humanitarian Relief to Civilians in Need.

ဦးတည်ချက်နှင့်ပတ်သက်ပြီး ခွဲခြားမှုနိယာမဖြစ်သည်။ တစ်နည်းဆိုရသော် ပဋိပက္ခအတွင်း အဖွဲ့များ အနေဖြင့် တိုက်ခိုက်သူနှင့် အရပ်သားကို ခွဲခြားစေရန်ဖြစ်သည်။ အရပ်သားများနှင့် အရပ်သားအစု အဖွဲ့များအား တိုက်ခိုက်ခြင်းမှ တားမြစ်ထားသည်။[35] မခွဲမခြားတိုက်ခိုက်မှုများ (စစ်တပ်နှင့် စစ်တပ် အစုအဖွဲ့များ၊အရပ်သားနှင့် အရပ်သားအစုအဖွဲ့ဟု ခွဲခြားခြင်းမရှိဘဲ တိုက်ခိုက်မှုများ) ကိုလည်း တားမြစ်ထားသည်။[36]

## စစ်ရာဇဝတ်မှုများ

စစ်ရာဇဝတ်များမှာ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေအောက်တွင် ပြင်းထန်သော ချိုးဖောက်မှုများဖြစ်ကြသည်။ ပြည်တွင်းစစ်ပဋိပက္ခဖြစ်ပွားနေစဉ်တွင် တားမြစ်ထားသည့် အကြောင်းအရာ အသေးစိတ်များကို နိုင်ငံတကာရာဇဝတ်မှုရုံး၏ ရောမကြေညာချက်မှ ပုဒ်မ ၈/၂(ဂ) နှင့် ၈/၂(င) တို့တွင် အသေးစိတ်ဖော်ပြထားသည်။[37] တားမြစ်ထားသည့် အကြောင်းအရာများတွင် သတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ ရက်စက်သော ဆက်ဆံမှု၊ တရားမဝင်သတ်ဖြတ်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အဓမ္မပြုကျင့်မှု၊ အရပ်သားများအားတိုက်ခိုက်မှုနှင့် ကာကွယ်ထားသော အဆောက်အဦများအားတိုက်ခိုက်မှု (စသည့်များနှင့် အခြားအကြောင်းအရာ) တို့ပါဝင်သည်။ ပြည်တွင်းစစ်ပဋိပက္ခ ဖြစ်ပွားနေသည့် အခြေအနေမျိုးတွင် အခြေအနေအကြောင်းအရာနှင့် အပြုအမူအားသိရှိပြီး ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခြင်းဖြစ်ပါက စစ်ရာဇဝတ်မှုမြောက်သည်။[38]


## လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သော ရာဇဝတ်မှု

လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုသည် အရပ်သားလူထုအပေါ်သို့ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ တိုက်ခိုက်ကျူးလွန်ခြင်းဖြစ်ပြီး နိုင်ငံတကာဥပဒေများအရ အဆိုးဆုံးအမှုများထဲမှ တစ်ခုဖြစ်သည်။ "တိုက်ခိုက်မှု" ဟုဆိုရာတွင် စစ်ရေးတိုက်မှုမျိုး ဖြစ်ရန်မလိုဘဲ တားမြစ်ထားသည့် အမှုကိစ္စများကို စီစဉ်ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်သည်။[39] လူသားမျိုးနွယ်စု

35. ICRC, Customary International Humanitarian Law Rule 1. The Principle of Distinction between Civilians and Combatants. Rules 7. The Principle of Distinction between Civilian Objects and Military Objectives 8. Definition of Military Objectives and 9. Definition of Civilian Objects. See <https://ihl-databases.icrc.org/customary-ihl/eng/docs/v1_rul> accessed 17 November 2022.
36. ICRC, Customary International Humanitarian Law Rules 11. Indiscriminate Attacks and 12. Definition of Indiscriminate Attacks and 14. Proportionality in Attack, op. cit.
37. Articles 8 (2) (c) (i-iv) and 8 (2) (e) (i-xv). Rome Statute of the International Criminal Court (Rome Statute), adopted July 17, 1998,2187 UNTS 90, U.N. Doc. A/CONF.183/9 (2002).
38. ICC Rome Statute, Article 30. See also International Criminal Court, Elements of Crimes, (2011) Articles 8(2) (c) and 8(2)(e).
39. ICC Elements of Crimes, Article 7 Introduction.

အပေါ်ကျူးလွန်သောရာဇဝတ်မှု ဥပဒေအရမြောက်စေရန် စနစ်တကျကျူးလွန်ခြင်း သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခြင်းမျိုးဖြစ်ရမည်။ ကျူးလွန်သူကိုတိုင် အရပ်သားအများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျတိုက်ခိုက်နေခြင်းဖြစ်သည်ကို သိရှိထားရမည်ဖြစ်သည်။

*Bemba၊ Katanga* နှင့် *Ngudjolo* အမှုဆုံးဖြတ်ချက်များတွင် တရားရုံး အကြိုတရားလွှတ်တော်များမှ ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်ခြင်းဆိုသည်မှာ "ပထဝီအနေအထားအရ ကျယ်ဝန်းသောနေရာအား တိုက်ခိုက်ခြင်းအပြင် ပထဝီအနေအထားအရ ကျဉ်းမြောင်းသော်လည်း လူဦးရေထူထပ်သောနေရာများကို တိုက်ခိုက်မှု" သည်လည်း အကြုံးဝင်သည်ဟုရှင်းလင်းခဲ့သည်။[40] "စနစ်တကျ" ဆိုသည့်စကားလုံးအတွက်မူ "အမှတ်တမဲ့ ဖြစ်ပေါ်နေခြင်း မဟုတ်ဘဲ အကြမ်းဖက်မှုများကို စီစဉ်ဆောင်ရွက်ဖော်ဆောင်ခြင်း" ကိုဆိုလိုသည်ဟု တရားရုံးမှ ဖော်ပြထားသည်။[41] ဤကဲ့သို့သောအခြေအနေ၊ အကြောင်းအရာများမှ တားမြစ်ချက်များ အားကျူးလွန်မှုသည် လူသားမျိုးနွယ်စုပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက် မမြောက်ဆိုသည်ကို ဆုံးဖြတ်ပေးသည်။ ထိုတားမြစ်ချက်များစွာအနက် သတ်ဖြတ်မှု၊ ကျွန်အဖြစ်စေခိုင်းမှု၊ အဓမ္မပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အကျဉ်းချမှု၊ တိုင်းပြည်မှ နှင်ထုတ်မှုနှင့် ဖိအားပေးပြောင်းရွှေ့စေမှုတို့ ပါဝင်သည်။



**ဓါတ်ပုံ - ဒီမော်ဆို အရှေ့ဘက်ရှိ အိမ်တစ်လုံး မော်တာကျည်များကြောင့် ပျက်စီးသွားပုံ။**

40. Prosecutor v. Bemba, ICC PT. Ch. II, ICC-01/05-01/08-424, Decision Pursuant to Article 61(7)(a) and (b) of the Rome Statute on the Charges of the Prosecutor Against Jean-Pierre Bemba Gombo, 15 June 2009 [83] and Prosecutor v. Katanga and Ngudjolo, ICC PT. Ch. I, ICC-01/04-01/07-717, Decision on the Confirmation of Charges, 30 September 2008 [395].

41. Prosecutor v. Katanga and Ngudjolo, ICC PT. Ch. I, ICC-01/04-01/07-717, Decision on the Confirmation of Charges, 30 September 2008, [394] Prosecutor v. Gbagbo, ICC PT. Ch. I, Decision on the Confirmation of Charges against Laurent Gbagbo, ICC-02/11-01/11-656-Red, 12 June 2014, [223]



**ဓါတ်ပုံ - လွိုင်ကော်မြို့နယ်တွင် စစ်ကောင်စီတပ်သားများမှ ကရင်နီအမျိုးသား ၆ ဦးအား မိလ္လာကျင်းတွင်စွန့်ပြစ်ထားပုံ။**

ဤအစီရင်ခံစာ၏ အောက်ပါအပိုင်းသည် မှတ်တမ်းတင်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်ကြောင်း စုစည်းသုံးသပ်ထားသည်။

မြန်မာစစ်တပ်မှ အရပ်သားများအပေါ် အကြိမ်ပေါင်းများစွာတိုက်ခိုက်မှုများကို မှတ်တမ်းတင်ထားသည်။ အခြေအနေအများစုတွင် တိုက်ပွဲဖြစ်ပွားနေခြင်းမရှိဘဲ ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သောကြောင့် အရပ်သားများအား တိုက်ခိုက်ရန်ရည်ရွယ်သည်ဟု ဖော်ပြနေသည်။ ထိုတိုက်ခိုက်မှုများတွင် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး မော်တာကျည်များဖြင့် ပစ်ခတ်မှု၊ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း၊ ဆေးခန်းများကဲ့သို့သော ကာကွယ်ထားသည့် အဆောက်အဦများ၊ မြို့များနှင့် ရွာများအား မီးရှို့ဖျက်ဆီးမှု၊ လုယက်မှုအပြင် အခြားစစ်ရာဇဝတ်မှုများ ပါဝင်သည်။

## အရပ်သားများအား တိုက်ခိုက်သည့် စစ်ရာဇဝတ်မှု

အရပ်သားများအားတိုက်ခိုက်ခြင်းအား[42] နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေများမှ လုံးဝကာကွယ်ပေးထားပြီး ICC ၏ ရောမကြေညာချက်အရ စစ်ရာဇဝတ်မှုမြောက်သည်။[43] ရောမကြေညာချက်ပါ အပိုဒ်များနှင့် ICC ၏ ရာဇဝတ်မှု ဖော်ပြချက်များတွင် "တိုက်ခိုက်မှု" အား အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိသော်လည်း သက်ဆိုင်ရာ ပုဒ်မများမှ ထူးခြားချက်များကို ကျယ်ပြန့်စွာဖော်ပြထားသည်။[44] *Ntaganda* အမှုတွင် တရားရုံးအကြိုကြားနာပွဲ၌ ICC မှ ""တိုက်ခိုက်မှု" တစ်ခု၏ ပါဝင်သည့် လက္ခဏာများအား သုံးသပ်ရာတွင် ထိုဖြစ်စဉ်တစ်ခု၏ နောက်ဆက်တွဲရလာဒ်သာလျှင် အရေးအကြီးဆုံးဖြစ်ပြီး ဒဏ်ရာရသည်ဖြစ်စေ၊ သေဆုံးသည်ဖြစ်စေ၊ ပျက်စီးဆုံးရှုံးသည်ဖြစ်စေ ထိုအချင်းအရာကို ရည်ရွယ်ချက်ဖြင့် သို့မဟုတ် ကြိုမြင်နိုင်သော အကျိုးဆက်များအတွက် ပြုလုပ်မှု" ဟု ဖော်ပြခဲ့သည်။[45]

တနည်းအားဖြင့်ဆိုရလျှင် ထိုတိုက်ခိုက်မှုများသည် အရပ်သားများအပေါ် အမှန်တကယ်ထိ

42. The ICC regards a civilian as anyone who is not a member of the State or non-State armed forces. In case of doubt an individual must be considered a civilian. A civilian population is described as all civilians, as opposed to members of armed forces and any other legitimate combatants. Moreover, the presence among the civilian population of individuals who are combatants does not deprive the entire population of its civilian character. However, the ICC will take into account factors such as the number and the behavior of the fighters present among the population. Klamberg (ed), Commentary on the Law of the International Criminal Court, (2017) Torkel Opsahl Academic EPublisher Brussels, 165.
43. Article 8 (2)(e)(i) of the Rome Statute.
44. Klamberg (ed), Commentary on the Law of the International Criminal Court, op. cit. 164.
45. Prosecutor v. Ntaganda, ICC PT. Ch. II, ICC-01/04-02/06-309, 9 June 2014 [46].

ခိုက်မှုရှိစရာမလိုဟု သဘောရသည်။ *Katanga* အမှုတွင် တရားရုံးမှ အရပ်သားများအားတိုက်ခိုက်သော စစ်ရာဇဝတ်မှုသည် “တိုက်ခိုက်မှု မှပစ်မှတ်ထားသည့် တစ်စုံတစ်ယောက် သို့မဟုတ် အရပ်သားအား အမှတ်တကယ် မထိခိုက်သော်လည်း **တိုက်ခိုက်မှု ပြုလုပ်ရုံဖြင့် ရာဇဝတ်မှုမြောက်သည်**” ဟု အခိုင်အမာပြောဆိုခဲ့သည်။[46] သို့သော် ကျူးလွန်သူများမှ အရပ်သားများအား တိုက်ခိုက်ရန်အမှန်တကယ်ရည်ရွယ်သည်ဆိုသည့် သက်သေအထောက်အထားလိုအပ်သည်။

*Mbarushimana* အမှု၏ တရားရုံးအကြိုကြားနာချက်တွင် “မည်သည့်အခြေအနေမျိုးတွင်မဆို အရပ်သားများအား တိုက်ခိုက်ခြင်းသည် တရားမဝင်” သည့်အတွက် ပဋိပက္ခဖြစ်စဉ်တွင်အခြားတစ်ဖက်မှ မည်ကဲ့သို့ပြုမူနေသည်ဖြစ်စေ အရပ်သားများအပေါ် တိုက်ခိုက်ခြင်းအား အခြေအနေအားလုံးတွင် တားမြစ်ထားသည့်ဟု ICC မှ အလေးပေး ပြောကြားခဲ့သည်။[47] ထို့အပြင် အရပ်သားများအကြား အကြောက်တရားများပြန့်ပွားစေရန်ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့် လုပ်ရပ်များသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေများမှ ကာကွယ်ထားသည့်အတွက် ထိုအပြုအမူများသည် အရပ်သားများကိုတိုက်ခိုက်သည့် စစ်ရာဇဝတ်မှုမြောက်နိုင်သည်။[48] ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့်သက်သေများအရ မြန်မာစစ်တပ်သည် အရပ်သားများကိုတိုက်ခိုက်ခြင်း စစ်ရာဇဝတ်မှုကို ကျူးလွန်ထားသည်။

## ကာကွယ်ထားသော အဆောက်အဦးများအား တိုက်ခိုက်မှု

ဤအစီရင်ခံစာ ရေးသားစဉ်တွင် ဘာသာရေး အဆောက်အဦး ၃၃ ခုနှင့်ဆေးခန်း ၄ ခုခန့်အား ဖျက်စီးမှုကို မှတ်တမ်းတင်ထားသည်။ သီးခြားဖြစ်စဉ်တစ်ခု အနေဖြင့် ၂၀၂၂ ခုနှစ် ဇွန်လတွင် ဖရူဆိုမြို့နယ်အတွင်းရှိ ဘုရားကျောင်း တစ်ကျောင်းနှင့် အခြားဘာသာရေး အဆောက်အဦး ၂ ခုကို ဗမာစစ်တပ်မှ ရည်ရွယ်ချက်ရှိရှိ လက်စားချေသည့်အနေဖြင့် မီးရှို့ဖျက်စီးခဲ့သည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေများမှ ယဉ်ကျေးမှုအဆောက်အဦးများကို ကာကွယ်ထားပြီး အခြားကာကွယ်ထားသည့် အဆောက်အဦးများအား တိုက်ခိုက်မှုသည် နိုင်ငံတကာရာဇဝတ်မှုရုံး၏ ရောမပြဋ္ဌာန်းချက်အရ စစ်ရာဇဝတ်မှုမြောက်သည်။[49] “ကာကွယ်ထား

46. Prosecutor v. Katanga, ICC PT. Ch. I, ICC-01/04-01/07-55, 6 July 2007 [37] and Prosecutor v. Katanga, ICC Tr. Ch. II, Judgement, ICC-01/04-01/07-3436, 7 March 2014 [799].
47. Prosecutor v. Mbarushimana, ICC PT. Ch. I, Decision on the Confirmation of Charges, ICC-01/04-01/10- 465-Red, 16 December 2011, [143] and Prosecutor v. Martic (Case No. IT-95-11-R61), ICTY T. Ch., Decision, 8 March 1996 [15-17].
48. Article 13(2) of Additional Protocol II to the 1949 Geneva Conventions, UNTS No. 17513, vol. 1125, p. 609. Klamberg (ed), Commentary on the Law of the International Criminal Court, 164.
49. Article 8 (2)(e)(iv) of the Rome Statute and ICC Elements of Crimes, (2011) Article 8 (2)(e)(iv).



ဓါတ်ပုံ - ဖရူဆိုမြို့မှ ဘုရားကျောင်းတစ်ခုအား စစ်ကောင်စီတပ်မှ မီးရှို့ဖျက်ဆီးခဲ့ပုံ။

သည့်အဆောက်အဦများ” တွင် စစ်ရေးရည်ရွယ်ချက်အတွက်မဟုတ်သော ဆေးရုံများ၊ ဆေးခန်းများ၊ ဘာသာရေး သို့မဟုတ် ပညာရေးအတွက် ရည်ရွယ်ထားသော အဆောက်အဦများ၊ သမိုင်းဝင်အဆောက်အဦများ ပါဝင်သည်။[50] မြန်မာစစ်တပ်၏ ဘာသာရေးအဆောက်အဦးများနှင့် ဆေးခန်းများအား တိုက်ခိုက်မှုသည် ကာကွယ်ထားသည့်အဆောက်အဦးများကို တိုက်ခိုက်ခြင်း စစ်ရာဇဝတ်မှု မြောက်သည်။

50. A school may become a legitimate military target if it is used to store weapons, for example. However, before a party to a conflict can respond by attacking, it has to give a warning with a time limit, and the other party has to have ignored that warning. International norms are developing in this area. 116 States have endorsed the Safe Schools Declaration, to end the military use of schools and to protect education amid armed conflict. See <https://www.icrc.org/en/document/ihl-rules-of-war-faq-geneva-conventions> and <https://ssd. protectingeducation.org/>.

## လုယက်ခြင်း စစ်ရာဇဝတ်မှု

လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားပြီးသည့်နောက်တွင် မြန်မာစစ်တပ်များမှအရပ်သားများ၏ ပိုင်ဆိုင်မှုများကို လုယက်မှုများ မကြာခဏပြုလုပ်လေ့ရှိသည်။ လုယက်ခြင်းအား နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေများမှ တားမြစ်ထားပြီး နိုင်ငံတကာရာဇဝတ်မှုရုံး၏ ရောမကြေညာချက်အရ စစ်ရာဇဝတ်မှုမြောက်သည်။[51]

## စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများမြောက်သည့် သတ်ဖြတ်မှုများ

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ၃ ကြိမ်အပါအဝင် ဤအစီရင်ခံစာတင် မြန်မာစစ်တပ်၏ ထိန်းချုပ်မှု အောက်တွင် ကရင်နီအရပ်သား စုစုပေါင်း ၁၁၅ ဦးအား မတရားသတ်ဖြတ်မှုကို မှတ်တမ်းတင်ထားသည်။ ထိုမတရား သတ်ဖြတ်မှုများအနက် ၈၅ ဦးခန့်သည် စစ်တပ်၏ မခွဲမခြား ပစ်ခတ်မှုများနှင့် ပြစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဤမတရားသတ်ဖြတ်မှုများအရအရ စစ်ကောင်စီသည်သည် စစ်ရာဇဝတ်မှုမြောက်သော သတ်ဖြတ်မှုများစွာကို ကျူးလွန်ခဲ့ကြောင်းဖော်ပြနေသည်။[52] ပိုမိုကျယ်ပြန့်သောနိုင်ငံတစ်ဝှမ်းရှိ မှတ်တမ်းတင်ထားသည့် မတရားသတ်ဖြတ်မှုများကို လေ့လာသုံးသပ်မည်ဆိုပါက လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော လူသတ်မှုများလည်း မြောက်နိုင်သည်။[53] ထို့အပြင် အာဏာသိမ်းမှုဖြစ်စဉ်နောက်ပိုင်း အရပ်သားများအား သတ်ဖြတ်ခြင်းနှင့် အခြားကျူးလွန်မှုများသည် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျအရပ်သားများအပေါ်ကျူးလွန် နေခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အထူးစောင့်ကြည့်ရေးအစီအစဉ်ဖြစ်သည့် လွတ်လပ်သော မြန်မာနိုင်ငံအတွက် စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) နှင့် Human Rights Watch အဖွဲ့များက ဖော်ပြကြသည်။ [54]

51. ICRC, Customary International Humanitarian Law Rule 52. Pillage is prohibited. ICC Rome Statute, Article 8(2)(e)(v).
52. Article 8 (2)(c)(i) of the Rome Statute and ICC Elements of Crimes, (2011) Article 8 (2)(c)(i)
53. See for example, Chin Human Rights Organisation, 'Collective Punishment: Implementation of "Four Cuts" ' (March 2022), Karen Human Rights Group, Undeniable: War crimes, crimes against humanity and 30 years of villagers testimonies in rural Southeast Burma" (December 2022), Assistance Association of Political Prisoners-Burma, "Accountability for the Junta Criminals": Evidence of Crimes Against Humanity Perpetrated by the Armed Wing of the Junta in Burma Since the 2021 Coup (July 2022),
54. See <https://www.ohchr.org/en/NewsEvents/Pages/DisplayNews.aspx?NewsID=26885&LangID=E> and <https://iimm.un.org/wp-content/uploads/2021/08/A_HRC_48_18_E.pdf> and <https://www.hrw.org/news/2021/07/31/myanmar-coup-leads-crimes-against-humanity>

ဤအစီရင်ခံစာတွင် အမျိုးသမီး ၃၃ ဦးအပါအဝင် ကရင်နီအရပ်သား ၂၆၀ ဦးအား မတရားဖမ်းဆီးချုပ်နှောင်ခြင်းအား မှတ်တမ်းတင်ထားသည်။

ပြည်တွင်းပဋိပက္ခဖြစ်ပွားနေသည့်အချိန်တွင် အရပ်သားများအားဖမ်းဆီးချုပ်နှောင်ခြင်းသည် စစ်ရာဇဝတ်မှု မမြောက်ပါ။ သို့သော် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံများ၏ကျင့်စဉ်များအားအခြေခံပြီး နိုင်ငံတကာဓလေ့ ထုံးတမ်းဥပဒေများတွင် လွတ်လပ်မှုကို မတရားနည်းလမ်းဖြင့် ထိန်းချုပ်ကန့်သတ်ခြင်းအား တားမြစ်ထားသည်။[55] ဖြစ်ပွားသော အခြေအနေများနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေများကိုက်ညီမှုရှိပါက ဖမ်းဆီးထောင်ချခြင်းနှင့် အခြားပြင်းထန်သည့် လွတ်လပ်မှုအား ကန့်သတ်ခြင်းသည် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သောရာဇဝတ်မှု မြောက်နိုင်သည်။[56] တစ်စုံတစ်ဦးအားဖမ်းဆီးသည့် သို့မဟုတ် ထိန်းသိမ်းသည့် အကြောင်းအရင်း ဥပဒေမရှိဘဲ လွတ်လပ်မှုအား ကန့်သတ်ထားခြင်းသည် (သို့မဟုတ် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် မညီသည့်ပြည်တွင်းဥပဒေများဖြင့်ဖမ်းဆီးခြင်း) သို့မဟုတ်နိုင်ငံတကာစံနှုန်းများနှင့်အညီတရားမျှတသည့်တရားရုံးတွင် အမှုရင်ဆိုင်ခွင့် မရခြင်းသည် မတရားဖမ်းဆီး ထိန်းသိမ်းခံရခြင်းဖြစ်သည်။

ကရင်နီအရပ်သား ၂၆၀ ကျော် အားမတရားဖမ်းဆီးထိန်းသိမ်းမှုသည် နိုင်ငံတစ်ဝှမ်းတွင် လူ့အခွင့်အရေး အဖွဲ့များစွာမှ မှတ်တမ်းထင်ထားသည့် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဖြစ်ပွားနေသည့် မတရားနည်းလမ်းဖြင့် လွတ်လပ်မှုအား ထိန်းသိမ်းခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ လူဦးရေ ၁၃,၂၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းခံထားရသည်။[57] ထိုကဲ့သို့သော ဖမ်းဆီးထိန်းသိမ်းမှုသည် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် မတရားဖမ်းဆီးထိန်းသိမ်းမှု၊ လွတ်လပ်မှုအားတားဆီးမှုမြောက်ကြောင်း Fortify Rights အဖွဲ့မှ ဖော်ပြသည်။[58]

## စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုမြောက်သော ညှင်းပန်းနှိပ်စက်မှု

ဤအစီရင်ခံစာတွင် ဖမ်းဆီးထိန်းသိမ်းခံရစဉ်တွင်လည်းကောင်း၊ အဓမ္မလုပ်အားစေခိုင်းစဉ်

55. Rule 99. See <https://ihl-databases.icrc.org/customary-ihl/eng/docs/v1_rul_rule99> accessed 12 December 2022.
56. ICC Rome Statute, Article 7(1)(e).
57. AAPP, Daily Briefing in Relation to the Military Coup (30 December 2022)
58. Fortify Rights, ' "Nowhere is Safe": The Myanmar Junta's Crimes Against Humanity Following the Coup d'Etat' (March 2022). See also Assistance Association of Political Prisoners-Burma, "Accountability for the Junta Criminals": Evidence of Crimes Against Humanity Perpetrated by the Armed Wing of the Junta in Burma Since the 2021 Coup (July 2022).

တွင်လည်းကောင်း၊ လူသားဒိုင်းအဖြစ် အသုံးပြုစဉ်တွင်လည်းကောင်း ညှင်းပန်းနှိပ်စက်မှုများရှိကြောင်း မှတ်တမ်းတင်ထားသည်။ ဖြစ်စဉ်တစ်ခုတွင် ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးတစ်ဦးအပါအဝင် ၆ ဦးအား ဦးခေါင်းတွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရသည့်အထိ ၇ ရက်ကြာ ညှင်းပန်းနှိပ်စက်ခဲ့သည်။ စစ်သားများမှ ၎င်းတို့အားအဓမ္မစေခိုင်းစဉ်နှင့် လူသားဒိုင်းအဖြစ်အသုံးပြုစဉ် ညှင်းပန်းနှိပ်စက်ခဲ့ခြင်းဖြစ်သည်။

ကျူးလွန်သူမှ မည်ကဲ့သို့သောခွဲခြားမှုမျိုးကိုမဆို အခြေခံကာ အကျပ်ကိုင်ရန်လည်းကောင်း၊ အကြောက်တရား ထည့်သွင်းရန်အတွက်လည်းကောင်း၊ အပြစ်ပေးသည့် အနေဖြင့်လည်းကောင်း၊ ဝန်ခံချက် သို့မဟုတ် သတင်းအချက်အလက် ရရန်အတွက်လည်းကောင်း ရည်ရွယ်ပြီး နှိပ်စက်ခဲ့လျှင် စစ်ရာဇဝတ်မှုမြောက်သည်။[59] ကရင်နီအရပ်သားများ ညှင်းပန်းနှိပ်စက်မှုသည် အပြစ်ပေးခြင်းနှင့် အကျပ်ကိုင်ခြင်းရည်ရွယ်ချက်များနှင့် ကိုက်ညီသောကြောင့် ညှင်းပန်းနှိပ်စက်ခြင်း စစ်ရာဇဝတ်မှုမြောက်သည်။ အခြားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ မှတ်တမ်းတင်ထားသော နိုင်ငံအဝန်း ဖြစ်ပွားနေသည့် အခြေအနေများကိုခြုံကြည့်ပါက စစ်တပ်မှကျူးလွန်မှုများသည် လူသားမျိုးနွယ်စုအပေါ် ညှင်းပန်းနှိပ်စက်ခြင်း ရာဇဝတ်မှုမြောက်သည်။[60]

## စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သော ရာဇဝတ်မှုများမြောက်သည့် အဓမ္မစေခိုင်းမှုနှင့် လူသာဒိုင်းအသုံးပြုမှုများ

ဤအစီရင်ခံစာတွင် အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် အနည်းဆုံး ကရင်နီအရပ်သား ၆၅ ဦးခန့် အား မတူညီသော ဖြစ်စဉ် ၇ ခုတွင် မြန်မာစစ်တပ်မှ အဓမ္မစေခိုင်းမှုနှင့် လူသားဒိုင်းအဖြစ် အသုံးပြုမှုများ ပြုလုပ်ခဲ့သည်ကို မှတ်တမ်းတင်ထားသည်။ ပြည်တွင်းစစ်ဖြစ်ပွားနေသည့်အခြေအနေများတွင် အဓမ္မစေခိုင်းမှုများနှင့် လူသားဒိုင်း အသုံးပြုမှုများကို နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများမှ တားမြစ်ထားသည်။[61] *Simic* အမှုတွင် ယခင်ယူဂိုဆလားဗီးယားအတွက် နိုင်ငံတကာရာဇဝတ်မှုခုံရုံး(ICTY) မှ "အဓမ္မလုပ် အားရယူသော အခြေအနေသည် အရပ်သား၏ ကျန်းမာရေး သို့မဟုတ် အသက်အားအန္တရာယ်ရှိစေသည့် အခြေအနေများဖြစ်နေလျှင် သို့မဟုတ် ၎င်းတို့၏ စိတ်အတွင်း၌ ကြောက်စိတ် သို့မဟုတ် အရှက်တရားရ

59. ICC Elements of Crimes, Article 8(2)(c)(i)-4.
60. See AAPP, Fortify Rights, CHRO, and KHRG reports previously cited, as well as Amnesty International, ' "Bullets Rained From the Sky": War Crimes and Displacement in Eastern Myanmar' (May 2022).
61. International Committee of the Red Cross. See < https://casebook.icrc.org/glossary/human-shields>. In the context of non-international armed conflicts, Additional Protocol II provides that persons who are deprived of their liberty for reasons related to the armed conflict "shall, if made to work, have the benefit of working conditions and safeguards similar to those enjoyed by the local civilian population". Rule 95. Uncompensated or abusive forced labor is prohibited. See <https://ihl-databases.icrc.org/en/customary-ihl/v1/rule95> accessed 13 December 2022. See also Prosecutor v. Simic, IT-95-17/1-T, Judgment (Trial) [90].

စေလျှင် ရက်စက်ပြီးလူမဆန်စွာပြုမူဆက်ဆံခြင်းမြောက်သည်။ အကာအကွယ်ပေးထားသော ပုဂ္ဂိုလ်များအား အသက်အန္တရာယ်ရှိသော အခြေအနေများတွင် အလုပ်ခိုင်းစေခြင်းသည် အကြမ်းဖက်မှုများကို အကာအကွယ်ပေးရန် တာဝန်ဝတ္တရားများကို လိုက်နာခြင်း မရှိသည့်အပြင် အဆိုပါ ပုဂ္ဂိုလ်များအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဝေဒနာများကို ထိခိုက်စေနိုင်ပါသည်" ဟု ဆုံးဖြတ်ထားသည်။[62] အလားတူပင် *Blaškic* အမှုတွင် ICTY မှ အရပ်သားများကို လူသားဒိုင်းအဖြစ် ထမ်းဆောင်ခိုင်း ခြင်းသည် စိတ်ပိုင်းဆိုင်ရာ ဝေဒနာများ ခံစားရပြီး ရက်စက်ကြမ်းကြုတ်စွာ ပြုမူခြင်းဖြစ်သည်ဟု ဆုံးဖြတ်ထားသည်။[63]

ဤအစီရင်ခံစာတွင်မှတ်တမ်းတင်ထားသော ဖြစ်စဉ်များတွင် ICC ၏ရောမကြေညာစာတမ်းအရ ရက်စက်ကြမ်းကြုတ်စွာပြုမူခြင်း စစ်ရာဇဝတ်မှုမြောက်သည်။[64] လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ကျွန်အဖြစ် စေခိုင်းခြင်းနှင့်လူမဆန်စွာ ဆက်ဆံခြင်းတို့လည်းမြောက်နိုင်သည်။

*Kunarac et al* အမှုတွင် ICTY မှ ဖိအားပေးသော သို့မဟုတ် အတင်းအကျပ်ရယူသော အဓမ္မလုပ်အား ရယူမှုသည် ကျွန်အဖြစ်စေခိုင်းပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုမြောက်နိုင်သည်ဟု ဆုံးဖြတ်ထားသည်။[65] ICC ၏ ရာဇဝတ်မှု ဖော်ပြချက်များတွင် ကျွန်အဖြစ်စေခိုင်းပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှု ဥပမာများအဖြစ်"လူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောလူများအား ၎င်းတို့၏ လွတ်လပ်မှုကို ကန့်သတ်ပြီး ဝယ်ယူခြင်း၊ ရောင်းခြင်း၊ ငှားရမ်းခြင်း၊ ကုန်သွယ်ခြင်း" နှင့် "ထိုကဲ့သို့သော လွတ်လလပ်ခွင့်ကို ကန့်သတ်မှုများတွင် အဓမ္မလုပ်အားထုတ်ယူမှု" များပါဝင်သည်။[66] *Taylor* အမှုတွင် ဆီးရီးယားလီယွန်း၏ အထူးတရားရုံးမှ လက်နက် ကိုင်ဆောင်ထားသူများမှ ကျူးလွန်ခံရသူများ၏ လွတ်လပ်ခွင့်အား ကန့်သတ်ထားသည့် အခြေအနေတွင် ဝန်သယ်ဆောင် ရန်ဖိအားပေးမှုသည် ကျွန်အဖြစ်စေခိုင်းခြင်းအတွက် သက်သေဖြစ်သည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။[67] ဤအကြောင်း အရာများသည် ကရင်နီအရပ်သာများကြုံတွေ့ခဲ့ရသည့် စစ်ကောင်စီတပ်သားများအတွက် အဓမ္မပေါ်တာဆွဲခြင်းနှင့် လမ်းပြအဖြစ်လုပ်စေချင်းတို့အား ထင်ဟပ်နေသည်။

လူသားဒိုင်းအသုံးပြုခြင်းသည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများမြောက်သည့်ခန္ဓာကိုယ်နှင့်စိတ်အား ရည်ရွယ်ချက်ဖြင့် ပြင်းထန်စွာဒဏ်ရာရစေခြင်းသို့မဟုတ် ခံစားစေခြင်း

62. Prosecutor v. Simic, ICTY, IT-95-17/1-T, Judgment (Trial) [91].
63. Prosecutor v. Blaškic, ICTY, Case No. IT-95-14-T, Judgment, Trial Chamber I, March 3, 2000 [716]. See also Prosecutor v. Kordic and Cerkez, ICTY, Case No. IT-95-14/2-T, Judgment, Trial Chamber III, February 26, 2001 [256].
64. Article 8 (2)(c)(i) of the Rome Statute and ICC Elements of Crimes, Article 8 (2)(c)(i)(3).
65. Prosecutor v. Kunarac et al., IT-96-23/IT-96-23/1, Judgment, 22 February 2001, [541-542].
66. ICC Elements of Crimes, Article 7(1)(c). In its judgment in the Kunarac et al case, the ICTY found that forced or compulsory labour can rise to the level of enslavement as a crime against humanity.
67. SCSL, Prosecutor v. Taylor, SCSL-03-1-T, Judgment, 18 May 2012, [1663, 1764].

ရာဇဝတ်မှုမြောက်သည်။[68] Katanga အမှု၏ တရားခွင်အကြိုကြားနာချက်တွင် "လူမဆန်သော အပြုအမူများသည် လူသားတစ်ယောက်ချင်းစီတွင်ရှိသည့် လူ့အခွင့်အရေးများနှင့် နိုင်ငံတကာ ဓလေ့ထုံးတန်းဥပဒေများကို ပြင်းပြင်းထန်ထန်ချိုးဖောက်ခြင်းဖြစ်သည်" အခြား လူသားမျိုးနွယ်စု အပေါ်ကျူးလွန်သောရာဇဝတ်မှုများနှင့်ပုံစံ၊သဘောတရားချင်းဆင်တူသည်ဟု ICCရှင်းလင်းခဲ့သည်။[69] လူသားဒိုင်းအသုံးပြုခြင်းသည်နိုင်ငံတကာလူသားချင်းစာနာထောက်မှုဥပဒေအားပြင်းပြင်းထန်ထန် ချိုးဖောက်ရာရောက်သလို (စိတ်သဘောထားနှင့်အခြေအနေများကိုက်ညီမှုရှိသဖြင့်) လူမဆန်သည့် အပြုအမူဖြင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သော ရာဇဝတ်မှုလည်းမြောက်နိုင်သည်။

## မြေမြှုပ်မိုင်းအသုံးပြုခြင်း စစ်ရာဇဝတ်မှု

ဤအစီရင်ခံစာတွင် အရပ်သား ၄ ဦးခန့် သေဆုံးခဲ့ပြီး ကလေးငယ်များအပါအဝင် ၇၀ ခန့် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့သည့် မြေမြှုပ်မိုင်းပေါက်ကွဲမှု ၂၂ ကြိမ်အား မှတ်တမ်းတင်ထား သည်။

နိုင်ငံတကာလူသားချင်းစာနာမှု ဓလေ့ထုံးတမ်းဥပဒေများမှ အခြေခံအားဖြင့် မခွဲမခြားထိခိုက် နိုင်သည့် လက်နက်များကို တားမြစ်ပိတ်ပင်ထားသည်။[70] မြေမြှုပ်မိုင်းများသည် အရပ်သား၊ စစ်သား မခွဲခြားဘဲ တက်နင်းမိချိန်တွင် ပေါက်ကွဲသောကြောင့် မခွဲမခြားထိခိုက်သည့် လက်နက်အမျိုးအစား ဖြစ်သည်။ ICC ၏ရောမကြေညာချက်တွင် မြေမြှုပ်မိုင်းအသုံးပြုခြင်းအား စစ်ရာဇဝတ်မှုအဖြစ် ထည့်သွင်းထားခြင်းမရှိသော်လည်း ကျူးလွန်သူများက အရပ်သားများကို တိုက်ခိုက်ရန် ရည်ရွယ် အသုံးပြုပါကအရပ်သားများကိုတိုက်ခိုက်သည့်စစ်ရာဇဝတ်မှုမြောက်နိုင်သည်။နိုင်ငံတကာလူ့အခွင့် အရေးအဖွဲ့အစည်းများမှ ပြည်တွင်းစစ်ပွဲများတွင် အရပ်သားများကို ထိခိုက်မှုများသော မြေမြှုပ်မိုင်း အသုံးပြုခြင်းအား စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် တောင်းဆိုနေကြသည်။[71]

68. ICC Elements of Crimes, Article 7 (1)(k).
69. Katanga and Ngudjolo, ICC PT. Ch. I, Decision on the Confirmation of Charges, ICC PT. Ch. I, ICC-01/04-01/07-717, 30 September 2008 [448].
70. Rule 71. The use of weapons which are by nature indiscriminate is prohibited. See < https://ihl-databases.icrc.org/en/customary-ihl/v1/rule71#Fn_8ACA2B68_00035> accessed 13 December 2022.
71. Human Rights Watch, 'Libya: Russia's Wagner Group Set Landmines Near Tripoli; ICC Prosecutor Should Investigate Use of Unlawful Mines, Booby Traps' (31 May 2022) available at < https://www.hrw.org/news/2022/05/31/libya-russias-wagner-group-set-landmines-near-tripoli> and Amnesty International, 'Myanmar: Military's use of banned landmines in Kayah State amounts to war crimes' (20 July 2022) available at <https://www.amnesty.org/en/latest/news/2022/07/myanmarmilitarys-use-of-banned-landmines-in-kayah-state-amounts-to-war-crimes > accessed 13 December 2022.

မြန်မာစစ်တပ်မှကျူးလွန်သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကြောင့် ဤအစီရင်ခံစာရေးသားချိန်တွင် ကရင်နီပြည်နယ်၏ လူဦးရေ ၄၀ ရာခိုင်နှုန်းကျော်ဖြစ်သော လူဦးရေ ၁၈၀၀၀၀ ကျော်သည် အဓမ္မရွှေ့ပြောင်း ခြင်းခံခဲ့ရသည်။ စစ်တပ်၏ လုပ်ဆောင်မှုများကြောင့် အရပ်သားများရွှေ့ပြောင်းရခြင်းဖြစ်သည့်အတွက် အရပ်သားများအားရွှေ့ ပြောင်းစေခြင်းစစ်ရာဇဝတ်မှုမြောက်သည်။ ICC ၏ ရောမကြေညာချက်တွင် အရပ်သားများ၏ လုံခြုံရေးအတွက် အခြားစစ်ရေးအရလိုအပ်လာသည့် အချိန်မှလွဲ၍ အရပ်သားများကို ဖိအားပေးရွှေ့ပြောင်းခြင်းအားတားမြစ်ထားပြီး ထိုအခြေအနေများသည်လည်း ချွင်းချက်များသာဖြစ်သည်။

ကရင်နီပြည်နယ်အတွင်း ရွှေ့ပြောင်းရသည့် အရေအတွက်သည် အင်မတန်များသည့်အတွက် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအနက်မှ ပြည်နှင်ဒဏ်ပေးခြင်း သို့မဟုတ် လူထုအား ဖိအားပေးရွှေ့ပြောင်းစေခြင်းအမှုများမြောက်နိုင်သည်။ ICC ၏ ရောမ ကြေပြာချက်တွင် "ပြည်နှင်ဒဏ်ပေးခြင်း သို့မဟုတ် ဖိအားပေးရွှေ့ပြောင်း စေခြင်းဆိုသည်မှာ တစ်စုံတစ်ဦးအား ၎င်းတရားဝင်နေထိုင်သည့်နေရာမှ နိုင်ငံတကာဥပဒေနှင့် ကိုက်ညီမှုမရှိဘဲ နှင်ထုတ်ခြင်း သို့မဟုတ် အခြားဖိအားပေး လုပ်ဆောင်မှုများဖြစ်သည်" ဟုဖော်ပြထားသည်။

မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများစွာကြောင့် ပထဝီအနေအထားအရ သေးငယ်သော ကရင်နီပြည်မှ လူဦးရေ များစွာရွှေ့ ပြောင်းရကြောင်းကို ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် သက်သေအထောက်အထားများအရ ကရင်နီလူထုအပေါ် ဖိအားပေးရွှေ့ပြောင်းစေခြင်းနှင့်ဆိုင်သည့် လူသားမျိုးနွယ်စု အပေါ်ကျူးလွန်သော ရာဇဝတ်မှုမြောက်သည်ဟု ကောက်ချက်ချနိုင်သည်။

အနှစ်ချုပ်အနေဖြင့် ဤအစီရင်ခံစာတွင် တွေ့ရှိချက်များအရ မြန်မာစစ်တပ်သည် ကရင်နီအရပ်သာများအပေါ် တိုက်ခိုက်ခြင်း၊ ကာကွယ်ထားသောအဆောက်အဦးများအား တိုက်ခိုက်ခြင်း၊ လုယက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ် စက်ခြင်း၊ လူမဆန်စွာဆက်ဆံခြင်းနှင့် ရွှေ့ပြောင်းစေခြင်း စသည့် စစ်ရာဇဝတ်မှုများကျူးလွန်ထားသည့်ဟု ကောက်ချက်ချနိုင်သည်။ ဗမာစစ်တပ်၏ ပြုမူဆောင်ရွက်မှုများသည် အကျဉ်းချခြင်း သို့မဟုတ် လွတ်လပ်မှုကို ကန့်သတ်ခြင်း၊ သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ကျွန်အဖြစ်စေခိုင်းခြင်း၊ အခြားလူမဆန်သည့် အပြုအမူများနှင့် ရွှေ့ပြောင်းစေခြင်းတို့အား နောက်ဆက်တွဲရလဒ်များကိုသိရှိလျက် အရပ်သားများပေါ် တိုက်ခိုက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျပြုလုပ်ခဲ့သည့်အတွက် လူသားမျိုးနွယ်စုပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများလည်း မြောက်နိုင်သည်။



ဓါတ်ပုံ- လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဆေးခန်းတစ်ခု။

ကရင်နီအရပ်သားများအပေါ် စစ်ကောင်စီ၏ နေစဉ်ထိုးစစ်ဆင်မှုများသည် တွက်ချက်လုပ်ဆောင်သည့် စုပေါင်းဒဏ်ပေးသည့် ပုံစံဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသားများကဲ့သို့ အာဏာသိမ်းရန်ကြိုးစာမှုပြီးနောက် အခြေအနေများ ပိုမိုဆိုးဝါးလာပြီး ၎င်းတို့၏ ဖြစ်တည်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ ကရင်နီအရပ်သားများသည် လူ့အခွင့်အရေးချိုးဖောက်မှုများကိုနေ့စဉ် ကြုံတွေ့နေရသည့်အတွက် ယင်းလုပ်ရပ်မှာ ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုမြောက်ကြောင်း တွေ့နိုင်သည်။ မြန်မာစစ်တပ်သည် ကရင်နီအရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ထားပြီး အပြစ်ကင်းလွတ်ခွင့် ရနေသည်ကို နိုင်ငံတကာမှ အသိအမှတ်ပြုရန် လိုအပ်သည်။ မြန်မာစစ်တပ်သည် ပြည်တွင်းတရားစီရင်ရေးစနစ်များတွင် ၎င်းတို့ကိုကာကွယ်သည့် အပြစ်ကင်းလွတ်ခွင့်ကို ဖန်တီးထားသည့်အတွက် ပို၍အတင့်ရဲလာကြသည်။

အပြစ်ကင်းလွတ်ခွင့်ရခြင်းနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်းသည် ကလေးငယ်နှင့် အမျိုးသမီးများအပါအဝင် အရပ်သားများ၏ အသက်အန္တရာယ် ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သော မြန်မာစစ်သားများအတွက် မည်သည့်နောက်ဆက်တွဲ အပြစ်ပေးခြင်းမှ မရှိခြင်းမျိုးကိုဖြစ်စေသည်။ နောက်ထပ်ဖြစ်ပေါ်လာမည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကာကွယ်နိုင်ရန် ကျူးလွန်သူများအား တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်လိုအပ်သည်။ ယုံကြည်ရသော ကာကွယ်ပေးသည့် နည်းလမ်းများနှင့် စနစ်များ ဖြစ်ထွန်းလာသည့် အခြေအနေအထိ ကရင်နီမှအမျိုးသမီးများအနေဖြင့် စစ်တပ်၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကိုဆက်လက်ခံနေရဦးမည် ဖြစ်သည်။

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာစစ်တပ်မှ နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များ မအောင်မြင်စေရန် တောက်လျှောက်လုပ်ဆောင်ခဲ့သည်ကို မမေ့ရန်လိုအပ်သည်။ စစ်ကောင်စီတပ်များ၏ သတ်ဖြတ်မှုအန္တရာယ်များ နေ့စဉ်ကြုံတွေ့နေရသည့် ထောင်ပေါင်းများစွာသော အရပ်သားများကိုကာကွယ်ရန်အတွက် "ကြေညာချက်ထုတ်သည့် သံတမန်ရေးရာမူဝါဒ" မှကျော်လွန်ပြီး ခိုင်မာသောခြေလှမ်းများကို လှမ်းရန်လိုအပ်သည်။ ထိုကဲ့သို့သော ခြေလှမ်းများတွင် ညှိနှိုင်းဆောင်ရွက်သည့် လက်နက်တင်ပို့ခြင်းအား ပိတ်ဆို့မှုနှင့် လေကြောင်းတိုက်ခိုက်မှုများ ရပ်တန့်ရန်အတွက် လေယာဉ်လောင်စာများအား ပိတ်ဆို့မှုပြုလုပ်ခြင်းတို့ ပါဝင်သည်။

စစ်တပ်၏ ထပ်မံတိုက်ခိုက်နိုင့်သည့် အန္တရာယ်များကြောင့် စစ်ရှောင်များအကြား မတည်ငြိမ်

မှုများကို ဖြစ်ပေါ် စေသည်။ ကလေးငယ်များနှင့် အမျိုးသမီးများ ၇၀ ရာခိုင်နှုန်းအထိပါသော ကရင်နီစစ်ရှောင်များ၏ လူ့ဂုဏ်သိက္ခာနှင့်အညီ လုံခြုံစွာဘဝများကို ပြန်လည်တည်ထောင်ရန် အတွက် လိုအပ်ချက်များကို ဖော်ပြဆွေးနွေးရန် အရေးတကြီး လိုအပ်နေသည်။ ထိုအနက် စစ်ရှောင်များအတွက် စိတ်ဒဏ်ရာကုစားရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အကူများအပြင် ကျန်း မာရေးအထောက်အကူများ ပါဝင်သည်။

ကရင်နီပြည်သူများအနေဖြင့် နာကျင်ခံစားရမှုများနှင့်ဝေးပြီး မြန်မာစစ်တပ်၏ အန္တရာယ်ကို ကြောက်စရာ မလိုတော့သည့် အခြေအနေမျိုးကို မျှော်လင့်ကြသည်။ ကရင်နီပြည်သူများအတွက် လုံခြုံသည့်အခြေအနေတစ်ခု ရောက်ရှိရန်အတွက် လက်နက်ကိုင်တိုက်ပွဲများ အဆုံးသတ်ရန်နှင့် စစ်တပ်နေရာချထားမှုများ ပြီးဆုံးရန်လိုအပ်သည်။ ထို့အတူ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများအတွက် အရပ်သားများအနေဖြင့် ဂုဏ်သိက္ခာနှင့်အညီ လုံခြုံမှုများကို အာမခံသည့် အကာအကွယ်ပေးမှုများလိုအပ်သည်။ ကရင်နီပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းဖြစ် သည့် လယ်ယာမြေများနှင့် အိမ်များကိုလည်း ကာကွယ်ပေးရန်လိုအပ်သည်။ ကန့်သတ်ထားခြင်း မရှိသည့် ကျန်းမာရေးနှင့် ပညာရေးအပြင် စီးပွားရေးအခွင့်အလမ်းများလည်း လက်လှမ်းမီအောင် ဆောင်ရွက်ပေးရမည်။ အခြေခံလူ့အခွင့် အရေးများဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ခွဲခြားဆက်ဆံခြင်းတို့မှ ကင်းလွတ်ခွင့်အခွင့်အရေးများကိုလည်း ကာကွယ်ပေးရန်လိုအပ်သည်။

ကျွန်ုပ်တို့အနေဖြင့် စစ်တပ်မှ ရက်စက်ကြမ်းကြုတ်သည့်အထိ လူ့အခွင့်အရေးချိုးဖောက်မှု များ ကျူးလွန်နေခြင်းဖြစ်သည်ကို အသိအမှတ်ပြုရန် နိုင်ငံတကာအသိုက်အဝန်းအားတိုက်တွန်းပါ သည်။ အပြစ်ကင်းလွတ်ခွင့်ရသည့် စက်ဝိုင်းအားအဆုံးသတ်ရန်အတွက် တရားမျှတမှုနှင့် တာဝန်ယူ မှုရှိရန်လိုအပ်သည်။ ဥပဒေဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာတာဝန်များရှိသော်လည်း နိုင်ငံတကာ မှ မြန်မာစစ်တပ်အား တာဝန်ခံခိုင်းခြင်းမရှိသည့်အတွက် မြန်မာစစ်တပ်မှ ဤကဲ့သို့သော ရက်စက် ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကျူးလွန်နိုင်ခြင်းဖြစ်သည်။ ယခင်အသုံးပြုခဲ့သော နည်းလမ်းများ နှင့်နိုင်ငံတကာမှရှုံ့ချသည့်နည်းလမ်း အလုပ်မဖြစ်တော့သည်မှာ အင်မတန်ထင်ရှားသည်။ ထို့ကြောင့် မြန်မာစစ်တပ်မှ ပြစ်မှုကျူးလွန်သူတစ်ယောက်ချင်းစီအား ကျူးလွန်မှုအတွက် တာဝန်ခံစေရန် အရေးကြီးသော အဆင့်များစွာကို လုပ်ဆောင်ရန်လိုအပ်သည်။ ထောင်ပေါင်းများစွာသော ကျူးလွန် ခံရသူများအတွက် ထိုက်သင့်လျော်ကြေးများနှင့် တရားမျှတမှုလမ်းကြောင်းတစ်ခု ဖြစ်ပေါ်လာ စေရန်အတွက်မြန်မာနိုင်ငံမှ အခြေအနေများကို နိုင်ငံတကာရာဇဝတ်မှု တရားရုံးသို့ ရည်ညွှန်းရန် ဖြစ်သည်။တရားမျှတမှုနှင့် တာဝန်ခံမှုမရှိဘဲ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရန် မဖြစ်နိုင် ပါ။ ကျွန်ုပ်တို့ ကရင်နီအသိုင်းအဝန်းများအနေဖြင့် အခြေခံလူအခွင့်အရေးများကိုခံစားပြီးငြိမ်းချမ်း စွာနေထိုင်လို့ကြသည်။

၁။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိန်းသိမ်းရန်တာဝန်ရှိသည် နှင့်အညီမြန်မာနိုင်ငံမှ ပြည်သူများကို ကာကွယ်ရန်အတွက် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကြေညာချက် (UNSCR 1325) နှင့် အရပ်သားများအား လူမျိုးသုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူမျိုးစုရှင်းလင်းမှုနှင့် လူသာမျိုးနွယ်စုအပေါ် ကူးလွန်သည့် ရာဇဝတ်မှုများမှ ကာကွယ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကြေညာချက် (UNSCR 1674) တို့နှင့်အညီ အရေးယူဆောင်ရွက်ရန်။

၂။ သီးခြားကန့်သတ်ချက်များ ချမှတ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကြေညာချက်များ ပြဋ္ဌာန်းရန်။

- မြန်မာနိုင်ငံအတွင်း မပျံ့သန်းရဇုံ သတ်မှတ်ရန်

- မြန်မာနိုင်ငံအတွက် လက်နက်တင်သွင်းဝယ်ယူမှုပိတ်ပင်ခြင်းအား ကျယ်ကျယ်ပြန့်ပြန့်ညှိနှိုင်း ဆောင်ရွက်ရန်။

- စစ်ရှောင်များအပါအဝင် အရပ်သားပြည်သူများအား လေကြောင်းတိုက်ခိုက်မှုများကို ကန့်သတ်နိုင် ရန် မြန်မာနိုင်ငံသို့ လေကြောင်း လောင်စာတင်သွင်းမှုအား ပိတ်ဆို့မှုပြုလုပ်ရန်။

- ကုလသမဂ္ဂ၏အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုဖြင့် ကရင်နီပြည်နယ်အတွင်း မြန်မာစစ်တပ်များ ဝင်ရောက်ခွင့်မရှိသော လုံခြုံရေးဇုံတစ်ခု စစ်ရှောင်ပြည်သူများအတွက် ရည်ရွယ်ဖန်တီးရန်။

- မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသောအခြေအနေများကို နိုင်ငံတကာရာဇဝတ်မှုရုံး ICC သို့ တင်တွင်း ရန်။

လုံခြုံရေးကောင်စီတွင် ဆွေးနွေးမဲပေးခြင်းမပြုမီ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောနိုင်ငံများမှ ဗီတိုမဲပေးခြင်းသည် အခြားလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ပြင်းထန်သည့် အရေးယူမှုများ ပြုလုပ်ခြင်းအား အဟန့်အတားမဖြစ်စေရ။

၁။ UNHCR 1325 ကြေငြာချက်တွင်ပါရှိသည့် အချက်များနှင့်အညီ မြန်မာနိုင်ငံတွင် ပဋိပက္ခများနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများကို ကျား-မ ရေးရာအမြင် ထည့်သွင်းစဉ်းစားပြီး ကူညီတုန့်ပြန်ရန်။ ကလေးငယ်များနှင့် အမျိုးသမီးများ၏ အခွင့်အရေးများ၊ လိင်အခြေပြုအကြမ်းဖက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အမျိုးသမီးများ၏ တန်းတူညီမျှပါဝင်ခွင့်နှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့် များတွင်ပါဝင်ခွင့်၊ ကလေးငယ်များနှင့် အမျိုးသမီးများ၏ ပြန်လည်ထူထောင်ရေးများကို အထူးအလေးပေး ထည့်သွင်းစဉ်းစားရန်။

၂။ ကရင်နီဒေသတွင်း လူ့အခွင့်အရေးအခြေအနေများနှင့် လူသားချင်းစာနာမှုအကျပ် အတည်းနှင့် ပက်သက်သည့် တိကျပြီးနောက်ဆုံးရအခြေအနေများကို သိရှိနားလည်ရန် ဒေသတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်။

၃။ စစ်အစိုးရနှင့် နားလည်မှုစာချွန်လွှာရေးထိုးရန်လိုအပ်သည့် နိုင်ငံတကာအဖွဲ့အစည်း၊ စနစ်များမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ ပေးပို့ခြင်းကိုရှောင်ကျဉ်ရန်။ ကရင်နီပြည်နယ်အတွင်းရှိစစ်ဘေးရှောင်ပြည်သူများဆီသို့ ပိုမိုထိရောက်စွာ ရောက်ရှိရန်နှင့် ရှုံးကုန်ကျစရိတ်များ သက်သာစေရန်၊ နယ်စပ်ဖြတ်ကျော်ပြီး လူသားချင်စာနာမှု အထောက်အပံ့များကို ဒေသခံရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများကို တိုက်ရိုက်ထောက်ပံ့ပေးရန်။

၄။ ကရင်နီဒေသအတွင်းရှိ စစ်ရှောင်ပြည်သူမျာ၏ အောက်ဖော်ပြပါလိုအပ်ချက်များကို ကူညီနိုင်ရန်အတွက် ဒေသခံရပ်ရွာအခြေပြုအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများကိုတိုက်ရိုက်ထောက်ပံ့ပေးရန်။

- အာဟာရပြည်ဝသည့် အစားအစာ၊ သန့်ရှင်းသောရေ၊ ခိုလှုံစရာ အမိုးအကာများနှင့် မိလ္လာစနစ်များ အတွက်ပစ္စည်းများ။

- ကျန်းမာရေးအထောက်အပံ့များ၊ အမျိုးသမီးများအတွက် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများ၊ ကလေးငယ်များအားတိုက်ကျွေးရန်အာဟာရများ၊ ဆေးဝါးများနှင့် ဆေးအထောက်အပံများ၊ တစ်ကိုယ်ရေသုံး သန့်ရှင်းရေး

ပစ္စည်းများနှင့် အမျိုးသမီးသုံးပစ္စည်းများ (dignity kits) အပါအဝင် ဆေးဝါးများနှင့် ဆေးအထောက်အပံ့များ။

• ညှင်းပန်းနှိပ်စက်ခံရသူများ၊ လိင်အကြမ်းဖက်ခံရသူများနှင့် လိင်အခြေပြုအကြမ်းဖက်ခံရသူများအပါအဝင် စစ်ဘေးရှောင်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ အထောက်ပံ့များနှင့် စိတ်ဒဏ်ရာ ကုစားပေးမှုများ။

• ဘဝကို အပြောင်းအလဲဖြစ်စေသည့် မသန်စွမ်းမှုများနှင့် ထိခိုက်ဒဏ်ရာရသူများ အတွက် ပြန်လည်ထူ ထောင်းရေးနှင့် စိတ်ကုထုံများ။

• ရွှေ့ပြောင်းစခန်းများရှိ အများပြည်သူနေရာများနှင့် ခေတ္တခိုလှုံသည့် နေရာများတွင် အမျိုးသမီးများ၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာများအတွက် ထည့်သွင်းစဉ်းစားမှုများ။

• ကလေးငယ်များနှင့် လူငယ်များအတွက် ပညာရေး အထောက်အပံများ။

၅။ လူ့အခွင့်အရေး ပညာပေးမှုများနှင့် လူ့အခွင့်အရေးမှတ်တမ်းတင်မှုများအတွက် ဒေသတွင်း အရပ်ဘက်အဖွဲ့ အစည်းများကို ထောက်ပံ့မှုမြင့်တင်ရန်နှင့် တစ်ချိန်တည်းတွင် လိင်အကြမ်းဖက်ခံရသူများနှင့် လိင်အခြေပြု အကြမ်းဖက်ခံရသူများအား ရေရှည်စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများပြုလုပ်ပေးရန်နှင့် ကြုံတွေ့ခဲ့သည့် အကြမ်းဖက်ခံခဲ့ရမှုများကို ထုတ်ဖော်ပြောဆိုရန် အားပေးတိုက်တွန်းခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းပြုလုပ်ရန်။

၆။ မြန်မာစစ်တပ်နှင့် ခေါင်းဆောင်များ၊ အထူးသဖြင့် Myanmar Oil and Gas Enterprise ကိုဦးတည်ပြီး စီးပွားရေး ပိတ်ဆို့မှုများပြုလုပ်ရန်။

၇။ နိုင်ငံတကာနိုင်ငံအားလုံးမှ မြန်မာစစ်တပ်၏ လက်နက်ဝယ်ယူမှုများကို ကန့်သတ်ရန်။

၈။ အရပ်သားများနှင့် စစ်ရှောင်ပြည်သူများအား လေကြောင်းတိုက်ခိုက်မှုကို ကန့်သတ်နိုင်ရန် အတွက် စစ်အစိုး ရ၏ လေကြောင်းလောင်စာဝယ်ယူမှုကို ပိတ်ဆို့ရန်။

၉။ နိုင်ငံတကာ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအတွက် အားထုတ်မှုများကို ထောက်ပံ့ ရန်-

• ရောမ ပြဋ္ဌာန်းဥပဒေ (Rome Statute) အပိုဒ်၁၂(၃) အရ မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) မှ တင်သွင်းထားသည့် မြန်မာနိုင်ငံအတွင်း ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်မှစတင်ကာ ချိုးဖောက်ထားသည့် နိုင်ငံတကာရာဇဝတ်မှုများအား

အရေးယူရန်အဆိုကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) လက်ခံရန်။

•မြန်မာနိုင်ငံအခြေအနေများနှင့် ပက်သက်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးသို့ ဆုံးဖြတ်ချက်တစ်ခု ပေးပို့ရန်။

•ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးသို့ ပေးပို့သည့် ဆုံးဖြတ်ချက် မအောင်မြင်ခဲ့ပါက ကုလသမဂ္ဂအထွေထွေညီလာခံ (သို့မဟုတ်) ကုလသမဂ္ဂလူ့အခွင့်အရေးညီလာခံမှတဆင့် အရေးပေါ် နိုင်ငံတကာခုံရုံးတစ်ခု ဖန်တီးမှုကို လူသိရှင်ကြား ကြေငြာပေးရန်။

•ရာထူးအဆင့်အတန်း အလိုက်မဟုတ်ဘဲ ကရင်နီပြည်နယ်အပါအဝင် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော လူမျိုးသုန်း သတ်ဖြတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေအရ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်သူများအတွက် မြန်မာနိုင်ငံမှ ကျူးလွန်သူတစ်ယောက်ချင်းစီကို နိုင်ငံတကာတရားရေးစနစ်အသုံး ပြုပြီးစုံစမ်းစစ်ဆေးရန်။

## အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများသို့

၁။ အာဆီယံထိပ်သီးညီလာခံများနှင့် အစည်းအဝေးများတွင် မြန်မာစစ်တပ်မှ ကိုယ်စားလှယ်အားထုတ်ပယ်ရန်။ စစ်တပ်မှ NUG အား တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုသည့်အချိန်အထိ မြန်မာနိုင်ငံအား အာဆီယံအဖွဲ့ဝင် နိုင်ငံအဖြစ်မှ ခေတ္တဆိုင်းငံ့ထားရန်။

၂။ NUG မှ တရားဝင်ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်ဆံရန်နှင့် အာဆီယံထပ်သီးညီလာခံများနှင့် အထူးအစည်းအဝေးများတွင် မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ခွင့်ပြုရန်။

၃။ သဘောတူညီမှု ၅ ချက် မအောင်မြင်ခဲ့သော်လည်း ငြိမ်းချမ်းသော ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းမှုကို အားပေးထောက်ခံရန်နှင့် စစ်တပ်အား ၎င်းတို့၏ကျူးလွန်မှုများကို တာဝန်ယူမှုရှိစေရန်အတွက် မြင်သာထင်သာရှိသော အဆင့်များကို အရပ်ဘက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

၄။ အိမ်နီးချင်းနိုင်ငံတစ်ခုအနေဖြင့် ထိုင်းနိုင်ငံအစိုးရမှ ပြည်တွင်းစစ်ရှောင်များနှင့် ဒုက္ခသည်

များအား ကာကွယ်ရန်အတွက် ၎င်းတို့လေပိုက်နက်အတွင်းသို့ မြန်မာစစ်တပ်၏ ဝင်ရောက်မှု အားတားမြစ်ရန်။

၅။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နယ်စပ်များတွင် ကရင်နီနှင့် မြန်မာနိုင်ငံ အခြားဒေသမှ ခိုလှုံရာ ရှာဖွေနေကြသောပြည်သူများအား ကာကွယ်ရန်နှင့် ဖိအားပေး၍ ပြန်မလွှတ်ရေး မူများကို လေးစား လိုက်နာရန်။

၆။ မြန်မာနိုင်ငံအတွင်းအကြမ်းဖက်မှုများအား ရပ်တန့်ရန်အတွက် ထိရောက်သည့် လုပ်ဆောင်မှုများ ပြုလိုက်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ကဲ့သို့သောနိုင်ငံတကာအဖွဲ့အစည်း များနှင့်ညှိနိုင်းလုပ်ဆောင်ရန်။

## အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) သို့

၁။ UNSCR 1325 နှင့်အညီ ၎င်းတို့၏ထိန်းကွပ်မှုအောက်တွင်ရှိသော လက်နက်ကိုင်အဖွဲ့အားလုံး နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာရန်နှင့် အမျိုးသမီးများနှင့် ကလေးငယ်များကို လိင်နှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုများမှ ကာကွယ်ရန်။

၂။ ကရင်နီပြည်နယ်၏ လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းများနှင့်လူ့အခွင့်အရေးအခြေအနေများ ပက်သက်၍ တိကျပြီးနောက်ဆုံးရ မြေပြင်အခြေအနေများအတွက် ကရင်နီအခြေစိုက် အရပ်ဘက်အဖွဲ့ အစည်းများအား တိုင်ပင်ဆွေးနွေးရန်နှင့် ပဋိပက္ခအကျိုးသက်ရောက်မှုခံရသော ပြည်သူများကို ကူညီရန်အတွက် ညှိနှိုင်းဆောင်ရွက်ရန်။

၃။ ကရင်နီပြည်နယ်အတွင်း စစ်ရှောင်ပြည်သူများအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကူအညီဖြင့် မပုံရဇုန်တစ်ခု သတ်မှတ်ရန်အတွက် စည်းရုံးလှုံ့ဆော်ရန်။

၄။ ဆုံးဖြတ်ချက်ချသည့် အဆင့်များအားလုံးတွင် အနည်းဆုံးအမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်လာအောင် ဆောင်ရွက်ရန်။

၅။ မြန်မာနိုင်ငံအတွင်းမှ တိုင်းရင်းသားလူမျိုးစုများအပါအဝင် သက်ဆိုင်သူအားလုံး ပါဝင်နိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီ ထူထောင်ရန်။

၆။ နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိပြန်လည်လွတ်မြောက်ရေး ကူညီဆောင်ရွက်ရန်။

၇။ CEDAW ပါအခွင့်အရေးများချိုးဖောက်ခံရပြီး လိင်ပိုင်းနှင့် ကျား/မ ဖြစ်တည်မှုကိုအခြေခံသော အကြမ်းဖက် မှုများခံခဲ့ရသည့် အမျိုးသမီးများတွက် တရားမျှတမှုရရှိနိုင်ရန်အတွက် နိုင်ငံတကာလူ့အခွင့် အရေးစံနှုန်းများနှင့် ကိုက်ညီသည့် တရားစီရင်ရေးစနစ်သို့ ပြုပြင်ပြောင်းလဲရန်နှင့် တရားဥပဒေအား လေးစားလိုက်နာရန်။

# Acknowledgements

ဤအစီရင်ခံစာအား Unitarian Universalist Service Committee နှင့် US Campaign for Burma တို့၏ ကူညီထောက်ပံ့ မှုဖြင့် ရေးသားထုတ်ဝေသည်။

## CONTACT US:

**ကရင်နီလူ့အခွင့်အရေးအဖွဲ့** (KnHRG)

karenni.hrg@gmail.com

**ကယားပြည်နယ် ငြိမ်းချမ်းရေးလေ့လာ စောင့်ကြည့်ရေးအဖွဲ့ (KSPMN)**

kspnmkyh.peace@protonmail.com

**ကယန်းအမျိုးသမီး အစည်းအရုံး (KyWO)**

kayanwo2008@gmail.com

**ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO)**

knwobranch.org@gmail.com

**U.S. Campaign for Burma (USCB)**

info@uscampaignforburma.org

**Unitarian Universalist Service Committee (UUSC)**

info@uusc.org



# “အနာဂါတ်မှာ ဘယ်လိုရှင်သန်ရမလဲ”

## ကရင်နီပြည်နယ်မှ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ



ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG)၊ ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO) ကယန်းအမျိုးသမီးအစည်းအရုံး (KyWO) နှင့် ကယားပြည်နယ် ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ (KSPMN) တို့မှ ပူးပေါင်းရေးသားသည့် အစီရင်ခံစာ။